ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**မကောင်းမှုကို ရှောင်ကြဉ်**

အဖော်နည်းသော များသောဥစ္စာရှိသော ကုန်သည်ကြီးသည် ဘေးအန္တရာယ်များသော ခရီးကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း၊ အသက်ရှင်လိုသောသူသည် လတ်တလော သေစေတတ်သော အဆိပ်ကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း ပညာရှိသည် မကောင်းမှုကို ရှောင်ကြဉ်ရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၃)

၁၃၈၀ ပြည့်နှစ် တော်သလင်းလဆန်း ၈ ရက်၊ တနင်္လာနေ့။ Monday 17 September 2018 ၉၄၁၂

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကလောတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၆**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကလောတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့် ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လင်းအောင်၊ ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်တွင်းစည်းလုံးညီညွတ်မှုရှိသော နိုင်ငံများသည် နိုင်ငံကြီး၊ ငယ်မဟူ အင်အားတောင့်တင်းခိုင်မာသော နိုင်ငံများအဖြစ် ကမ္ဘာ၌ ရပ်တည်နိုင်ကြောင်း၊ "စည်းလုံးခြင်းသည်အင်အား" ဆိုသည့်အတိုင်း မိမိတို့နိုင်ငံ၏ တိုင်းရင်းသားပြည်သူလူထုအားလုံးစည်းလုံးညီညွတ်ရေးကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၅ သို့ ○



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကလောတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# ယခုနှစ် ကျောက်ဆည်ရိုးရာဆင်ပြိုင်ပွဲကို ပြင်ပပညာရှင်များဖြင့် အကဲဖြတ်အမှတ်ပေးဆုံးဖြတ်သွားမည်



ယမန်နှစ်က ကျောက်ဆည်ရိုးရာဆင်ပြိုင်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။

**မန္တလေး စက်တင်ဘာ ၁၆**

ယခုနှစ် ကျောက်ဆည်ရိုးရာဆင်ပြိုင်ပွဲကို ကျောက်ဆည်ခရိုင်အုပ်ချုပ်ရေးမှူးကဦးစီး၍ သက်ဆိုင်ရာ ပြင်ပပညာရှင်များဖြင့် အကဲဖြတ်အမှတ်ပေးအဆုံးအဖြတ်ပေးသွားမည်ဖြစ်ကြောင်း ကျောက်ဆည်ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးထွန်းမင်းဇော်က ပြောသည်။

**ဦးစီးကျင်းပ**

ယခင်နှစ်များက အဆိုပါဆင်ပြိုင်ပွဲကို ကျောက်ဆည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးက ဦးစီးကာ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာအဖွဲ့အစည်းများဖြင့် အကဲဖြတ်အမှတ်ပေးဆုံးဖြတ်ခဲ့ရာ ပြိုင်ပွဲတွင် အခက်အခဲများရှိလာခြင်းကြောင့် ယခုနှစ်တွင် ခရိုင်အဆင့်က ဦးစီးကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✪

**ယနေ့ သတင်းအညွှန်း**

ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ
စာမျက်နှာ - ၁၁

ဝင်ရိုးစွန်းရေခဲချပ်လွှာကြီးများ ပြောင်းလဲမှုလေ့လာရန် နာဆာက ဂြိုဟ်တုလွှတ်တင်
စာမျက်နှာ - ၁၂



# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း BIMSTEC Army Chiefs' Conclave အစည်းအဝေး တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၆**

အိန္ဒိယသမ္မတနိုင်ငံ၌ ရောက်ရှိနေသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် စက်တင်ဘာ ၁၅ ရက် ဒေသစံတော်ချိန်နံနက် ၁၀ နာရီတွင် ပူနေးမြို့ရှိ စစ်ဘက်အင်ဂျင်နီယာကောလိပ် (College of Military Engineering-CME)၌ ကျင်းပသည့် BIMSTEC Army Chiefs' Conclave ပထမအကြိမ် အစည်းအဝေးသို့ တက်ရောက်သည်။




အဆိုပါ အစည်းအဝေးကို အိန္ဒိယကြည်းတပ်မှ အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြစ်ကာ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အတူ BIMSTEC အဖွဲ့ဝင်နိုင်ငံများ၏ တပ်မတော်များမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များအဖြစ် ဘူတန်ဘုရင့်တပ်မတော်မှ Deputy Chief Operations Officer, Brigadier Dorji Rinchen၊ ထိုင်းဘုရင့်တပ်မတော်မှ Deputy Chief of Staff (Operations), Lieutenant General Choochart Buakhao၊ ဘင်္ဂလားဒေ့ရှ် ကြည်းတပ်ဦးစီးချုပ် Chief of Army Staff, General Aziz Ahmed၊ သီရိလင်္ကာ ကြည်းတပ်ဦးစီးချုပ် Commander of Sri Lanka Army, Lieutenant General NUMMW Senanayake နှင့် အိမ်ရှင်နိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံမှ ကြည်းတပ်ဦးစီးချုပ် Chief of Army Staff, General Bipin Rawat တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အိန္ဒိယကြည်းတပ် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး General Officer Commanding- in- Chief of Southern Command of Indian Army ဖြစ်သူ Lieutenant General Dewan Rabindranath Soni, PVSM, VSM က ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် အဖွင့်အမှာစကားပြောကြားခဲ့ပြီး တက်ရောက်လာကြသည့် BIMSTEC အဖွဲ့ဝင်နိုင်ငံများ၏ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက "Possibility of Creating Viable Regional Security Architecture to deal With Threats: Terrorism and Transnational Crime" ခေါင်းစဉ်ဖြင့် နိုင်ငံအက္ခရာစဉ်အလိုက် ပါဝင်ဆွေးနွေးခဲ့ကြပြီး အလုပ်သဘောနေ့လယ်စာကို သုံးဆောင်ခဲ့ကြသည်။

အစည်းအဝေးတွင် တန်ပြန်အကြမ်းဖက်မှုနှိမ်နင်းရေးနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများအား ကာကွယ်တားဆီးနိုင်ရန်အတွက် BIMSTEC အဖွဲ့ဝင်နိုင်ငံများ၏ တပ်မတော်များအကြား လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်ရေး၊ သတင်းအချက်အလက်နှင့် အတွေ့အကြုံများအား မျှဝေဖလှယ်ရေး၊ လုံခြုံမှုရှိပြီး အေးချမ်းသာယာသော ဒေသဖြစ်စေရေးတို့နှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးအပြီးတွင် အမေး၊ အဖြေအစီအစဉ်အား ဆက်လက်ပြုလုပ်ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

○ **တပ်မတော်မှ**

ဆက်လက်၍ တပ်မတော်တွင် သက်ဆိုင်ရာ တပ်ဌာနချုပ်များအလိုက် လုပ်ငန်းတာဝန်များနှင့် ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ တစ်ဦးတစ်ယောက်တည်း ဆောင်ရွက်၍မရဘဲ အားလုံးက မိမိတို့သက်ဆိုင်ရာတာဝန်အလိုက် ဝိုင်းဝန်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ထို့ကြောင့် မိမိတို့သက်ဆိုင်ရာ လုပ်ငန်းတာဝန်များကို နားလည်မှုရှိရန်လိုအပ်ပြီး ထုတ်ပြန်ထားသည့် တည်မြဲအမိန့်များကို လိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရခြင်းသည် တပ်မတော်၏ အဓိကအသက်သွေးကြောဖြစ်သည့် စစ်စည်းကမ်းကောင်းမွန်စေရန်ဖြစ်ကြောင်း၊ တစ်ဦးချင်းစည်းကမ်းကောင်းမွန်မှုမှ တပ်မတော်ကောင်း ဖြစ်လာမည်ဖြစ်ပြီး နိုင်ငံတော်က အားထားရသည့်၊ ပြည်သူများက အားကိုးရသည့် တပ်မတော်ဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

### ရှင်းလင်းပြောကြား

ထို့နောက် လက်ရှိထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရခြင်းနှင့် ပါတီစုံလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းရာ၌ ဒို့တာဝန်အရေးသုံးပါးကို မထိခိုက်ရန်၊ အစိုးရ၏ အုပ်ချုပ်မှုယန္တရားကို မထိခိုက်ရန်၊ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို မထိခိုက်ရန်နှင့် ပြည်သူများ၏အခွင့်အရေးများကို မထိခိုက်ရန်လိုကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများအား ပေးအပ်ရာ တပ်နယ်မှူးက လက်ခံရယူပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးက တပ်နယ်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများ ပေးအပ်ရာ တပ်နယ်မှူး၏ဇနီးက လက်ခံရယူသည်။

### လက်ခံရယူ

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ)ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်အေးတို့က တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများ၊ အားကစားပစ္စည်းများနှင့် သုတ၊ ရသ စာအုပ်စာစောင်များအား ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# အခြေခံလျှပ်စစ်သင်တန်းဆင်းလက်မှတ် ပေးအပ်

**ရန်ကုန် စက်တင်ဘာ ၁၆**

မြန်မာနိုင်ငံ စက်မှုလက်မှုအထက်တန်းကျောင်းသားဟောင်းများအသင်း Myanmar T.H.S Alumni (MTA) က ကြီးမှူးဖွင့်လှစ်ခဲ့သည့် အခြေခံလျှပ်စစ်သင်တန်း ၁/၂၀၁၈ သင်တန်းဆင်း လက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် M.3 Food Center ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံ စက်မှုလက်မှုအထက်တန်းကျောင်းသားဟောင်းများ အသင်း (MTA) ဥက္ကဋ္ဌ ဦးစိုးဟန်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးအောင်မြင့်၊ AGTI ဥက္ကဋ္ဌ ဦးငြိမ်းအောင်တို့က အမှတ်တရစကားများ ပြောကြားကြသည်။ ထို့နောက် သင်တန်းသား ၃၀ အား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

MTA အသင်းကို နိုင်ငံတော်အတွက် လိုအပ်ချက်ဖြစ်သော စက်မှုကျွမ်းကျင်လုပ်သား၊ ကျွမ်းကျင်ပညာရှင် တိုးပွားလာစေရန်အတွက် သင်တန်းများဖွင့်လှစ်၍ သက်မွေးပညာရပ်များ ဖြန့်ဖြူးရန်၊ ပညာရပ်ဆိုင်ရာများ တိုးတက်ဆည်းပူးနိုင်ရန်အတွက် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ ကျောင်းသားဟောင်းများ အသင်းဝင်အချင်းချင်း လူမှုရေးကူညီရိုင်းပင်းနိုင်မည့် နည်းလမ်းများရှာဖွေလုပ်ဆောင်ရန်၊ အသင်းကို ပါတီနိုင်ငံရေးကင်းရှင်းသော အဖွဲ့အဖြစ် ဖွဲ့စည်းရန်နှင့် နိုင်ငံတော်တွင် ဖြစ်ပေါ်သော ရေဘေး၊ မီးဘေး၊ ငလျင်ဘေးများဖြစ်ပေါ်ပါက အသင်းက ငွေအားဖြင့် ကူညီနိုင်ရန်တို့ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၆**

**စစ်တောင်းမြစ်**

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သံလွင်မြစ်**

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သဖြင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ကြပါရန် အကြံပြုထားသည်။

**မိုး/ဇလ**

# ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၆**

စက်တင်ဘာ ၁၆ ရက်တွင်ကျရောက်သော ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

### စတင်လျှော့ချခဲ့

ပြည်ထောင်စုဝန်ကြီးက ယနေ့ကမ္ဘာတွင် ရာသီဥတုပြောင်းလဲမှု၊ အိုဇုန်းလွှာပျက်စီးမှုနှင့် ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုဆိုင်ရာ အဓိကပြဿနာများ ကြုံတွေ့နေရကြောင်း၊ အိုဇုန်းလွှာသည် ဘေးအန္တရာယ်ရှိသော ရောင်ခြည်လှိုင်းများ ကမ္ဘာမြေပြင်ပေါ်ကို မကျရောက်အောင် စုပ်ယူပေးသည့် သဘာဝအကာအရံတစ်ခုဖြစ်သည့်အတွက် မရှိမဖြစ်လိုအပ်ပါကြောင်း၊ အိုဇုန်းလွှာထိန်းသိမ်းနိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များကို ကုလသမဂ္ဂမှ ဦးဆောင်ပြဋ္ဌာန်းခဲ့ကြောင်း၊ ၁၉၈၅ ခုနှစ် အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၊ ၁၉၈၇ ခုနှစ် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ မွန်ထရီယယ်နောက်ဆက်တွဲစာချုပ်နှင့် ပြင်ဆင်ချက်စာချုပ်များအဖြစ် လန်ဒန်ပြင်ဆင်ချက်၊ ကိုပင်ဟေဂင်ပြင်ဆင်ချက်၊ မွန်ထရီယယ်ပြင်ဆင်ချက်နှင့် ပေကျင်း ပြင်ဆင်ချက်များတွင် မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ဝင်အဖြစ် ပါဝင်၍ ကမ္ဘာ့နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မွန်ထရီယယ်နောက်ဆက်တွဲစာချုပ်ကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် ၁၉၇ နိုင်ငံလုံး ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ဆောင်ရွက်မှုရလဒ်အနေဖြင့် CFC သုံးစွဲမှုတန်ပေါင်း ၁ ဒသမ ၁ သန်းမှ စတင်လျှော့ချခဲ့ရာ ၂၀၁၀ ပြည့်နှစ်တွင် သုံးစွဲမှုအား လုံးဝရပ်ဆိုင်းနိုင်ခဲ့သောကြောင့် ၎င်းစာချုပ်ကို အအောင်မြင်ဆုံး ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာ သဘောတူညီချက်တစ်ခုအဖြစ် အသိအမှတ်ပြုသည့်အနေဖြင့် စာချုပ်ချုပ်ဆိုခဲ့သော စက်တင်ဘာလ ၁၆ ရက်ကို ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အဖြစ် ကုလသမဂ္ဂ အထွေထွေညီလာခံက သတ်မှတ်ခဲ့ပြီး နှစ်စဉ် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာအနှံ့ နိုင်ငံများတွင် အခမ်းအနားများ ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံတွင်လည်း ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် လှုပ်ရှားမှုများကို ၁၉၉၅ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပနိုင်ခဲ့ကြောင်း၊ ယခုနှစ် ကမ္ဘာ့ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ဆောင်ပုဒ်မှာ **“ကမ္ဘာ့အပူချိန် လျှော့ချဖို့ ဆက်လက်ဆောင်ရွက်စို့”** (Keep Cool and Carry On) ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် မွန်ထရီယယ် နောက်ဆက်တွဲစာချုပ်ကို နိုင်ငံအတွင်း အကောင်အထည်ဖော်နိုင်ရန်အတွက် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခြင်းအမိန့်ကို ၂၀၁၄ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၊ လုပ်ငန်းရှင်များနှင့် ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် (HCFC) သုံးစွဲမှုလျှော့ချရပ်ဆိုင်းနိုင်ရေးအတွက် ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် (HCFC) များ သုံးစွဲမှုလျှော့ချရပ်ဆိုင်းရေးလုပ်ငန်းစီမံကိန်း (HPMP) ကို UNEP နှင့် UNIDO တို့၏ အကူအညီနှင့်ရေးဆွဲခဲ့ပြီး နည်းဗျူဟာများ ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်များအတွက် ကမ္ဘာ့လေထုအတွင်း အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းများ ကင်းဝေးစေရန်နှင့် ရာသီဥတုပြောင်းလဲမှုလျှော့ချနိုင်ပြီး ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများတွင် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလုပ်ကိုင်နေသောလုပ်ငန်းရှင်များ၊ ပြည်သူများမှ **“ကမ္ဘာ့အပူချိန်လျှော့ချဖို့ ဆက်လက်ဆောင်ရွက်စို့”** (Keep Cool and Carry On) ဆောင်ပုဒ်နှင့်အညီ စိတ်အားထက်သန်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် အလေးအနက်ထားတိုက်တွန်းလိုကြောင်း ပြောကြားသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော် သတ္တုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များ၊ အမျိုးသားအဆင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီဝင်များ၊ UN-Habitat နှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### ပညာပေးပြသ

ဆက်လက်၍ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို ကုလသမဂ္ဂ အခြေချနေထိုင်ရေး အစီအစဉ် UN-Habitat မှ Country Programme Manager, Mr.BijayKarmacharya က ဖတ်ကြားပြီး ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် အမှုဆောင်ညွှန်ကြားရေးမှူး Mr. Erik Solheim ၏Video Message နှင့် အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ ပညာပေးဗီဒီယိုကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာသူများက မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပြီး ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ပြသထားသော ပညာပေးပြခန်းများအား လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူ ၇၀၀ ခန့်အား အိုဇုန်းလွှာကာကွယ်ခြင်းနှင့် ရာသီဥတုပြောင်းလဲမှု လျှော့ချထိန်းချုပ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောခြင်းများပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေပေးအပ်ပွဲနှင့် သဘာဝဘေးဒဏ်သင့် ဘုန်းတော်ကြီးကျောင်းများရှိ သံဃာတော်များအတွက် လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၁၆**

ရွှေမင်းဝံသာသနာ့ရိပ်သာများ၏ ဦးစီးပဓာန မဟာနာယက ဆရာတော်၏ သက်တော် ၇၁ နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေပေးအပ်ပွဲနှင့် သဘာဝဘေးဒဏ်သင့် ဘုန်းတော်ကြီးကျောင်းများရှိ သံဃာတော်များအတွက် လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ရွှေမင်းဝံသာသနာ့ရိပ်သာ၌ ကျင်းပသည်။

ရှေးဦးစွာ ရွှေမင်းဝံသာသနာ့ရိပ်သာများ၏ ဦးစီးပဓာန မဟာနာယက မဟာစည် သြဝါဒါစရိယဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ သောဘနထံမှ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့်ဇနီး၊ ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေကျပ် ၁၀၈ သိန်းနှင့် သဘာဝဘေးဒဏ်သင့်ဘုန်းတော်ကြီးကျောင်းများရှိ သံဃာတော်များအတွက် သင်္ကန်းအစုံ ၅၀၀၊ ထီး၊ ဖိနပ်၊ ယပ်အစုံ ၃၀၀ ကျော်တို့ကို ဆရာတော်ကိုယ်စား ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌက ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် အလှူရှင်များက ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများနှင့် သဘာဝဘေးဒဏ်သင့်ဘုန်းတော်ကြီးကျောင်းများရှိ သံဃာတော်များအတွက် သင်္ကန်းများကို ပေးအပ်လှူဒါန်းကြရာ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လှူဒါန်းမှုအစုစုအတွက် ကျေးဇူးတင်ဝမ်းမြောက်စကားလျှောက်ထားပြီး ရွှေမင်းဝံသာသနာ့ရိပ်သာများ၏ ဦးစီးပဓာန မဟာနာယကဆရာတော်ထံမှ ပရိသတ်က အနုမောဒနာတရားနာကြားကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ပြည်ထောင်စုဝန်ကြီးသည် နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီတော်တောင်ဘက်မုခ်အနီးရှိ ကယားပြည်နယ် အရပ်ဝမ္မာရုံ၌ ကျင်းပသည့် ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးပူဇော်ပွဲအခမ်းအနားသို့တက်ရောက်ပြီး ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ဆေးဝါးစက်ရုံခွဲ(ရွာသာကြီး) အသည်းရောင်အသားဝါ (ဘီ)ပိုးကာကွယ်ဆေးစက်ရုံအား ကြည့်ရှုစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၁၆**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မြန်မာ့ဆေးဝါးလုပ်ငန်း ဆေးဝါးစက်ရုံခွဲ(ရွာသာကြီး) အသည်းရောင်အသားဝါ(ဘီ)ပိုး ကာကွယ်ဆေးစက်ရုံသို့ ရောက်ရှိရာ စက်ရုံမှူးနှင့် တာဝန်ရှိသူများက အသည်းရောင်အသားဝါ (ဘီ)ပိုး ကာကွယ်ဆေးထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။



တင်ပြချက်နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ဆေးဝါးထုတ်လုပ်မှုကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) GMP Guide Line နှင့်အညီ တစ်သဝေမတိမ်း တိကျစွာ လိုက်နာဆောင်ရွက်ရေး၊ အသည်းရောင်အသားဝါ(ဘီ)ပိုး ကာကွယ်ဆေးထိုးနှံခြင်းကို နယ်လှည့်ကာကွယ်ဆေးထိုးရေး ယာဉ်များဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဝန်ဆောင်မှုပေးလိုက်လံထိုးနှံ နိုင်ရေး၊ ဆေးအာနိသင် တုံ့ပြန်မှုရှိရေးအတွက် ကာကွယ်ဆေးပြန်လည်ထိုးနှံရမည့် အချိန်ကို ကွန်ပျူတာ ထိန်းချုပ်စနစ်အား စနစ်တကျအသုံးပြု၍ ပြည်သူများသို့ အသိပေးနိုင်ရန်နှင့် ခွေးရူးပြန်ရောဂါ ကာကွယ်ဆေး၊ မေးခိုင်ရောဂါ ကာကွယ်ဆေး စသော ကာကွယ်ဆေးများ တိုးချဲ့ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အသည်းရောင်အသားဝါ (ဘီ)ပိုးကာကွယ်ဆေး ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆေးဝါးစက်ရုံခွဲ (ရွာသာကြီး)မှ အသည်းရောင်အသားဝါ (ဘီ)ပိုး ကာကွယ်ဆေးကို နှစ်စဉ်လျာထားချက်ထက် ပိုမိုထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး Mobile Team အဖွဲ့ဖြင့် မြို့ရွာများရှိ ဌာနဆိုင်ရာများ၊ စက်ရုံအလုပ်ရုံများ၊ အခြေခံပညာကျောင်းများ၊ ပုဂ္ဂလိကအသင်းအဖွဲ့အစည်းများသို့ လိုက်လံဝန်ဆောင်မှုပေး၍ ကာကွယ်ဆေးထိုးနှံပေးနေကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဖော့ကန်ရှိ အမှတ်(၃) အကြီးစား စက်မှုလုပ်ငန်းမှ JMA ကုမ္ပဏီနှင့်အကျိုးတူပူးပေါင်းလျက်ရှိသော လျှပ်စစ်စက်ဘီး တပ်ဆင်ထုတ်လုပ်သည့်အလုပ်ရုံသို့ ရောက်ရှိပြီး စက်ပစ္စည်းများ အမြန်မှာယူတပ်ဆင်နိုင်ရေး၊ အဖိုးနှုန်းချိုသာစွာဖြင့် အများပြည်သူအသုံးပြုနိုင်ရေး၊ ရေရှည်ထုတ်လုပ် ဖြန့်ဖြူးနိုင်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာ့သန့်ရှင်းရေးနေ့အထိမ်းအမှတ် ဘိုကလေးမြို့၌ စုပေါင်းအမှိုက်ကောက်သန့်ရှင်းမှု ပြုလုပ်

**ဘိုကလေး စက်တင်ဘာ ၁၆**

စက်တင်ဘာ ၁၅ ရက်တွင် ကျရောက်သည့် ကမ္ဘာ့သန့်ရှင်းရေးနေ့ အထိမ်းအမှတ်အဖြစ် ဘိုကလေးမြို့ရှိ YPDO လူငယ်များအဖွဲ့က ဦးဆောင်၍ စုပေါင်းအမှိုက်ကောက်လှုပ်ရှားမှု အစီအစဉ်တစ်ရပ်ကို စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက ဘိုကလေးမြို့၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

"ကျွန်မတို့အခု လှုပ်ရှားမှုက ဘိုကလေးမြို့ သန့်ရှင်းသာယာလှပစေရေး အတွက် ရည်ရွယ်ပါတယ်။ လူငယ်အင်အားကိုအဓိကထားပြီး နိုင်သမျှ စတင်ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ မြို့မှာက စနေနေ့တိုင်း ဘိုကလေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက စုပေါင်းအမှိုက်ကောက်တဲ့ လှုပ်ရှားမှုအစီအစဉ်လည်း ရှိပါတယ်။ ဒီလိုစိတ်ဝင်စားသူတွေ ပူးပေါင်းပြီး အမှိုက်ကောက်သန့်ရှင်းရေးပြုလုပ်ခြင်းလုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက်သွားဖို့ရှိပါတယ်" ဟု YPDO အဖွဲ့မှ မချိုချိုဝင်းက ပြောသည်။

ပထမအကြိမ် မြို့ပေါ်လှုပ်ရှားမှုအနေဖြင့် YPDO နှင့်အတူ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ ဌာနဆိုင်ရာများ၊ မြို့ပေါ်ရှိ ပရဟိတအဖွဲ့များ၊ ဒေသခံပြည်သူများပူးပေါင်း၍ ဘိုကလေးမြို့မ ဆွမ်းလောင်းဇမ္ဗာရုံ၊ ဇမ္ဗာရုံ အမက၊ အထက ၁ စသည့် နေရာပတ်ဝန်းကျင်၌ စုပေါင်းအမှိုက်ကောက် သန့်ရှင်းရေးပြုလုပ်ခဲ့ကြသည်။

YPDO သည် မြို့နယ် သန့်ရှင်းသာယာလှပရေးအတွက် စာသင်ကျောင်းများနှင့် ချိတ်ဆက်ကာ အမှိုက်ကောက်ပေးခြင်း၊ အမှိုက်ကို စနစ်တကျ စွန့်ပစ်ရေး အသိပညာပေးခြင်း စသည့်လုပ်ငန်းများကို စိတ်ပါဝင်စားသူများနှင့်အတူ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သူဇာနွယ် (ဖျာပုံ)**





(၅၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရထားရဲတပ်ဖွဲ့ အမှတ် ၂၀ တပ်ခွဲ တပ်စု ၂ ကြံခင်းမှ ရဲအုပ်တင်ဝင်း ဦးစီးသော တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၅ ရက်က ကြံခင်းမြို့ ရွာသစ်မြောက် အမကကျောင်းဝင်းအတွင်း ချုံနွယ်နှင့်ပေါင်းမြက်များ ရှင်းလင်းဆောင်ရွက်ကြစဉ်။ ၆၄၈

# ပန်းတနော်၌ ကမ္ဘာ့သန့်ရှင်းရေးနေ့အထိမ်းအမှတ် စုပေါင်းဆောင်ရွက်

**ပန်းတနော် စက်တင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့ပေါ် ရပ်ကွက်များ၌ စက်တင်ဘာ ၁၅ ရက်တွင် ကျရောက်သည့် ကမ္ဘာ့သန့်ရှင်းရေးနေ့တွင် စွန့်ပစ်အမှိုက်များသိမ်းပေးခြင်းနှင့် အသိပညာဖြန့်ဝေခြင်းလုပ်ငန်းများကို စုပေါင်းပြုလုပ်ကြောင်း သိရသည်။

ပန်းတနော်မြို့ ရပ်ကွက်များသို့လှည့်လည်၍ ယခုလိုစုပေါင်းဆောင်ရွက်ရခြင်းမှာ သန့်ရှင်းစင်ကြယ်သော မြို့တစ်မြို့ဖြစ်စေရေးရည်ရွယ်ပြီး စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းဖြစ်ကြောင်း ပူးပေါင်းလိုက်ပါဆောင်ရွက်သူတစ်ဦးက ပြောပြသည်။

**မောင်ချစ်ဦး(ပန်းတနော်)**

**မြို့တော်တစ်ခွင်သာယာဖို့ ဝန်းကျင်အနှံ့ သန့်ရှင်းစို့**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ပခုက္ကူ ဦးအုံးဖေ တည်ထောင်သော စာပေဆုချီးမြှင့်ပွဲအခမ်းအနား တက်ရောက်

**ရန်ကုန် စက်တင်ဘာ ၁၆**

၂၀၁၇ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု၊ ပခုက္ကူတစ်သက်တာ စာပေဆု၊ ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ဆုနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ စာပေဗိမာန်ခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက် အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဆုပေးပွဲ အခမ်းအနား၏ ခေါင်းစဉ်နှင့် အကြောင်းအရာများသည် ဆက်စပ်မှု ရှိနေပြီး ထူးခြားပြည့်စုံနေခြင်း၊ ယနေ့အထိ စဉ်ဆက်မပြတ် ဆုချီးမြှင့်နိုင်ခြင်းမှာ ကွယ်လွန်သူ ပခုက္ကူ ဦးအုံးဖေ၏ စိတ်ကူးစိတ်သန်းများနှင့် ၎င်းဆုများ ချီးမြှင့်ပေးနိုင်ရန် ဆက်ခံစီစဉ်သူများ၏ ကြိုးပမ်းအားထုတ်မှုကြောင့်ဟု မြင်ပါကြောင်း၊ စာပေထွန်းကားသည့် တိုင်းပြည်၊ နိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်လျက် ရှိနေကြပါကြောင်း၊ ယခုကဲ့သို့ စာပေဆုချီးမြှင့်ခြင်းသည် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အားပေးမြှင့်တင်ခြင်းလည်း ဖြစ်ပါကြောင်း၊ စာပေဖွံ့ဖြိုးတိုးတက်ရေးတွင် စာပေဖန်တီးသူများ၊ ထုတ်ဝေသူနှင့် ဖြန့်ချိသူများ၊ ဝေဖန်သုံးသပ်သူများ စသည်တို့အပြင် ဆုချီးမြှင့်သူများလည်း ပါဝင်နေပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ ပခုက္ကူစာပေဆုရန်ပုံငွေ ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဝင်း(မနုဿကျော်ဝင်း)က ပခုက္ကူဦးအုံးဖေစာပေဆု ချီးမြှင့်ရခြင်းနှင့်စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ထို့နောက် ၂၀၁၇ ခုနှစ်အတွက် ပခုက္ကူ ဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုများကို ပေးအပ်ချီးမြှင့်ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပခုက္ကူတစ်သက်တာစာပေဆုရ ဒေါက်တာသန်းဦး(ပြည်စိုးမင်း)၊ ကဗျာပေါင်းချုပ် ဒုတိယဆုရ ဇာနည်ကိုယ်စား နွေဦးကျော်၊ ကဗျာပေါင်းချုပ် တတိယဆုရ ဇေယျာဘုန်းမြင့်တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ ပခုက္ကူဦးအုံးဖေ စာပေဆုရန်ပုံငွေ ကြီးကြပ်ရေးကော်မတီနှင့် ပခုက္ကူ ဦးအုံးဖေ စာကြည့်တိုက်ကော်မတီတို့မှ တာဝန်ရှိသူများက ပခုက္ကူ စာပေဆုများဖြစ်သည့် ကဗျာပေါင်းချုပ်၊ ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကျမ်းစာပေ၊ သုတေသနစာပေဆုနှင့် စာကြည့်တိုက်စာအုပ်ဆုများကို ပေးအပ်ချီးမြှင့်ပြီး ပခုက္ကူဦးအုံးဖေ ပညာသင်ဆုနှင့် ပညာရည်ချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကွယ်လွန်သူစာပေဆုအလှူရှင် ဦးအုံးဖေကိုယ်စား ပခုက္ကူ ဦးအုံးဖေ စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဦးတင့်ဆွေက ပခုက္ကူဦးအုံးဖေ စာပေဆုဖြစ်ပေါ်လာပုံ သမိုင်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ၂၀၁၇ ခုနှစ်အတွက် ပခုက္ကူ တစ်သက်တာစာပေဆုရ ဒေါက်တာသန်းဦး(ပြည်စိုးမင်း)က ဆုရရှိသူများကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ၂၀၁၇ ခုနှစ်အတွက် ပခုက္ကူ စာပေဆုရရှိသူများ၊ ပညာသင်ဆုရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

မြန်မာနိုင်ငံအတွင်းရှိ စာဖတ်ပရိသတ်ပြည်သူများအတွက် အကျိုးပြုစာပေများ ရှင်သန်ထွန်းကားရေးနှင့် မြန်မာစာပေဖွံ့ဖြိုးရေး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရန် ရည်ရွယ်လျက် ပခုက္ကူဦးအုံးဖေ စာပေဆုများကို ၁၉၉၄ ခုနှစ်မှ စတင်ပေးအပ်ချီးမြှင့်ခဲ့ရာ ယခု ၂၀၁၇ ခုနှစ်အတွက်ဆိုလျှင် ၂၅ ကြိမ်မြောက်ရှိပြီ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ၂၀၁၇ ခုနှစ်အတွက် ပခုက္ကူစာပေဆု ဆုရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# မောင်တောဒေသ၌ လူမှုရေးပင်စင်ပေးအပ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**မောင်တော စက်တင်ဘာ ၁၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက အသက် ၈၅ နှစ်အထက် ဘိုးဘွားများအား လူမှုရေးပင်စင် (သို့) ဘိုးဘွားပင်စင်ကို ယခုနှစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ရာ အဆိုပါလူမှုရေးပင်စင်ပေးအပ်ရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် မောင်တောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲတွင် လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ မောင်တောမြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်၊ ကျေးရွာစာရေးများနှင့် သက်ဆိုင်ရာဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။ သက်ဆိုင်ရာဝန်ထမ်းများ အနေဖြင့် ပူးပေါင်းလုပ်ဆောင်ပေးနိုင်ရန် လူမှုရေးပင်စင် ပေးအပ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း ရခိုင်ပြည်နယ် လူမှုဝန်ထမ်းရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူနိုင်က ရှင်းလင်းဆွေးနွေးပွဲ၌ ထည့်သွင်းပြောကြားခဲ့သည်။

လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ရှိပေးအပ်နေသော လူမှုရေးပင်စင်(သို့) ဘိုးဘွားပင်စင်ကို ယခင်က အသက် (၉၀) နှစ်အထက် ဘိုးဘွားများအား ထောက်ပံ့ပေးခဲ့ရာမှ ယခုနှစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း အသက် (၈၅)နှစ်အထက် ဘိုးဘွားများအား ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် သန်းခေါင်စာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသည့် ဘိုးဘွားများအတွက် ၎င်းကျေးရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖနှစ်ဦးတို့က ထောက်ခံချက်ပေးမှသာ လူမှုရေးပင်စင် (သို့) ဘိုးဘွားပင်စင်ကို အကျိုးခံစားခွင့်ရရှိမည်ဖြစ်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနမှ မောင်တောမြို့နယ်တာဝန်ခံ ဦးကျော်အောင်စိန်က ပြောသည်။

လူမှုရေးပင်စင်(သို့)ဘိုးဘွားပင်စင်သည် လူမှုဝန်ထမ်းဦးစီးဌာနက ဦးဆောင်၍ အမျိုးသားအဆင့် မဟာဗျူဟာချမှတ်ကာ မြန်မာတစ်နိုင်ငံလုံး လူမှုကာကွယ်စောင့်ရှောက်ရေးစီမံချက် လုပ်ငန်းစဉ်ရှစ်ရပ်ရေးဆွဲပြီး လူမှုရေးပင်စင်ကို ထည့်သွင်း ထောက်ပံ့ပေးအပ်နေကြောင်း သိရသည်။

**အေးမင်းသူ(ကြေးမုံ)**
**ဟိန်းထက်ဇော်(မြန်မာ့အလင်း)**



# တိုင်းပြည်အတွက်အားထားရမည့် လူငယ်များပေါ်ပေါက်စေရန် ကင်းထောက်အခြေခံသင်တန်းများ ဖွင့်လှစ်

**ရန်ကုန် စက်တင်ဘာ ၁၆**

တိုင်းပြည်အတွက် အားထားရပြီး သူတစ်ပါးအား အချိန်မရွေး ကူညီနိုင်မည့် အကျင့်စာရိတ္တကောင်းမွန်ကာ မိမိကိုယ်ကို အားကိုးယုံကြည်နိုင်သည့် လူငယ်များ ပေါ်ပေါက်စေရန် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်မှ တက္ကသိုလ်၊ ကောလိပ်များနှင့် အခြေခံပညာကျောင်းများတွင် ကင်းထောက်အခြေခံသင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိရာ မြန်မာနိုင်ငံတွင် ဖွင့်လှစ်ခွင့်ပြုထားသော ကိုယ်ပိုင်ကျောင်းများတွင်လည်း အလားတူ သင်တန်းများ ပို့ချရေးအစီအစဉ်အရ သဃ်န်းကျွန်းမြို့နယ်ရှိ TOTAL Brainworks International School တွင် ကင်းထောက်အခြေခံသင်တန်းကို စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက ဖွင့်လှစ်ရာ မြန်မာနိုင်ငံ ကင်းထောက်ချုပ် ဒေါက်တာတင်ညို၊ TOTAL Brainworks International School ကျောင်းအုပ်ကြီး Mr. Mohan Aiyer တို့ တက်ရောက်အမှာစကားပြောကြားကြသည်။

သင်တန်းတွင် ဒုတိယကင်းထောက်ချုပ် ဦးသာစိန်၊ အစီအစဉ်ကင်းထောက်မှူးချုပ် ဦးအေးကြိုင်၊ လူငယ်ကင်းထောက်မှူးချုပ် ဦးမြင့်ဆွေ၊ ကင်းထောက်ကြီးများနှင့် တက္ကသိုလ်ကင်းထောက်များက ကင်းထောက်သမိုင်း၊ ကင်းထောက်ကတိ၊ ကျင့်ဝတ်၊ ကမ္ဘာ့ကင်းထောက်အဖွဲ့နှင့် မြန်မာ့ကင်းထောက်အဖွဲ့ လှုပ်ရှားမှုများ၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးလှုပ်ရှားမှုများ၊ တီထွင်ဆန်းသစ်သည့်ကစားနည်းများ၊ စုပေါင်းတေးသီချင်းနှင့် "ငြိမ်းချမ်းရေးသံတမန်" တေးသီချင်းများကို သီဆိုကပြမှုများ၊ ရှေးဦးသူနာပြုစုနည်းများ၊ တောတွင်းစခန်းချပညာရပ်များ၊ သရုပ်ပြမီးပုံပွဲများကို လေ့ကျင့်သင်ကြားပို့ချမည်ဖြစ်ရာ သင်တန်းသို့ ဆရာ ဆရာမ ၃၀ နှင့် ကျောင်းသား ကျောင်းသူ ၉၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ စက်တင်ဘာ ၁၄ ရက်မှ ၁၇ ရက်အထိဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြင်ဦးလွင်၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အခမ်းအနား ကျင်းပ

**ပြင်ဦးလွင် စက်တင်ဘာ ၁၆**

၂၀၁၈ ခုနှစ် "ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့" အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး ၅ ရှိ မြို့တော်ခန်းမ၌ ကျင်းပရာ ပြင်ဦးလွင်ခရိုင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှမျိုးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ၂၀၁၈ ခုနှစ် "ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့" အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိခဲ့သော ကျောင်းသားကျောင်းသူများအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ခင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှမျိုး၊ မြေတိုင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဌေးတို့က ဆုများချီးမြှင့်ပေးအပ်ခဲ့ကြပြီး ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးဆိုင်ရာ ပညာပေးဗီဒီယိုကို ပြသသည်။ **၆၁၃**

# မြန်မာ့ပင်လယ်ပြင်

**နေပြည်တော် စက်တင်ဘာ ၁၆**

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ပဲခူးမြစ်ရိုးတစ်လျှောက် စည်းကမ်းမဲ့ပိုက်ချ၊ ငါးဖမ်းနေကြသူများအား အရေးယူဆောင်ရွက်မည်

**ရန်ကုန်　စက်တင်ဘာ　၁၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပဲခူးမြစ်ရိုးတစ်လျှောက်၌ စည်းကမ်းမဲ့ပိုက်ချ၊ ငါးဖမ်းနေသူများကြောင့် မြစ်အတွင်း ဖြတ်သန်းခုတ်မောင်းနေကြသော ရေယာဉ်ကြီး၊ ငယ်များ သွားလာရေးအတွက် အခက်အခဲများကြုံတွေ့နေရမှုအပေါ် ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရန်အတွက် ယခုနှစ်အတွင်း အဖွဲ့ဖွဲ့စည်းကာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ကျော်မှူးက ပြောသည်။

"ပဲခူးမြစ်ကြောင်းတစ်လျှောက်မှာ ငါးဖမ်းသမားတွေနဲ့ ကျားပိုက်ထောင်တဲ့သူတွေက အုပ်စုဖွဲ့ပြီးဗိုလ်ကျစိုးမိုးချင်ကြတဲ့အခါကျတော့ အချို့သင်္ဘောသမားတွေနဲ့စက်လှေသမားတွေက မသွားရဲကြဘူးဖြစ်နေပါတယ်။ သင်္ဘောတွေဖြတ်သန်းမောင်းနှင်ကြပြီဆိုရင်လည်း ပိုက်နဲ့ငြိပြီဆိုတာနဲ့ ပိုက်ပါသွားပြီဆိုပြီး အုပ်စုလိုက်ပြဿနာရှာတတ်ကြပါတယ်၊ ပြီးရင် လျော်ကြေးတောင်းကြတယ်လေ။ ဒီလိုအုပ်စုလိုက်ဝိုင်းလာတဲ့အခါကျတော့ သင်္ဘောသမားတွေနဲ့ စက်လှေသမားတွေက မဖြစ်ဖြစ်တဲ့နည်းနဲ့လျော်ကြေးပေးနေရတဲ့အခြေအနေတွေဖြစ်နေကြရပါတယ်၊ ခုဆိုဒီလိုဖြစ်စဉ်တွေများလာတော့ ကုန်စည်သယ်ယူပို့ဆောင်စရာရှိလာရင်တောင်မှ ပို့ဆောင်ခိုင်းတဲ့ ကုန်သည်တွေဟာဆိုရင် ပဲခူးမြစ်ကြောင်းရေလမ်းကို ရှေ့ကနေတာဝန်ခံပြီး ရေကြောင်းပြအနေနဲ့ ပို့ပေးမှသာ စက်လှေတွေ၊ သင်္ဘောတွေက သွားရဲကြတော့တဲ့အခြေအနေတွေဖြစ်နေပါတယ်" ဟု ညွှန်ကြားရေးမှူး ဦးအောင်ကျော်မှူးက ပြောသည်။

အဆိုပါ ပဲခူးမြစ်အတွင်းငါးဖမ်းလုပ်ကိုင်နေကြသူများကို ရေကြောင်းပို့ဆောင်ရေးဧရိယာအတွင်း ငါးဖမ်းခြင်း မပြုလုပ်ရန်ပြဋ္ဌာန်းထားသော်လည်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ သွားရောက်၍ ငါးဖမ်းဧရိယာအတွင်းသာ ငါးဖမ်းကြရန်နှင့် ရေလမ်းကြောင်းဧရိယာများတွင် ငါးမဖမ်းရန် သတိပေးပြောကြားရာ ယင်းအချိန်ခဏတာအတွင်းသာ ငါးဖမ်းလှေများကို ဖယ်ရှားပေးပြီး မကြာမီတွင် ပြန်လည်ရောက်ရှိလာကြကာ ပုံမှန်အတိုင်း ငါးဖမ်းခြင်းများကို လုပ်ကိုင်နေကြကြောင်း သိရသည်။ ထိုကိစ္စရပ်များဖြစ်ပေါ်နေမှုကို ရန်ကုန်တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တင်ပြပြီး ငါးလုပ်ငန်းဦးစီးဌာနနှင့်သက်ဆိုင်ရာအထွေထွေအုပ်ချုပ်ရေးအဖွဲ့များနှင့်ပူးပေါင်းကာ အဖွဲ့ဖွဲ့စည်း၍ ထိရောက်သော အရေးယူဆောင်ရွက်မှုများကို ယခုနှစ်အတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



ပဲခူးမြစ်ရိုးတစ်လျှောက်ရှိရေလမ်းကြောင်းအား ပိတ်ဆို့ငါးဖမ်းပိုက်ထောင်ထားသည်ကို တွေ့ရစဉ်။

"ပဲခူးမြစ်ဘေးဘယ်ဘက်မှာဆိုရင် အရှေ့ဒဂုံနဲ့ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ညာဘက်ခြမ်းဆိုရင် ခရမ်းမြို့နယ်နဲ့ သုံးခွမြို့နယ်စတဲ့ ဒေသတွေမှ ဒေသခံတွေဟာဆိုရင် ဒီလိုအတားအဆီးအခက်အခဲများရှိနေတာမို့ ရေလမ်းနဲ့သာမန်ကုန်ကျစရိတ်မျိုးသယ်ယူပို့ဆောင်လို့မရတော့ဘဲ ကားနဲ့ ကုန်းလမ်းကနေတစ်ဆင့် သယ်ယူနေရတာကြောင့် ရေလမ်းကုန်ကျစရိတ်ထက် အများကြီးပေးနေရတာတွေရှိနေပါတယ်။ ပြီးတော့ သယ်ယူပို့ဆောင်ခစရိတ်ဈေးနှုန်းတွေလည်း အဆမတန်မြင့်မားနေပြီး အခုဆိုရင် သင်္ဘောတိုင်းက မလိုက်ကြတော့တဲ့အနေအထား ဖြစ်နေပါတယ်။

"ပဲခူးမြစ်ကြောင်းတစ်လျှောက်မှာ သယ်ယူပို့ဆောင်ရေးလုပ်ဆောင်၍ရပေမယ့် ငါးဖမ်းနေကြတဲ့ တံငါလှေတွေ၊ ကျားပိုက်တွေနဲ့ အခြားငါးဖမ်းနည်းမျိုးစုံတို့ရဲ့ မြစ်ကြောင်းကို စည်းကမ်းမဲ့စွာ ပိတ်ဆို့ငါးဖမ်းဆီးမှုတွေကြောင့် ဘယ်သင်္ဘောစက်လှေကမှ မသွားရဲကြတော့တာပါ။ သွားတဲ့စက်လှေတွေဆိုရင်လည်း ပုံမှန်နှုန်းထားထက် ဈေးနှုန်းမြင့်တက်ယူနေရတာတွေဖြစ်နေပါတယ်။ ငါးဖမ်းတဲ့သူတွေဟာ နေရာတစ်နေရာမှာ ၂၅ ဦး သို့မဟုတ် ၃၀နဲ့ အုပ်စုလိုက်ရှိနေတတ်ကြပြီး သုံးနေရာ(သို့)လေးနေရာစုပေါင်းလိုက်ရင်တော့ မြစ်ကြောင်းတစ်လျှောက်မှာ ရာဂဏန်းနီးပါးရှိနေကြပါတယ်။ ဒါကို ဌာနတွေအနေနဲ့သွားပြီး အသိပညာပေးပြောဆိုရှင်းပြပေးပြီး စည်းရုံးရေးသဘောနဲ့သွားပြီး ပြောတဲ့အဆင့်ပဲရှိနေပါတယ်။ ဒါကို သက်ဆိုင်ရာအစိုးရအနေနဲ့ အစီအစဉ်တစ်ရပ်ချမှတ်ပြီးလုပ်မှရတော့မှာပါ။ အုပ်စုလိုက် လူရာဂဏန်းရှိနေတာကိုဖယ်ဖို့က မလွယ်ဘူးဖြစ်နေပါတယ်။ ထိထိရောက်ရောက်အရေးယူဆောင်ရွက်မှုပဲ ဒီကိစ္စကအဆင်ပြေမယ့် သဘောဖြစ်နေပါတယ်" ဟု ညွှန်ကြားရေးမှူး ဦးအောင်ကျော်မှူးက ဆက်လက်ရှင်းပြသည်။

ပဲခူးမြစ်ရိုးတစ်လျှောက်၌ ပြီးခဲ့သည့်သုံးနှစ်ကျော်ကာလခန့်က ရေယာဉ်ကြီး၊ ငယ်များ ဖြတ်သန်းသွားလာကြပြီး အဆိုပါမြစ်ရိုးမှာ ကုန်စည်စီးဆင်းမှုဖြစ်သောတွဲသင်္ဘောကြီးများ၏ ဆောက်လုပ်ရေးလုပ်ငန်းသုံး ကျောက်စရစ်များ၊ ကျောက်ကြီးများ၊ လောင်စာဆီများနှင့် အခြားကုန်စည်များကို ကုန်လမ်းထက်သက်သာသော သယ်ယူပို့ဆောင်ခစရိတ်ဖြင့် ဖြတ်သန်းသွားလာနိုင်သော မြစ်ရိုးတစ်ခုဖြစ်ခဲ့ကြောင်းလည်း သိရသည်။ ထိုအချိန်က ကုန်စည်များ၏ သယ်ယူခနှုန်းထားစရိတ်သက်သာခဲ့သော်လည်း ယခုအခါတွင် ပဲခူးမြစ်ရိုးမှတစ်ဆင့် ရေလမ်းကို အသုံးမပြုနိုင်တော့သောကြောင့် ကုန်လမ်းမှတစ်ဆင့် သယ်ယူပို့ဆောင်နေကြရသဖြင့် သယ်ယူပို့ဆောင်ခနှုန်းထားစရိတ်သည် ပုံမှန်နှုန်းထားထက် ပိုမိုများပြားလာသည့်အပြင် ဈေးကွက်အတွင်းရှိကုန်စည်များ၏ဈေးနှုန်းသည်လည်းယခင်ထက်ပိုမိုဈေးနှုန်းမြင့်တက်လာခဲ့ကြောင်း သိရသည်။

ယခုအခါတွင် ပဲခူးမြစ်သည် ရေကြောင်းသွားလာရေးအတွက် အသုံးပြုရန်အခွင့်အရေးရှိနေသော်လည်း ရေကြောင်းအန္တရာယ်အမျိုးမျိုးကြောင့် မည်သည့်စက်လှေ၊ တွဲသင်္ဘောနှင့် ရေယာဉ်ကြီး/ငယ်များ အသုံးမပြုကြတော့ဘဲ ရှိသည်မှာ သုံးနှစ်ခန့်ရှိလာခဲ့ပြီဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် ထိစပ်နေသော ပဲခူးမြစ်ရိုးတစ်လျှောက်တွင် ငါးဖမ်းစက်လှေများ၊ သဲလှေများ၊ ကျားပိုက်ဖမ်းသူများ၊ ငါးဖမ်း လှေကြီး၊ လှေငယ်များသာ ရှိနေတော့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ သိရသည်။

**ပွင့်သစ္စာ**

## ရေတိုက်စားမှုအများဆုံးခံရသော ရွှေသပြေကျေးရွာအား ဆည်မြောင်းဦးစီးဌာနမှ စက်ယန္တရားများဖြင့် ပြန်လည်ဆောင်ရွက်ပေး

**ရေတာရှည်　စက်တင်ဘာ　၁၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမင်းလမ်းကျေးရွာအုပ်စု ရန်ကုန်-မန္တလေးကားလမ်းဘေးရှိ ရွှေသပြေကျေးရွာသည် ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက ဆွာချောင်းရေကြီးရေလျှံမှုဖြစ်စဉ်တွင် နေအိမ်ပေါင်း ၂၀ ကျော် ရေနောက်မျောပါ၍ နေအိမ်များစွာပျက်စီးဆုံးရှုံးမှုဖြစ်ပွားခဲ့ပြီး ဒေသခံများ၏ လတ်တလောနေမှုထိုင်မှုအဆင်ပြေချောမွေ့စေရန် တောင်ငူခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်သည့် တာဝန်ရှိသူများက ပြန်လည်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ရွာက ဆွာချောင်းတံတားရဲ့ လမ်းပိုင်းကမြင့်တော့ ဆီဆုံကုန်းရွာဘက်ကနေ ကားလမ်းတစ်လျှောက် ဒီဘက်ကိုရေဦးထိုးလာတော့ အထိနာတာပေ့ါ။ ကုန်တင်ကားတောင် မျောပါသွားတာ ကားလမ်း အရှေ့ဘက်ခြမ်းဆို မြေကျင်းတွေအနက်ကြီးတွေဖြစ်ကုန်တယ်။ အိမ်ပြန်ဆောက်ဖို့လည်း မလွယ်တော့ဘူး။ ခုတော့ ဆည်မြောင်းဦးစီးဌာနက ဘက်ဟိုးတွေနဲ့လာလုပ်ပေးနေလို့ အဆင်ပြေပါတယ်။ သွားလာရတာလည်း ကောင်းသွားတယ်"ဟု ရွှေသပြေကျေးရွာ ဒေသခံတစ်ဦးကပြောသည်။ ရေတိုက်စားသွားသည့်မြေကျင်းကြီးများ၊ လူနေအိမ်ဝိုင်းနေရာများအား သဲများချခြင်းကို ဘက်ဟိုးယာဉ်ဖြင့် ဆောင်ရွက်နေသကဲ့သို့ စက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက်များဖြင့် မြေညှိခြင်းလုပ်ငန်းများဆောင်ရွက်ပေးနေခြင်း ဖြစ်သည်။

**ကိုလွင်(ဆွာ)**

## ဘိုကလေးမြို့နယ် ကွင်းကြီးစားကျက်မြေကင်းလွတ်ခွင့်ရရေး သတင်းစာရှင်းလင်းပွဲ ကွန်ဒိုင်းကျေးရွာ၌ ကျင်းပ

**ဘိုကလေး　စက်တင်ဘာ　၁၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ကွင်းကြီးကျေးရွာအုပ်စု စားကျက်မြေကင်းလွတ်ခွင့်ရရေး သတင်းစာရှင်းလင်းပွဲကို ယနေ့ နံနက် ၁၁ နာရီက ကွန်ဒိုင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း ကျင်းပသည်။

ယင်းသတင်းစာရှင်းလင်းပွဲသို့ ကွန်ဒိုင်း၊ ငါးအိမ်တန်း၊ အထပ်ကြီးနှင့် ဆန်းသစ်ဦးကျေးရွာများမှ စားကျက်မြေ ဧက ၁၀၀၀ ကျော်တွင် လယ်ယာလုပ်ကိုင်လျက်ရှိသော ကျေးရွာအလိုက်တောင်သူလယ်သမား ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် ကွင်းကြီးကျေးရွာအုပ်စု စားကျက်မြေ၏ နောက်ခံသမိုင်းကြောင်းကို ကွန်ဒိုင်းကျေးရွာ လယ်သမားကိုယ်စားလှယ် ဒေါ်ဇာဇာမိုးကလည်းကောင်း၊ ကွင်းကြီးစားကျက်မြေကင်းလွတ်ခွင့်ရရေးကို ငါးအိမ်တန်းကျေးရွာ လယ်သမားကိုယ်စားလှယ် ဦးဇော်ဝင်းကလည်းကောင်း၊ စားကျက်မြေတွင် အထွက်နှုန်းတိုးတက်မြင့်မားရေးကို အထပ်ကြီးကျေးရွာ လယ်သမားကိုယ်စားလှယ် ဦးသိန်းထိုက်အောင်က လည်းကောင်း၊ စားကျက်မြေကင်းလွတ်ခွင့်ရရေးအကြံပြုခြင်းကို ကျေးရွာလေးရွာတောင်သူများ ကိုယ်စား ဦးဖိုးဆိတ်နှင့် ဦးဇော်လင်းအောင်တို့ကလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ဘိုကလေးမြို့နယ် ကွင်းကြီးကျေးရွာအုပ်စု စားကျက်မြေမှာ နှစ်ပေါင်း ၄၀ ကျော်ကပင် တောင်သူများက ကျူတော၊ ကိုင်းတောကြီးများကို ခုတ်ထွင်ရှင်းလင်းပြီး လယ်ယာမြေဖော်ထုတ်ခဲ့ကြကြောင်း၊ ယခုအခါ စက်မှုလယ်ယာသို့ အသွင်ကူးပြောင်းခဲ့ပြီဖြစ်၍ ကျေးရွာများတွင် ကျွဲ၊ နွားများ မရှိတော့ကြောင်း၊ စားကျက်မြေမှာ အမည်ခံသာရှိတော့သဖြင့် ကွင်းကြီးကျေးရွာအုပ်စု စားကျက်မြေဧက ၁၀၀၀ ကျော်အား ကင်းလွတ်ခွင့်ပြုပါရန် တောင်သူလယ်သမားကိုယ်စားလှယ်များက တင်ပြခဲ့ကြသည်။

**မော်ကျွန်း-မြင့်အောင်**

## ဘော်လခဲတွင် နှမ်းသီးနှံဖွံ့ဖြိုးရေးအတွက် ဈေးကွက်ဖော်ဆောင်မှုဆိုင်ရာ ဆွေးနွေး

**ဘော်လခဲ စက်တင်ဘာ ၁၆**

ကယားပြည်နယ် ဘောလခဲမြို့တွင် GAPစနစ်ဖြင့် နှမ်းသီးနှံ ဖွံ့ဖြိုးရေးအတွက် ဈေးကွက်ဖော်ဆောင်မှုဆိုင်ရာဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့ နံနက် ၉ နာရီက စောလဖော်ခန်းမ၌ ဆက်လက်ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘော့စကိုက အဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမျိုးခန့်က နှမ်း GAPစနစ်နှင့်ပတ်သက်၍ အရည်အသွေးကောင်းမွန်ရေးလုပ်ဆောင်ချက်များကိုလည်းကောင်း၊ စီမံကိန်းမန်နေဂျာ ဦးစည်သူထွန်းက ဈေးကွက်ဝင်သီးနှံများ အရည်အသွေးပြည့်ဝစေရေးကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး တောင်သူဖွံ့ဖြိုးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဟန်ညွှန့်က ဌာနဆိုင်ရာ၊ တောင်သူ၊ ကုန်သည်တို့ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ပြီး ဈေးကွက်ဖော်ဆောင်ရေးကိုလည်းကောင်း၊ မကွေးမြို့ မြင့်မြတ်တော်ဝင်ကုမ္ပဏီမှ ဒေါ်ဥမ္မာခင်က GAPစနစ်ဖြင့် စိုက်ပျိုးထားသော သီးနှံများ စနစ်တကျ သိုလှောင်ရေးနှင့် KBZ ဘဏ်နှင့်ချိတ်ဆက်ထားမှု အခြေအနေကိုလည်းကောင်း၊ ဘော်လခဲမြို့မှ နှမ်းကုန်သည် ဒေါ်မိမိမော်က တောင်သူများအနေဖြင့် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် တောင်သူများ၏ ထွက်ကုန်များကို အရည်အသွေးကောင်းမွန်အောင် ဆောင်ရွက်သင့်ကြောင်းကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်ပြီး ဘော်လခဲ၊ ဖားဆောင်း၊ မယ်စဲ့၊ ရွာသစ်၊ ရှားတော မြို့နယ်တို့မှ နှမ်းစိုက်တောင်သူများ၊ မကွေးတိုင်းဒေသကြီးနှင့်ကယားပြည်နယ်တို့မှ နှမ်းကုန်သည်များ၊ NAGအဖွဲ့နှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ နှမ်းစိုက်ပျိုး ထုတ်လုပ်ထားမှုနှင့် ရောင်းဝယ်မှုဆိုင်ရာများကို အပြန်အလှန် ဆွေးနွေးမှုများ ပြုလုပ်ကြသည်။

ထို့နောက် ကယားပြည်နယ်အစိုးရအဖွဲ့မှ သံလွင်မြစ်ရေမြင့်တက်မှုကြောင့် ပျက်စီးခဲ့သည့် သီးနှံများအတွက် ထောက်ပံ့ပေးအပ်ရာ ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘော့စကိုက ဖားဆောင်းမြို့နယ် ကျေးရွာ သုံးရွာမှ တောင်သူ ၂၄ ဦးအတွက် ပံ့ပိုးပစ္စည်း ကွန်ပေါင်းမြေဩဇာ တစ်ဧက တစ်အိတ်နှုန်းကို တောင်သူများ၏ လက်ဝယ်သို့ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# ယနေ့လူငယ်နှင့် ပြည်သူ့နီတိအသိပညာ

ဒေါက်တာအောင်အောင်မင်း
ပါမောက္ခချုပ်(ငြိမ်း)

**ပြည်သူ့နီတိသည် "ပြည်သူများလိုက်နာဆောင်ရွက်ရန်ကျင့်ဝတ်"**

"Civics is the rights and duties/responsibility of Citizens"လို့ မြန်မာနှင့် အင်္ဂလိပ်အဘိဓာန်များမှာ အဓိပ္ပာယ်ဖွင့်ဆိုပါတယ်။ လွတ်လပ်ရေးမရမီ ဗြိတိသျှအုပ်ချုပ်ရေးကာလတုန်းက မြန်မာအစိုးရကျောင်းတွေမှာ ပြည်သူ့နီတိဘာသာရပ် သင်ကြားပေးခြင်းမရှိပေမယ့် အမျိုးသားကျောင်းတွေ တည်ထောင်ဖွင့်လှစ်လာတဲ့အခါ အမျိုးသားပညာရေးကောင်စီက သတ္တမတန်းမှစပြီး ပြည်သူ့နီတိသင်ကြားရန် ပြဋ္ဌာန်းပေးခဲ့ဖူးပါတယ်။ လွတ်လပ်ရေးရပြီးနောက် ပါလီမန်ဒီမိုကရေစီ အစိုးရလက်ထက်မှာ ပြည်သူ့နီတိဘာသာရပ်ကို အခြေခံပညာအထက်တန်းအဆင့်မှာ သင်ကြားပို့ချပေးခဲ့ပါတယ်။ သို့ပေမယ့် ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီအစိုးရတက်လာပြီး ပညာရေးသင်ရိုးညွှန်းတမ်းတွေပြောင်းပစ်ခဲ့ပါတယ်။ အခြေခံပညာကျောင်း အထက်တန်းအဆင့်မှာ ပြည်သူ့နီတိကိုမသင်ကြားတော့ဘဲ စာရိတ္တနဲ့ လောကနီတိဘာသာရပ်ကို ပြောင်းလဲသင်ကြားစေခဲ့ပါတယ်။

**စိတ်ဓာတ်-စည်းကမ်း-ပညာ**

အခြေခံပညာကျောင်းတွေရဲ့ ရှေ့မျက်နှာစာမှာ စိတ်ဓာတ်-စည်းကမ်း-ပညာ ဆိုတဲ့ အစိမ်းရောင်ဆိုင်းဘုတ်တစ်ခု ကပ်ထားတာတွေ့မြင်ကြရမှာပါ။ ဒီဆောင်ပုဒ်ရဲ့ အဓိပ္ပာယ်ကို သေသေချာချာတွေးကြည့်ရင် အလွန်လေးနက်ပါတယ်။ ဒီဆောင်ပုဒ်ဟာ ပညာရေးမှာ တာဝန်ယူနေကြတဲ့ ဆရာ ဆရာမ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူအားလုံးနဲ့ သက်ဆိုင်ပါတယ်။ စိတ်ဓာတ်ဆိုရာမှာ စိတ်ဓာတ်ကြံ့ခိုင်မြင့်မြတ်ဖို့၊ ယဉ်ကျေးသိမ်မွေ့ဖို့၊ စိတ်စေတနာကောင်းပြီး စာနာတတ်ဖို့၊ ကိုယ်ချင်းစာစိတ်ရှိဖို့စတဲ့အချက်တွေ ပြည့်စုံရမှာပါ။ စည်းကမ်းဆိုတဲ့အပိုင်းမှာ ကျောင်းစည်းကမ်းအပြင် နိုင်ငံတော်ရဲ့ချမှတ်ထားတဲ့ ဥပဒေစည်းကမ်းအားလုံး လိုက်နာဖို့ လိုပါတယ်။ ပညာအပိုင်းကတော့ အရေးအကြီးဆုံးပါ။ ကျောင်းက ဆရာ ဆရာမ သင်ကြားပို့ချပေးတဲ့ အတတ်ပညာအားလုံးကို အပတ်တကုတ် ကြိုးစားသင်ယူဖို့နဲ့ အသိပညာတိုးပွားအောင် စာကြည့်တိုက်မှာ စာအုပ်စာပေဖတ်ရှုလေ့လာခြင်း၊ ဆရာများကို မေးမြန်းဆွေးနွေးခြင်း၊ စူးစမ်းလေ့လာပြီး မှတ်သားနာယူခြင်း၊ တွေးတောဆင်ခြင်ခြင်းစတဲ့ အချက်တွေဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ အသိပညာတိုးပွားစေဖို့ ပြည်သူ့နီတိပညာကိုလည်း ကျောင်းသားလူငယ်တွေကို မဖြစ်မနေသင်ကြားပေးဖို့ အထူးလိုအပ်လှပါတယ်။ ဘာကြောင့်လိုအပ်တာလဲလို့ အမေးရှိလာရင် ပြည်သူ့နီတိပညာဟာ တိုင်းသူပြည်သားတစ်ဦးအနေဖြင့် နိုင်ငံသားကောင်းဖြစ်လာဖို့ရာ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးစနစ်စသည်တို့မှာ တတ်သိလိမ္မာအောင် အုတ်မြစ်ချပေးတဲ့ ပညာရပ်ဖြစ်လို့ပါပဲ။

**ယဉ်ကျေးလိမ္မာနှင့် ဓမ္မစကူးလ်သင်တန်းများ**

မြန်မာနိုင်ငံမှာရှိတဲ့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွေဟာ နိုင်ငံရဲ့ အခြေခံပညာရေးကဏ္ဍတိုးတက်အောင် များစွာအထောက်အပံ့ပြုနေတာပါ။ ဘုန်းတော်ကြီးကျောင်းအားလုံးဟာ ကျား၊ မ၊ လူမျိုးဘာသာ မရွေး၊ ဆင်းရဲနွမ်းပါး၊ မိဘမဲ့ကလေးများပါမကျန် ကျွေးမွေးစောင့်ရှောက်ပြီး အခမဲ့ပညာသင်ကြားပေးနေတာ ဖြစ်ပါတယ်။ ဆရာတော်၊ သံဃာတော်များ ကိုယ်တိုင် ယဉ်ကျေးလိမ္မာသင်တန်းတွေ၊ ဓမ္မစကူးလ်တွေ စဉ်ဆက်မပြတ်ဖွင့်လှစ်သင်ကြားပေးနေတာ ကျေးဇူးများလှပါတယ်။ မြတ်စွာဘုရားဟောကြားဆုံးမတော်မူခဲ့တဲ့ ၃၈ ဖြာမင်္ဂလာ၊ သိင်္ဂါလောဝါဒ၊ ဗြဟ္မစိုရ်တရားလေးပါးစတဲ့ ဓမ္မတရားတော်တွေဟာ ပြည်သူ့နီတိသဘောတရားတွေ ဖြစ်ပါတယ်။ လူငယ်အများစုဟာ ၃၈ ဖြာမင်္ဂလာတို့၊ သိင်္ဂါလောဝါဒသုတ်တို့ဆိုတာ ဘာတွေလဲ။ ဘယ်လောက် အကျိုးများသလဲဆိုတာ သိအောင်လေ့လာအားထုတ်သင့်ပါတယ်။ ဒါမှ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွက် အပေါင်းလက္ခဏာဆောင်မှာပါ။

**လူငယ်နှင့်အသိတရား**

မိဘ၊ ဆရာသမား၊ လူကြီးသူမတွေက လူငယ်လူရွယ်တွေကို လူတော်လူကောင်းဖြစ်အောင် ကြိုးစားကြပါလို့ အမြဲသွန်သင်ဆုံးမလေ့ရှိကြပါတယ်။ လူတော်လူကောင်းပဲပြောပြော၊ လူကောင်းလူတော်ပဲဆိုဆို ဘာကြောင့် လူတော်နဲ့လူကောင်း ဝေါဟာရနှစ်ခုတွဲထားရတာလဲ။ တော်တယ်ဆိုတာက လူရဲ့စွမ်းရည်နဲ့ဆိုင်တာ၊ ကောင်းတယ်ဆိုတာက စာရိတ္တနဲ့ဆိုင်တာ။ ဒါကြောင့် လူတော်လူကောင်းဆိုတာ စွမ်းရည်လည်းရှိရမယ်။ ကိုယ်ကျင့်တရားလည်း ကောင်းရမယ်လို့ ဆရာဦးအောင်သင်းက လူငယ်တွေကို ရှင်းပြခဲ့ဖူးပါတယ်။ ယနေ့ လူငယ်တွေဟာ ခေတ်နဲ့အညီ အတတ်ပညာ၊ နည်းပညာရပ်တွေကို ကြိုးစားသင်ယူနေကြလို့ ဉာဏစွမ်းရည်ပိုင်းမှာ ထူးချွန်လာကြပေမယ့် နှလုံးသားစွမ်းရည်ဖြစ်တဲ့ အသိပညာပိုင်းမှာ အားနည်းနေကြတာတွေ့ရပါတယ်။ အတ္တဗဟိုပြုပြီး စဉ်းစားတွေးခေါ်တတ်လာကြတယ်။ လူငယ်တွေဟာ အစွဲအလမ်းကင်းပြီး လူကြီးတွေထက် လက်တွေ့ပိုကျပေမယ့် လူကြီးတွေရဲ့ ဆုံးမသွန်သင်ညွှန်ပြမှုကို လေးစားလိုက်နာတတ်တဲ့ အလေ့အကျင့်နည်းနေတယ်။ လူငယ်သဘာဝ သူတို့ကိုထိန်းချုပ်တာ၊ အမိန့်ပေးတာတွေမကြိုက်ဘဲ လွတ်လွတ်လပ်လပ် တွေးခေါ်ဆုံးဖြတ်လုပ်ကိုင်ချင်ကြတယ်။

သို့ပေမယ့် ဘဝအသိမြင့်မားပြီး အတွေ့အကြုံရင့်ကျက်တဲ့ မိဘ၊ ဆရာတွေရဲ့ စေတနာကောင်းနဲ့ ဆုံးမလမ်းညွှန်မှုတွေဟာ ယဉ်ကျေးလိမ္မာတဲ့လူတော်လူကောင်းလေးတွေ ဖြစ်စေချင်လို့၊ နိုင်ငံကြီးသား ပီသစေချင်လို့ဆိုတာ နားလည်လက်ခံနိုင်ရမှာပါ။ လူ့ဘောင်အဖွဲ့အစည်းမှာ နေထိုင်လှုပ်ရှားရတဲ့ လူငယ်တွေဟာ လူ့ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ ကျင့်ဝတ် စည်းကမ်းတွေနဲ့အညီ နေထိုင်ကျင့်ကြံတတ်ဖို့ အရေးကြီးပါတယ်။

**ပြည်သူ့နီတိသင်ကြားခြင်းရဲ့ ရည်မှန်းချက်**

ယနေ့ လူငယ်တွေဘာကြောင့် ပြည်သူ့နီတိပညာနဲ့ မကင်းကွာသင့်သလဲ။ လူငယ်တွေရဲ့ နှလုံးသားထဲမှာ ပြည်သူ့နီတိ အသိတရား ဘာကြောင့် ရှိစေချင်တာလဲ။ ပြည်သူ့နီတိ သင်ကြားပေးခြင်းရဲ့ အဓိကရည်မှန်းချက်တွေက-

၁။ နိုင်ငံချစ်စိတ်၊ ဇာတိမာန်နှင့် မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်။
၂။ ကိုယ်ကျင့်တရား ကောင်းစေရန်။
၃။ ရိုးရာယဉ်ကျေးမှုကို လေးစားမြတ်နိုး တန်ဖိုးထားကာ ထိန်းသိမ်းရန်နှင့် ယဉ်ကျေးစွာ ဆက်ဆံတတ်စေရန်။
၄။ သန့်ရှင်းကျန်းမာအောင်နေထိုင်တတ်ရန်။
၅။ တာဝန်သိ၍ တာဝန်ကျေပွန်အောင် ထမ်းဆောင်သူများဖြစ်စေရန်။
၆။ စည်းလုံးညီညွတ်သော ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ဖွံ့ဖြိုးလာစေရန်။
၇။ အများနှင့် စုပေါင်းလုပ်ဆောင်နေထိုင်တတ်ရန်။
၈။ အများအကျိုးဆောင်ရွက်သည့် စိတ်ဓာတ်ဖွံ့ဖြိုးရင့်သန်စေရန်။
၉။ တရားဥပဒေနှင့် စည်းကမ်းကို ရိုသေထိန်းသိမ်း လိုက်နာတတ်စေရန်။
၁၀။ ပြည်သူပြည်သားကောင်း၊ နိုင်ငံသားကောင်းဖြစ်လာစေရန် စတဲ့ ရည်မှန်းချက်များ ဖြစ်ပါတယ်။

အခြေခံပညာကျောင်းတွေမှာ သင်ကြားပေးတဲ့ ဘာသာရပ်တွေထဲက ပထဝီဝင်နဲ့ သမိုင်းစတဲ့ ဘာသာရပ်တွေဟာ လူ့အဖွဲ့အစည်းနဲ့ လူ့ပတ်ဝန်းကျင်အကြောင်း လေ့လာတဲ့ ပညာရပ်တွေပါ။ သမိုင်းပါမောက္ခ ဆရာကြီး ဒေါက်တာသန်းထွန်းက သမိုင်းသင်တယ်ဆိုတာ မအအောင်သင်ရတာလို့ ပြောခဲ့တော့ ပြည်သူ့နီတိဆိုတာကလည်း မညံ့အောင်သင်ရမှာလို့ ပြောချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီပထဝီဝင်၊ သမိုင်းဘာသာရပ်တွေဟာ ပြည်သူ့နီတိနဲ့ ဆက်နွှယ်နေလို့ဖြစ်ပါတယ်။

လူဆိုတာ တစ်ဦးတစ်ယောက်တည်း ရပ်တည်နေထိုင်လို့မရ။ လူသားအချင်းချင်းစုပေါင်းပြီး လူ့အဖွဲ့အစည်းအနေနဲ့ နေထိုင်ဆက်ဆံရင်း တိုးတက်လာတာပါ။ ဒီလိုနေထိုင်ဆက်ဆံကြရာမှာ လူ့ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ ကျင့်ဝတ် စည်းကမ်းဥပဒေများနဲ့အညီ လုပ်သင့်လုပ်ထိုက်တဲ့ တာဝန်၊ ဝတ္တရားတွေ ဆောင်ရွက်ကြရပါတယ်။ လူငယ်တွေဟာ လူကြီးတွေထံမှ အမြဲလေ့လာသင်ယူမှသာ တစ်ချိန်မှာ ကိုယ်တိုင်လူကြီးဖြစ်လာပြီး ဦးဆောင်ရတဲ့အချိန်မှာ လက်ဆင့်ကမ်းသင်ကြားပေးနိုင်မှာပါ။ ဒီလိုသင်ယူလေ့လာမှသာလျှင် နိုင်ငံကြီးသားစိတ်ဓာတ်၊ အပြုအမူ၊ အပြောအဆို၊ အဆင့်အတန်း မြင့်လာမှာ ဖြစ်ပါတယ်။ ဒီလို အဆင့်မြင့်လာအောင် ပြည်သူ့နီတိအသိပညာကသာ ပေးနိုင်တာပါ။

**ပြည်သူ့နီတိ သင်ရိုးညွှန်းတမ်း**

၁၉၅၀ ပြည့်နှစ်လောက်က ပါလီမန်ဒီမိုကရေစီအစိုးရလက်ထက်မှာ အခြေခံပညာအထက်တန်းအတွက် ပြည်သူ့နီတိဘာသာရပ် ပြဋ္ဌာန်းခဲ့ဖူးပါတယ်။ ဒီဘာသာရပ် သင်ရိုးညွှန်းတမ်းကို ဆရာအတတ်သင်ကျောင်းအုပ်ကြီး ဆရာကြီး ဦးဘဖေ ရေးသားပြုစုခဲ့တာပါ။ ဆရာကြီးက သူ့ရဲ့အမှာစာမှာ "ပြည်သူ့နီတိသည် ပြည်သူပြည်သားကောင်းဖြစ်လာစေရန် ရည်သန်ရင်းရှိသည့်အတိုင်း ယင်းပညာရပ်ကို သင်ကြားခြင်းဖြင့် ရရှိအပ်သော အသုံးဝင်မှုတို့ကား ငြင်းဆိုဖွယ်ရာမရှိပေ" ဟု ရေးသားဖော်ပြခဲ့ပါတယ်။

အထက်တန်းအဆင့် ပြည်သူ့နီတိဘာသာမှာ ပြဋ္ဌာန်းထားတဲ့ သင်ခန်းစာတွေထဲက ခေါင်းစဉ်အချို့ကို ထုတ်နုတ်ဖော်ပြရရင်-

၁။ ပြည်သူ့နီတိရဲ့ အဓိပ္ပာယ်နှင့်အခြေခံသဘော၊
၂။ ပေါင်းသင်းဆက်ဆံမှုနှင့် လူ့အစည်းအရုံး၊
၃။ နိုင်ငံသားနှင့် သူ၏ အရည်အချင်း၊
၄။ နိုင်ငံသားနှင့် ဆန့်ကျင်သော သဘောတရားများ၊
၅။ နိုင်ငံသား၏ တာဝန်ဝတ္တရားများ၊
၆။ နိုင်ငံသား၏ အခွင့်အရေးများ၊
၇။ နိုင်ငံတော်နှင့်အစိုးရ၊
၈။ နိုင်ငံတော်အစိုးရ၏ တာဝန်များ၊
၉။ နိုင်ငံတော်၏ အခြေခံမူများ၊
၁၀။ နိုင်ငံတော်ဖွဲ့စည်းပုံ၊
၁၁။ နိုင်ငံတော်သမ္မတနှင့် ပါလီမန်၊
၁၂။ ပြည်ထောင်စုအစိုးရ၊
၁၃။ နိုင်ငံတော်စီမံအုပ်ချုပ်မှု၊
၁၄။ တရားဥပဒေနှင့် တရားရုံးများ၊
၁၅။ နိုင်ငံတော်ကာကွယ်စောင့်ရှောက်ရေး။

အထက်ဖော်ပြပါ အချက်အလက်တွေဟာ နိုင်ငံသားတစ်ဦးအနေနဲ့ ယနေ့လူငယ်တွေ သိသင့်သိထိုက် သိရမယ့်အချက်တွေ ဖြစ်ပါတယ်။ ပြည်သူ့နီတိပညာရပ်ဟာ လူငယ်တွေကို မျက်စိဖွင့်ပေးရုံသာမက နိုင်ငံသားတစ်ဦးရဲ့ အခွင့်အရေးနှင့် တာဝန်ဝတ္တရားတွေကို ပိုပြီးသိရှိနားလည်သဘောပေါက်စေမှာ ဖြစ်ပါတယ်။

**ပြည်သူ့နီတိကို ပြည်သူအားလုံး သိထားသင့်**

အမှန်တကယ်တော့ ပြည်သူအားလုံး သိရှိနားလည် သဘောပေါက်ဖို့ ပြည်သူ့နီတိပညာကို လေ့လာဖတ်ရှုသင့်ပါတယ်။ အထူးသဖြင့် ကျောင်းသားလူငယ်တွေကို သင်ကြားပေးမယ့် ဆရာ ဆရာမတွေရဲ့ နှလုံးသားထဲမှာ ပြည်သူ့နီတိအသိပညာကိန်းနေဖို့ လိုအပ်ပါတယ်။ ဆရာ ဆရာမတွေကို ပြည်သူ့နီတိ သင်ရိုးကျေညက်စေရန်၊ အခြေခံပညာမှာ မွမ်းမံသင်တန်းများ ပို့ချပေးသင့်ပါတယ်။ သို့မှသာ ကျောင်းသားလူငယ်တွေကို ပြည်သူ့နီတိ အသိပညာနားလည်အောင် ပြန်လည်သင်ကြားပေးနိုင်မှာပါ။

နိဂုံးချုပ်ရရင် ယနေ့လူငယ်တွေဟာ ဒီမိုကရေစီအစိုးရရဲ့ နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေမှာ အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် ပါဝင်ထမ်းဆောင်ကြရမယ့် အချိန်ပါ။ လူငယ်တိုင်းဟာ ပြည်သူ့နီတိအသိပညာကိုယ်စီပါမှသာလျှင် လူတော်လူကောင်းများ ဖြစ်လာကြပြီး နိုင်ငံတော်က အားထားရတဲ့ လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်လာမှာ သေချာကြောင်း တင်ပြလိုက်ရပါတယ်။ ။

*မှီငြမ်း*
*၁။ လူငယ်ရန့်အက်ဆေးများ။*
*မြေလတ်မောင်မြင့်သူ(၂၀၁၃)*

> "လူဆိုတာ တစ်ဦးတစ်ယောက်တည်း ရပ်တည်နေထိုင်လို့မရ။ လူသားအချင်းချင်းစုပေါင်းပြီး လူ့အဖွဲ့အစည်းအနေနဲ့ နေထိုင်ဆက်ဆံရင်း တိုးတက်လာတာပါ။ ဒီလိုနေထိုင်ဆက်ဆံကြရာမှာ လူ့ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ ကျင့်ဝတ်စည်းကမ်းဥပဒေများနဲ့အညီ လုပ်သင့်လုပ်ထိုက်တဲ့ တာဝန်၊ ဝတ္တရားတွေ ဆောင်ရွက်ကြရပါတယ်။ လူငယ်တွေဟာ လူကြီးတွေထံမှ အမြဲလေ့လာသင်ယူမှသာ တစ်ချိန်မှာ ကိုယ်တိုင်လူကြီးဖြစ်လာပြီး ဦးဆောင်ရတဲ့အချိန်မှာ လက်ဆင့်ကမ်းသင်ကြားပေးနိုင်မှာပါ။ ဒီလိုသင်ယူလေ့လာမှသာလျှင် နိုင်ငံကြီးသားစိတ်ဓာတ်၊ အပြုအမူ၊ အပြောအဆို၊ အဆင့်အတန်း မြင့်လာမှာဖြစ်ပါတယ်။ ဒီလိုအဆင့်မြင့်လာအောင် ပြည်သူ့နီတိအသိပညာကသာ ပေးနိုင်တာပါ"

## ခရီးသွားဆိုင်ရာ တန်ဖိုးမြှင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**သီပေါ စက်တင်ဘာ ၁၆** မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားဝန်ကြီးဌာန ရှမ်းပြည်နယ်မြောက်ပိုင်း ဟိုတယ်အသင်းနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့တို့ ကြီးမှူး၍ သီပေါမြို့နယ် ခရီးသွားဆိုင်ရာ တန်ဖိုးမြှင့်တင်ခြင်း ကွင်းဆက်စစ်ဆေးခြင်း အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၁၃ ရက် နံနက် ၈ နာရီခွဲက သီပေါချမ်းသာ ဂါးဒင်း၌ကျင်းပရာ ဟိုတယ်လုပ်ငန်းရှင်များ၊ စားသောက်ဆိုင်ရှင်များ၊ ခရီးသွားသယ်ယူပို့ဆောင်ရေး လုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး ILO ဆက်သွယ်ညှိနှိုင်းရေးရုံး စီမံကိန်းညှိနှိုင်းရေးမှူး ဒေါ်ကြည်ကြည်အေးက အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကိုလည်းကောင်း၊ VCA လုပ်ဆောင်ချက်အဆင့်ဆင့်၊ အခြေခံဈေးကွက်စနစ်နှင့် သဘောတရားများ၊ မီစိုကတ်၏ စည်းမျဉ်းနှင့် အသုံးပြုပုံများကိုME. Cheistan Sekeom ကလည်းကောင်း ဆွေးနွေးတင်ပြသည်။ ထို့နောက် သီပေါဒေသ၏ ခရီးသွားလုပ်ငန်းဆိုင်ရာ စီးပွားရေးလုပ်ငန်းများပြိုင်ဆိုင်မှု ပိုမိုရှိလာစေရေး၊ ဒေသ၏ ခရီးသွားလုပ်ငန်းအား ပံ့ပိုးပေးနိုင်ရေးနှင့် ခရီးသွားလုပ်ငန်းတွင် မည်သည့် ပုဂ္ဂိုလ်၊ ဌာနမှလိုအပ်မည့် စည်းမျဉ်း၊ စည်းကမ်းများကို ဖော်ထုတ်ကာ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရေးစသည့် အချက်သုံးချက်ပါဝင်သည့် ခေါင်းစဉ်များနှင့်ပတ်သက်၍ အဖွဲ့သုံးဖွဲ့ခွဲလျက် ဆွေးနွေးကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ သက်တမ်းတိုမျိုးစပါးပျိုးပင်များ ပေးအပ်

**နေပြည်တော် စက်တင်ဘာ ၁၆**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ယနေ့ နံနက်ပိုင်းက ရန်ကုန်-မန္တလေးအမြန်လမ်း ဝဲ၊ ယာ လယ်မြေများအား စက်ယန္တရားကြီးများဖြင့် ပြန်လည်တူးဖော်ပြုပြင်ခြင်း လုပ်ငန်းပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ဆွာချောင်းရေကြီးရေလျှံမှုတွင် သဲဖုံးလွှမ်းပျက်စီးခဲ့သော စိုက်ကွင်းများ ပြန်လည်တူးဖော်ပြုပြင်ခြင်း လုပ်ငန်းပြီးစီးမှုအခြေအနေနှင့် ကျန်ရှိဧရိယာများအား အပြီးသတ်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရန်အသင့်ဖြစ်နေသော စိုက်ကွင်းများတွင် ရာသီအချိန်မီ အမြန်စိုက်ပျိုးနိုင်ရေး တစ်ဆက်တည်းဆောင်ရွက်ရန်၊ ပွင့်လင်းရာသီတွင် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများအတွက် စနစ်တကျတွက်ချက်ပြီး ကြိုတင်စီမံထားရန်၊ စိုက်ပျိုးနည်းပညာပေးလုပ်ငန်းများသာမက မိသားစုတစ်ပိုင်တစ်နိုင် ဆောင်ရွက်နိုင်သည့် အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးနိုင်ရေးနှင့် ထုထောင်လုပ်ကိုင်နိုင်ရေးတို့အတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဒေသတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရန် လိုအပ်ချက်များအား ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေတာရှည်မြို့နယ် ရန်ကုန်-မန္တလေး လမ်းဟောင်းအနီးရှိ ဆွာမင်းလမ်းရွာသို့ ရောက်ရှိကြပြီး ဆွာမင်းလမ်းရွာဦးစေတီ ပြုပြင်ပြီးစီးမှုနှင့် ဆွာချောင်းကမ်းဆယ်ခြင်း၊



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ သက်တမ်းတိုမျိုးစပါးပျိုးပင်များ ပေးအပ်စဉ်။

တုပ်ရိုက်ခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဆွာမင်းလမ်းရွာတွင် သဲဖုံးပျက်စီးခဲ့သော လယ်မြေများအား စက်ယန္တရားကြီးများဖြင့် ပြန်လည်ဖော်ထုတ်ပေးနေမှုကို ကြည့်ရှုအားပေးပြီး ပြန်လည်စိုက်ပျိုးရန်အသင့်ဖြစ်နေသော စိုက်ကွင်းများအတွက် သက်တမ်းတိုမျိုးစပါးပျိုးပင်များ ပေးအပ်ရာ ဒေသခံတောင်သူများက လက်ခံရယူကြသည်။ ထို့နောက် ကျေးရွာသူ ကျေးရွာသားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး လတ်တလော စားဝတ်နေရေး အဆင်ပြေစေရေးကူညီဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့် ရေရှည်တွင် မိသားစုတိုင်း တစ်ပိုင်တစ်နိုင် ဝင်ငွေတိုးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရေး ဆွေးနွေးပြောကြားသည်။ ဆက်လက်၍ ဒေသနေပြည်သူများအတွက် ကျန်းမာရေးနှင့်ညီညွတ်သော သောက်သုံးရေရရှိစေရန် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက တူးဖော်ဆောင်ရွက်ထားရှိသည့် သောက်ရေတွင်း၏ ရေထွက်ရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်ရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စက်မှုတိုင်း ၂၊ စက်မှုအလုပ်ရုံအဆင့်(ခ)တွင် ပြုပြင်ပေးနေသည့် ခြောက်ဘီးယာဉ် နှစ်စီးနှင့် ၁၀ ဘီးယာဉ် တစ်စီးအပါအဝင် ဆွာချောင်းရေကြီးရေလျှံမှုဖြစ်စဉ်တွင် ထိခိုက်ခဲ့သော မော်တော်ယာဉ်များအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ငူမြို့နယ် ဇီးဖြူပင်ကျေးရွာသို့ ရောက်ရှိကြပြီး ဒေသနေတောင်သူများနှင့်တွေ့ဆုံကာ ပြောင်းလဲလာသော ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေမည့် သီးနှံမျိုးများ ပြောင်းလဲစိုက်ပျိုးရေး၊ ခေတ်မီစိုက်ပျိုးနည်းစနစ်များ လိုက်နာကျင့်သုံးရေး၊ လယ်ယာကဏ္ဍ အခြေပြုဖွံ့ဖြိုးသော သမဝါယမစနစ်ထူထောင်လုပ်ကိုင်နိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**

---

### ❍ (၇)ကြိမ်မြောက်မှ

မြားပစ်ပြိုင်ပွဲ စတင်ကျင်းပသည့် ၂၀၀၅ ခုနှစ်ကတည်းက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ခြင်းဖြစ်ပြီး အောင်မြင်စွာ ကျင်းပနိုင်ခြင်းကြောင့် ခုနစ်ကြိမ်တွင် ခြောက်ကြိမ်အထိ လက်ခံကျင်းပခွင့်ရ ခြင်း ဖြစ်သည်။ မြန်မာမြားပစ်အဖွဲ့သည် ယင်းပြိုင်ပွဲယှဉ်ပြိုင်ရန် ပဏာမကစားသမား ၃၀ ဖြင့် လေ့ကျင့်မှုပြုလုပ်လျက်ရှိပြီး တောင်ကိုရီးယား နည်းပြတစ်ဦးနှင့် ပြည်တွင်းနည်းပြများက တာဝန်ယူလေ့ကျင့်ပေးလျက်ရှိသည်။ မြန်မာမြားပစ်အဖွဲ့သည် ဩဂုတ်လက အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပသည့် (၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် ကစားသမား ခြောက်ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အမြင့်ဆုံးကွာတားဖိုင်နယ်သို့သာ တက်ရောက်နိုင်ခဲ့သည်။

မြန်မာမြားပစ်အဖွဲ့သည် ဝါရင့်ကစားသမားများ အနားယူပြီး နောက်ပိုင်းတွင် လူငယ်ကစားသမားများဖြင့် အောင်မြင်မှုရရန် ခက်ခဲလာပြီး ၂၀၁၃ ခုနှစ် နောက်ပိုင်းတွင် အဓိကနိုင်ငံတကာပြိုင်ပွဲများ၌ အောင်မြင်မှုနှင့် လွဲချော်လာသောကြောင့် ပြင်ဆင်မှုများစွာ ပြုလုပ်လျက်ရှိသည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

### ❂ ရှေ့ဖုံးမှ

“ဒီနှစ်မှာတော့ ကျွန်တော်တို့ခရိုင်က ဦးစီးပြီးလုပ်မှာပါ။ ဆင်တွေပြိုင်ပွဲဝင်ဖို့အတွက်ကိုတော့ ပြိုင်ပွဲကျင်းပရေးကော်မတီကို ဆောင်ရွက်ခိုင်းထားတဲ့အတွက် ပြိုင်ပွဲကို သူတို့ရဲ့ဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီနှစ်ပြိုင်ပွဲမှာ ဘာထူးခြားမလဲဆိုရင် ပြိုင်ပွဲကျင်းပရေးကော်မတီကို ဌာနဆိုင်ရာတွေနဲ့ မဖွဲ့စည်းတော့ဘဲ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့မိမြို့ဖတွေနဲ့ ပြင်ပက ကျွမ်းကျင်တဲ့ပညာရှင်တွေ ပူးပေါင်းပြီး ကျင်းပသွားမှာပါ။ ဆင်အကပိုင်းမှာ ကျောက်ဆည်က ပညာရှင်တွေ၊ အတီးပိုင်းမှာ ပန်တျာကျောင်းက ပညာရှင်တွေက ဒိုင်အဖြစ်ပါဝင်ပြီး အကဲဖြတ်အမှတ်ပေးသွားမှာ ဖြစ်ပါတယ်” ဟု ၎င်းက ပြောသည်။

ယခုနှစ် ကျောက်ဆည်ရိုးရာဆင်ပြိုင်ပွဲတော်ကို သက်ဆိုင်ရာမြို့နယ်၊ ခရိုင်တာဝန်ရှိသူများက စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရန် လုပ်ဆောင်နေခြင်းကြောင့် ယခင်နှစ်များထက် ပိုမိုစည်ကားသော ပွဲတော်ဖြစ်မည့်အပြင် ဆင်ပြိုင်ပွဲတွင် ဆိုကရေးတီးအတတ်ပညာရှင်များ ပါဝင်အမှတ်ပေးဆုံးဖြတ်မည် ဖြစ်သောကြောင့် ယှဉ်ပြိုင်ကြမည့် ဆင်အဖွဲ့များက ယခုနှစ်၏ ဆင်ပြိုင်ပွဲ အပြောင်းအလဲကို ကြိုဆိုမျှော်လင့်နေကြကြောင်း ကိုးမြေဂုဏ်ဆောင် ရွှေဇင်မောင် ဆင်အဖွဲ့မှ ဦးစိုးရွှေက ပြောသည်။

“ဒီနှစ်ရဲ့ ဆင်ပြိုင်ပွဲအပြောင်းအလဲတွေကြောင့် အရင်နှစ်တွေက ဆင်ပြိုင်ပွဲအဖွဲ့တွေ ၂၀ နဲ့ ၃၀ ကြားရှိခဲ့ပေမယ့် ဒီနှစ်မှာ ဒီထက်ပိုပြီး များလာမယ့်အပြင် ပွဲတော်ကလည်း ပိုစည်ကားလာမယ်လို့ ယုံကြည်ပါတယ်” ဟု ၎င်းက ပြောသည်။

ကျောက်ဆည်ဆင်လှူပွဲတော်နှင့် ဆင်ပြိုင်ပွဲတော်ကို ရွှေသာလျောင်းတောင်တော်တွင် အနော်ရထာမင်းလက်ထက်မှစ၍ ရိုးရာဓလေ့တစ်ခုအသွင်ဖြင့် နှစ်စဉ်သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့တိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

### ❋ ဒုတိယပိုင်းမှ

အသုံးချနိုင်ခြင်းမရှိဘဲ စစ်ကိုင်းအသင်းသည် ရံဖန်ရံခါသာ ထိုးဖောက်တိုက်စစ်ဆင်နိုင်ခဲ့သည်။ ဒုတိယပိုင်းတွင် Southern အသင်းက တိုက်စစ်ကစားပုံ ပိုကောင်းလာပြီး အားနည်းချက်များရှိသည့် စစ်ကိုင်းနောက်တန်း ညာခြမ်းမှ အဓိကတိုက်စစ်ဆင်ခဲ့သည်။ ၅၁ မိနစ်တွင် Southern အသင်း ပထမဂိုးစရခဲ့ပြီး ဘယ်ခြမ်းမှ ဖြတ်ပို့သောဘောလုံးကို အောင်မိုးက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီး နောက်ပိုင်းတွင် Southern အသင်း ကစားပုံ ပိုကောင်းလာပြီး ၆၅ မိနစ်တွင် တန်ပြန်တိုက်စစ်မှ တစ်ဆင့် ဘယ်ရီ ဖန်တီးပေးသောဘောလုံးကို စိုးကျော်သူက ပိတ်သွင်းယူခဲ့၍ ဒုတိယဂိုးရခဲ့သည်။ စစ်ကိုင်းအသင်းသည် ချေပဂိုးပြန်ရရန် ကြိုးစားသော်လည်း Southern အသင်း ခံစစ်ပိုင်းထိန်းချုပ်နိုင်ခဲ့ပြီး တတိယအနိုင်ဂိုးကို ၇၈ မိနစ်တွင် သက်ပိုင်စိုးက သွင်းယူခဲ့သည်။

ပွဲစဉ်(၂၁)အပြီးတွင် ရန်ကုန်အသင်းက ၄၈ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ရှမ်းယူနိုက်တက်အသင်းက ၄၇ မှတ်၊ ဇွဲကပင်အသင်းက ၃၄ မှတ်၊ ဟံသာဝတီအသင်းက ၃၃ မှတ်၊ ရတနာပုံအသင်းက ၃၁ မှတ်၊ Southern အသင်းနှင့် မကွေးအသင်းတို့က ရမှတ် ၃၀ စီ၊ ဧရာဝတီအသင်းက ၂၉ မှတ်၊ ရခိုင်အသင်းက ၂၅ မှတ်၊ စစ်ကိုင်းအသင်းက ၂၁ မှတ်၊ GFA အသင်းက ရမှတ် ၂၀၊ မြဝတီအသင်းက နှစ်မှတ် ရထားသည်။ ယခုရာသီ MNL အမှတ်ပေးပြိုင်ပွဲမှာ ပြီးဆုံးရန် တစ်ပွဲသာလိုတော့ပြီး နောက်ဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ် (၂၂) ကို စက်တင်ဘာ ၂၂၊ ၂၃ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

---

# မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ မှုခင်းသတင်းအချက်အလက်နှင့် မှတ်တမ်းဌာနစု ရုံးသစ်ဖွင့်

**ရန်ကုန် စက်တင်ဘာ ၁၆**
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ မှုခင်းသတင်းအချက်အလက်နှင့် မှတ်တမ်းဌာနစု (DCC) ရုံးသစ်ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၆ ရက် နံနက် ၉ နာရီခွဲ၌ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံလမ်းနှင့် စက်မှု(၁)လမ်းထောင့်ရှိ ပြည်ထဲရေးဝန်ကြီးရုံးဟောင်း ဒုတိယထပ်တွင် ကျင်းပခဲ့ကြောင်း သိရသည်။



အခမ်းအနားတွင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်အောင်သူနှင့် ဩစတြေးလျ ပြည်ထောင်စုရဲတပ်ဖွဲ့(AFP) မှ လက်ထောက်ရဲချုပ် Mr.Scott Lee တို့က အဖွင့်အမှာစကားပြောကြားကြပြီး DCC ရုံးသစ်ဆိုင်းဘုတ်အား ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ၊ ဒုတိယရဲချုပ်(၁) ရဲဗိုလ်ချုပ်မျိုးဆွေဝင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်နှင့် AFP မှ လက်ထောက်ရဲချုပ် Mr.Scott Lee တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူနှင့် လက်ထောက်ရဲချုပ် Mr.Scott Lee တို့က အပြန်အလှန် လက်ဆောင်များပေးခဲ့ကြပြီး အခမ်းအနား တက်ရောက်သူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခြင်း၊ ရုံးအတွင်းလှည့်လည်ကြည့်ရှုခြင်းများ ပြုလုပ်ခဲ့ကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**

---

# ပဲခူးတိုင်းဒေသကြီးတွင် မြို့နယ်ဘောလုံးအဖွဲ့ချုပ်များ ဖွဲ့စည်း

**ပဲခူး စက်တင်ဘာ ၁၆**
မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့ဘောလုံးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန်နှင့် မျိုးဆက်သစ်လူငယ်ကစားသမားများ ထွက်ပေါ်လာရန် ရည်ရွယ်၍ မြို့နယ်ဘောလုံးအဖွဲ့ချုပ်များ ဖွဲ့စည်းပေးလျက်ရှိပြီး ပဲခူးတိုင်းဒေသကြီးတွင် မြို့နယ်ဘောလုံးအဖွဲ့ချုပ် ၁၂ ခု ဖွဲ့စည်းထားပြီးဖြစ်သည်။

မြန်မာ့လက်ရွေးစင် ရွှေခေတ်ဘောလုံးသမားဟောင်းများဖြစ်သည့် ဦးတင်အောင် (ဂိုး) နှင့် ဦးလှရွှေလေး ဦးဆောင်သည့် မြို့နယ်ဘောလုံးအဖွဲ့ချုပ်ဖွဲ့စည်းရေးအဖွဲ့သည် စက်တင်ဘာ ၁၀ ရက်မှ ၁၅ ရက်အထိ ပဲခူးတိုင်းဒေသကြီးအတွင်းသို့ ပထမအကြိမ် သွားရောက်ကာ ဖြူး၊ အုတ်တွင်း၊ ရေတာရှည်၊ ထန်းတပင်၊ ကျောက်ကြီး၊ ကျောက်တံခါး၊ ညောင်လေးပင်၊ ရွှေကျင်၊ ဒိုက်ဦး၊ ဝေါ၊ သနပ်ပင်နှင့် ကဝမြို့နယ်တို့တွင် မြို့နယ်ဘောလုံးအဖွဲ့ချုပ်များ ဖွဲ့စည်းခဲ့သည်။ ဦးတင်အောင်(ဂိုး)နှင့် ဦးလှရွှေလေး ဦးဆောင်သည့်အဖွဲ့သည် စက်တင်ဘာ ၁၇ ရက်မှ ၂၁ ရက်အထိ တိုင်းဒေသကြီးအတွင်းသို့ ထပ်မံသွားရောက်ကာ မင်းလှ၊ မိုးညို၊ လက်ပံတန်း၊ အုတ်ဖို၊ ကြို့ပင်ကောက်၊ ဇီးကုန်း၊ နတ်တလင်း၊ ရွှေတောင်နှင့် ပေါက်ခေါင်းမြို့နယ်များတွင် မြို့နယ်ဘောလုံးအဖွဲ့ချုပ်များ ထပ်မံဖွဲ့စည်းပေးမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

# တိုင်ကြားမှုရှိလာတယ်၊ ကျော်စောမှုဖြစ်လာတယ်ဆိုရင်တော့ ဥပဒေနဲ့အညီ ဆက်လက်အရေးယူ ဆောင်ရွက်သွားမှာဖြစ်ပါတယ်

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ကြည်

**"ဆင်းရဲခြင်းလွတ်ကင်းအောင်" ခေါင်းစဉ်ဖြင့် တတိယအကြိမ်မြောက် ယောမင်းကြီးဇရပ်စကားဝိုင်း ဆွေးနွေးပွဲကို ယနေ့နံနက်က ရန်ကုန်မြို့ Novotel Hotel ၌ ကျင်းပခဲ့သည်။ အဆိုပါ စကားဝိုင်းဆွေးနွေးပွဲအပြီးတွင် စကားဝိုင်းသို့ ပါဝင်တက်ရောက်ခဲ့သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်အား ပြည်တွင်းပြည်ပသတင်းမီဒီယာများက တွေ့ဆုံမေးမြန်းခဲ့သည်များကို ကောက်နုတ်ဖော်ပြအပ်ပါသည်။**

**ဦးအောင်ကြည်(ဥက္ကဋ္ဌ)**
**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**မေး။ ။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနဲ့ ပတ်သက်ပြီး အခြေခံပညာကျောင်းတွေမှာ အသိမြှင့်တင် သင်ကြားပေးသွားမယ်လို့ သိထားပါတယ်။ ဘယ်တော့ လောက်စမလဲ ခင်ဗျာ။**

ဖြေ။ ။ ကျောင်းတွေမှာ ဒီလကုန်လောက် ကျွန်တော်တို့ စာအုပ်ထုတ်ပေးတော့မယ်။ ကိုယ်ကျင့်သိက္ခာ မြှင့်တင်ရေးဆိုင်ရာပညာရေးအစီအစဉ်။ မူလတန်းပညာပါ။

**မေး။ ။ မကြာသေးခင်ကအဂတိလိုက်စားမှုနဲ့ ပတ်သက်လို့ အရေးယူဆောင်ရွက်မှုတွေ လုပ်ခဲ့တယ်။ နောက်ထပ်မဏ္ဍိုင်ကြီးသုံးရပ်(ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး)ထဲက တာဝန်ရှိသူတွေကို တိုင်ကြားလာခဲ့ရင် ဆက်လက်အရေးယူဆောင်ရွက်သွားဖို့ရှိလား။**

ဖြေ။ ။ တိုင်ကြားမှုရှိလာတယ်၊ ကျော်စောမှုဖြစ်လာတယ် ဆိုရင်တော့ ဥပဒေနဲ့အညီဆက်လက် အရေးယူ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး။ ။ လက်ရှိအရေးယူခဲ့တဲ့ ကိုအောင်ရဲထွေးကိစ္စမှာ လာဘ်ငွေပေးသူ ဦးခင်မောင်လေးကို တရားလိုပြ သက်သေအဖြစ် ထည့်ထားတာတွေ့ရတယ်။ သူ့ကိုရော ဥပဒေအရ အရေးယူနိုင်လို့ အရေးယူဆောင်ရွက်သွားဖို့ ရှိပါသလား။**

ဖြေ။ ။ ကျွန်တော်တို့ ကော်မရှင်အနေနဲ့ အရေးယူဖို့ အစီအစဉ်မရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ သူက



ဦးအောင်ကြည်

အဓိက သက်သေဖြစ်တယ်။ လာဘ်ပေးလာဘ်ယူဆိုတာ အားလုံး သိတဲ့အတိုင်းပဲ သူ့ဟာသူ တစ်ဦးချင်းပေးတဲ့ ကိစ္စပါ၊ အဲဒီလိုပေးတာကို မဖော်သမျှကာလပတ်လုံး ဒီအမှုက ဖြစ်မြောက်မှာ မဟုတ်ပါဘူး။ ပေးတဲ့လူကို အရေးယူခဲ့ရင် အမှုမှန်ပေါ်ပေါက်ရေးအတွက် အခက်အခဲ ဖြစ်သွားနိုင်ပါတယ်။ အမှုမှန်ပေါ်ပေါက်ဖို့ အခက်အခဲဖြစ်သွားရင် အများပြည်သူ အကျိုးစီးပွားကို ထိခိုက်ပါတယ်။ တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပါတယ်။ ဒါကြောင့် အမှုမှန် ပေါ်ပေါက်ရေးအတွက် အများပြည်သူအကျိုးစီးပွား အလို့ငှာ သူ့ကိုအရေးကြီးတဲ့ သက်သေတစ်ရပ်အဖြစ် တာဝန်ပေးခဲ့တာဖြစ်ပါတယ်။

**မေး။ ။ အခုအခြေအနေမှာတော့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌအပါအဝင် တာဝန် ထမ်းဆောင်နေသူတွေရဲ့ လုံခြုံရေးကိုခြိမ်းခြောက်မှု တွေရှိနေတယ်လို့ ကြားနေရပါတယ်။ အဲဒီအတွက် ဘယ်လို စီစဉ်ဆောင်ရွက်ထားသလဲဆိုတာသိချင်ပါတယ်။**

ဖြေ။ ။ စိတ်ပူစရာမရှိပါဘူး။ အလုပ်လုပ်တဲ့အခါ လိုတဲ့ သူရှိတယ်။ မလိုတဲ့သူရှိတယ်။ သတိထားပြီး စောင့်ရှောက်တဲ့သူတွေကလည်းစောင့်ရှောက်ကြပါတယ်။

**မေး။ ။ ကော်မရှင်ကလွတ်လပ်ပြီး ကိုယ်ပိုင်ရပ်တည်တဲ့ အဖွဲ့အစည်းဖြစ်ပြီလားဆိုတာ စိတ်ဝင်စားမှုရှိနေပါတယ်။ ဖြေကြားပေးပါဦး။**

ဖြေ။ ။ လွတ်လပ်မှုရှိပါတယ်။ ရာနှုန်းပြည့်လွတ်လပ် သလားဆိုရင် ကျွန်တော်တို့ရဲ့ ဥပဒေက နိုင်ငံ တကာစံနှုန်းနဲ့ကြည့်ရင်တော့ ရာနှုန်းပြည့် လွတ်လပ်ပြီ လားဆိုတာကို ပြောမရသေးပါဘူး။ ကျွန်တော်တို့ရဲ့အတိုင်း အတာနဲ့ လက်ရှိအခင်းအကျင်းဆိုရင် အတော်လေး လွတ်လွတ်လပ်လပ်ရှိတယ်။ လိုအပ်တဲ့ ဥပဒေပြင်ဆင်မှု တွေလည်းလုပ်ပေးထားတယ်။ လိုအပ်တဲ့အခွင့်အာဏာ တွေလည်းပေးထားတယ်။ ပြီးတော့မှ အားပေးကူညီမှုလည်း ရှိတယ်။ ဒါကြောင့် ကျွန်တော်တို့ကလွတ်လွတ်လပ်လပ် ကိုလုပ်နိုင်တယ်ဆိုတဲ့ အနေအထားရှိပါတယ်။

**မေး။ ။ ထိပ်ပိုင်းက အရာရှိတွေကို စစ်ဆေးရတာဆိုတော့ ဘယ်လိုအခက်အခဲတွေများရှိမလဲ။**

ဖြေ။ ။ အခက်အခဲကတော့ အများကြီးပေါ့။ ကျွန်တော် ရှင်းပြခဲ့သလိုစနစ်တစ်ခုကို ပြင်နေတာ။ အကျင့်ဆိုး ကို ပြင်နေတာ။ အဲဒီအကျင့်ဆိုးက ဘယ်လောက်ကြာခဲ့ ပြီလဲ။ လွတ်လပ်ရေးရကတည်းက ဖြစ်လာခဲ့တာဆိုတော့ ဒါကြီးတစ်ခုလုံးကို ပြင်ဆင်ဖို့ အခက်အခဲတွေ အများကြီး ရှိတယ်။ စိန်ခေါ်မှုတွေ အများကြီးရှိတာပေါ့ဗျာ။ ကော်မရှင် မှာ တာဝန်ထမ်းဆောင်နေတဲ့ ပုဂ္ဂိုလ်တွေရော၊ ကျန်တဲ့သူ တွေရော ကိုယ့်ပြည်သူလူထုရဲ့ အကျိုးစီးပွားအတွက် ဒီအချိန် ဒီအခါမှာ ဖြစ်အောင်လုပ်မယ်ဆိုတဲ့ သန္နိဋ္ဌာန် စိတ်နဲ့ စွန့်လွှတ်၊ စွန့်စားပြီးလုပ်နေတာပါ။ ဒါကြောင့် ကျွန်တော်တို့မမှုပါဘူး။

**မေး။ ။ နိုင်ငံ့တာဝန်ထမ်းဆောင်နေတဲ့ သူတွေနဲ့ နိုင်ငံ့ ဝန်ထမ်းတွေအပေါ် အသိပေးတိုက်တွန်း စကား လေးပြောခဲ့ပေးပါဦး။**

ဖြေ။ ။ သိပ်အရေးကြီးပါတယ်။ ရုံးဌာနတွေမှာ အကျိုး စီးပွား ပဋိပက္ခမဖြစ်ပါစေနဲ့၊ ဘာအကျိုးစီးပွားလဲ။ ပုဂ္ဂလိကအကျိုးစီးပွားနဲ့ နိုင်ငံတော်အကျိုးစီးပွားကိုခွဲခြား နားလည်ပါ။ ဘယ်အရာသည် ပုဂ္ဂလိကအကျိုးစီးပွားလဲ၊ ဘယ်အရာသည် နိုင်ငံတော်အကျိုးစီးပွားလဲ။ နံပါတ်တစ်က နိုင်ငံတော်အကျိုးစီးပွားအတွက်ပဲ လုပ်ပေးရမယ့်တာဝန် ရှိတယ်။ လုပ်ရမယ်ဆိုတဲ့ကျင့်ဝတ်ကို စွဲမြဲစွာခံယူဖို့ လိုပါ တယ်။ နံပါတ်နှစ်က တာဝန်ယူမှု ရှိရမယ်။ တာဝန်ယူမှု မရှိရင် နိုင်ငံတော်ကပေးအပ်ထားတဲ့ ဘဏ္ဍာရန်ပုံငွေ သုံးစွဲမှုဟာ တရားမျှတမှုမရှိပါဘူး။ ကိုယ့်အလုပ်ကိုယ့်ဌာနနဲ့ အတူ တာဝန်ယူမှုရှိဖို့လိုတယ်ဆိုတာပြောလိုပါတယ်။

**ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**

# ရန်ကုန်မြို့၌ ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း အခမ်းအနား ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၆**

Cinematheque Program ၏ ကဏ္ဍခွဲတစ်ခုဖြစ်သော ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း (Film Analysis)အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ ရုပ်ရှင်အနုပညာရပ်ဝန်း၊ ရုပ်ရှင်ပြခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာတို့ ပူးပေါင်း၍ မြန်မာ့ ရုပ်ရှင်လုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ပြုလုပ်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်း၊ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲနိုင်နှင့်တာဝန်ရှိသူများ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ရုပ်ရှင်ပညာကို စိတ်ဝင်စားသော ကျောင်းသား ကျောင်းသူများ၊ ရုပ်ရှင်ပညာကို စိတ်ဝင်စားသည့် လူငယ်များနှင့် ပြင်ပရုပ်ရှင်သင်တန်းများမှ သင်တန်းသား သင်တန်းသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် ရုပ်ရှင်မြှင့်တင်ရေးကော်မတီ အဖွဲ့ဝင် ဒေါက်တာအောင်မင်းက ထိုင်ဝမ်လှိုင်းသစ်ရုပ်ရှင်၏ ခေါင်းဆောင်ဖြစ်သူ Edward Yang ရိုက်ကူးထားသည့် Yi Yi ရုပ်ရှင်ဇာတ်လမ်းနှင့်ပတ်သက်၍ မိတ်ဆက်စကား ပြောကြားပြီး ဇာတ်ကားကို ကြည့်ရှုကြသည်။

ထို့နောက် ရုပ်ရှင်မြှင့်တင်ရေးကော်မတီ အဖွဲ့ဝင် ဒေါက်တာအောင်မင်းက ရုပ်ရှင်ဇာတ်ကား တစ်ကားလုံး အပေါ် အသေးစိတ် ခွဲခြမ်းစိတ်ဖြာသည့် လုပ်ငန်းစဉ်များ အကြောင်းကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြ သူများနှင့် ဆွေးနွေးမှုများပြုလုပ်သည်။

ရုပ်ရှင်မြှင့်တင်ရေးကော်မတီအဖွဲ့ဝင် ဒေါက်တာ အောင်မင်းက "အခုနောက်ပိုင်းထွက်လာမယ့် လူငယ် Film Maker တွေကို ရုပ်ရှင်ကြည့်ပြီး ရုပ်ရှင်ကို ဘယ်လို ခွဲခြမ်းစိတ်ဖြာသလဲဆိုတာတွေကို ဆွေးနွေးတယ်။ ကျွန်တော်တို့ သိထားတဲ့ အသိပညာတွကို မျှဝေပေးတာပါ။ ဒီပွဲကနေ သူတို့အနေနဲ့ အတွေးသစ်အမြင်သစ်တွေရရှိပြီး ကောင်းမွန်တဲ့ ရုပ်ရှင်ဇာတ်ကား မူကွဲတွေရိုက်နိုင်အောင် ရည်ရွယ်တာပါ။ လူငယ် Film Maker တွေကို ဦးတည်ပြီး လုပ်တာပါ။ ဒီနေ့ပွဲက ပထမဆုံးအကြိမ်ပါ။ ဆက်လက်ပြီး တော့လည်း လစဉ်ပြုလုပ်ပေးသွားမှာ ဖြစ်ပါတယ်" ဟု ပြောသည်။

ယနေ့ပြသသည့် "Yi Yi" ဇာတ်ကားသည် Hollywood ရုပ်ရှင်ဇာတ်ကားများကဲ့သို့ ဖျော်ဖြေရေး သက်သက်မျိုးမဟုတ်ဘဲ ရုပ်ရှင်ကိုကြည့်ရှုပြီး ခံစားမှုမှ တစ်ဆင့် လက်တွေ့ဘဝကို နားလည်ခံစားနိုင်အောင် သဘာဝကျကျ ပုံဖော်ရိုက်ကူးသော ရုပ်ရှင်ဇာတ်ကား ဖြစ်ကြောင်း သိရသည်။

ရန်ကုန် ရုပ်ရှင်ကျောင်း တက်ရောက်နေသူ ကိုထွန်း တောက်မိုးသူက "ရုပ်ရှင်ကြည့်တတ်အောင် အရင်လေ့လာ မှ ရုပ်ရှင်ပညာကို ဆည်းပူးလို့ရမှာပါ။ အခုကြည့်ခဲ့ရတဲ့ ဇာတ်ကားမှာ ဇာတ်ကောင်တွေအများကြီးပါဝင်တဲ့ အတွက် ဆွေးနွေးစရာ အကြောင်းအရာတွေ အများကြီး ပါတယ်။ ဆွေးနွေးပွဲပြီးတာတောင် ဆွေးနွေးစရာတွေ အများကြီး ကျန်ခဲ့ပါတယ်။ ရုပ်ရှင်ခေတ်သစ်တစ်ခု ဖြစ်ဖို့ ကျွန်တော်တို့အနေနဲ့ ရုပ်ရှင်ကြည့်တတ်ရမယ်။ အဲဒီလို ကြည့်တတ်မှ ကျွန်တော်တို့အနေနဲ့ ရုပ်ရှင်ကားတွေ ခံစား ဖန်တီးနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ရုပ်ရှင်ဇာတ်ကား ထဲကနေ ဒါရိုက်တာတွေ၊ Film Maker တွေက ဘာကို ပြောချင်သလဲဆိုတဲ့အကြောင်းအရာကို ရှာဖို့လိုတယ်" ဟု ပြောသည်။

ဆွေးနွေးမှုနှင့်ပတ်သက်၍ ဇာတ်ညွှန်းရေးသူ အယ်လ် မင်းပြည့်မွန်ကလည်း ရုပ်ရှင်လောကတွင် လက်တွေ့ရိုက်ကူး နေကြသည့် ရုပ်ရှင်သမားများ၊ ရုပ်ရှင်သင်တန်းကျောင်း များမှ ကျောင်းသား ကျောင်းသူများ တစုတစည်းတည်း စိတ်ဝင်တစားနှင့် လာရောက်ဆွေးနွေးကြသဖြင့် အနာဂတ် ရုပ်ရှင်လောကအတွက် ကောင်းမွန်သည့်အလားအလာ ဖြစ်ကြောင်း၊ ထိုကဲ့သို့ အစီအစဉ်များကို ပုံမှန်လုပ်ဆောင် သွားခြင်းအားဖြင့် ပိုမိုကောင်းမွန်သည့် ရုပ်ရှင်နယ်ပယ် တစ်ခု ပေါ်ပေါက်လာနိုင်မည်ဖြစ်ကြောင်း ပြောသည်။

ယနေ့ အခမ်းအနားတွင် "Yi Yi "ရုပ်ရှင်ဇာတ်ကားနှင့် ပတ်သက်၍ ရုပ်ရှင်မြှင့်တင်ရေး ကော်မတီအဖွဲ့ဝင် ဒေါက်တာအောင်မင်းနှင့် တပည့်များ၊ လေ့လာဆန်းစစ် ရေးဆွဲထားသော ရုပ်ရှင်ခွဲခြမ်းစိတ်ဖြာမှု အချိန်ဇယားကို တက်ရောက်လာကြသူများက စိတ်ပါဝင်စားစွာကြည့်ရှုကြ သည်။



ယခုလို ဆွေးနွေးပွဲများကို လစဉ် ဒုတိယပတ်နှင့် တတိယပတ် တနင်္ဂနွေနေ့တိုင်း ပြုလုပ်သွားမည်ဖြစ်ပြီး ထိုသို့ ပြုလုပ်ရာတွင် မြန်မာနိုင်ငံနှင့် ကိုက်ညီမှုရှိသည့် ကမ္ဘာ့တစ်ဝန်းမှ Art House Film အမျိုးအစား ရုပ်ရှင် ဇာတ်ကားများထဲမှ ဇာတ်ကားများကို အလှည့်ကျ ရွေးချယ် ကာ ပြသပြီးဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာ စေရန်အတွက် အဆိုပါ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲရှိ ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်ရေးစင်တာ၌ ရုပ်ရှင်မူပိုင်ခွင့် ကာကွယ် စောင့်ရှောက်ခြင်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၂၁ ရက်တွင်လည်းကောင်း၊ ရာဇဝင်ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးထုတ်လုပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၁၈ ရက်တွင် လည်းကောင်း ကျင်းပခဲ့သည့်အပြင် ရုပ်ရှင်ဇာတ်ကားကောင်းများ ရိုက်ကူးထုတ်လုပ်ရန်အတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၃ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဖော်**

# မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြု စုပေါင်းသွေးလှူဒါန်း၊ သန့်ရှင်းရေးပြုလုပ်

**မော်လမြိုင် စက်တင်ဘာ ၁၆**

(၅၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြု သောအားဖြင့် စက်တင်ဘာ ၁၅ ရက်က မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီးရှိ သွေးလှူဘဏ်၌ သတင်း ရဲတပ်ဖွဲ့အမှတ်(၅)သတင်းရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ဇော်မင်း အမှတ်(၅/၁)ဒု-တပ်ဖွဲ့ခွဲ(မွန်) ဒု-တပ်ဖွဲ့ခွဲမှူး ယာယီရဲမှူးအေးချိုထွန်း အမှတ်(၅/၂) ဒု-တပ်ဖွဲ့ခွဲ(ကရင်) ဒု-တပ်ဖွဲ့ခွဲမှူး ရဲမှူးစိုးနိုင်နှင့် တပ်ဖွဲ့ဝင်မိသားစု ၂၄ ဦးတို့က ဇီဝိတဒါနအဖြစ် သွေးလှူဒါန်းခဲ့ကြပြီး သွေးလှူဒါန်း သူများအား နွားနို့၊ ကြက်ဥနှင့် Viferron အားဆေးများ တိုက်ကျွေး၍ သတင်းရဲတပ်ဖွဲ့ အမှတ်(၅)တပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ဇော်မင်းနှင့် အမှတ်(၅/၁)ဒု-တပ်ဖွဲ့ခွဲ(မွန်) ဒု-တပ်ဖွဲ့ခွဲမှူး ယာယီရဲမှူး အေးချိုထွန်းနှင့်တပ်ဖွဲ့ဝင် ၃၀ တို့သည် မော်လမြိုင် ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း၌ ချုံနွယ်များအား ရှင်းလင်း၍ စုပေါင်းသန့်ရှင်းရေးလုပ်ခဲ့ ကြကြောင်း သိရသည်။

**ကိုထွန်း(မော်လမြိုင်)**

# ပေါက်မြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ချောင်းရေလျှံမှုဖြစ်



**ပေါက် စက်တင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်၌ စက်တင်ဘာ ၁၅ ရက် နံနက် ၉ နာရီခွဲမှ မွန်းတည့် ၁၂ နာရီအထိ မိုးသည်းထန်စွာရွာသွန်းပြီး မိုးရေချိန် ၄ ဒသမ ၆၁ လက်မထိ ရွာသွန်းခဲ့ရာ ပေါက်ချောင်းရေနှင့် ဆင်ဇာချောင်းရေ တစ်ဟုန်ထိုးစီးဆင်းလာကာ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သည်။

အဆိုပါမိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ဆင်ဇာချောင်းရေသည် ပေါက်မြို့ အောင်တော်မူရပ်ကွက် အနိမ့်ပိုင်းရှိ လူနေအိမ်အချို့တွင် သုံးပေခန့်အထိ မြင့်တက်သည်။ ယင်းနေအိမ်များတွင် မွေးမြူထားသော တိရစ္ဆာန်များ၊ နေအိမ်အသုံးအဆောင် ပစ္စည်းများကို ပေါက်မြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူ ဦးဆောင်ကာ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက အချိန်မီ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ပျက်စီးဆုံးရှုံးမှု မရှိကြောင်း သိရသည်။

ဆက်လက်၍ မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များသည် ပေါက်မြို့အထွက် ပေါက်ချောင်းရေကျော်တံတားပေါ်၌ ချောင်းရေ တစ်ဟုန်ထိုးစီးဆင်းကာ သုံးပေခန့်အထိ မြင့်တက်မှုကြောင့် ချောင်းတစ်ဖက်ကမ်းစီမှ စောင့်ဆိုင်းနေရသော ခရီးသွားယာဉ်များ၊ ကျောင်းသား ကျောင်းသူများနှင့် ခရီးသွားပြည်သူများ၏ အသက်အန္တရာယ် ဘေးကင်းလုံခြုံရေးနှင့် အချိန်မီ ဖြတ်သန်းသွားလာနိုင်ရေး ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဉာဏ်တိုး**

# အင်းစိန်၌ ပြည်သူ့စကားဝိုင်း ဟောပြောဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၁၆**

ရန်ကုန်မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်) လူထုအခြေပြု ဘက်စုံသုံးခန်းမ၌ စက်တင်ဘာ ၁၅ ရက် နံနက် ၉ နာရီတွင် လူငယ်နှင့်အလုပ်အကိုင်အခွင့်အလမ်းခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးဟောပြောပွဲကို ကျင်းပသည်။

ဆွေးနွေးဟောပြောပွဲတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နော်လှလှစိုးက အဖွင့်အမှာစကားပြောကြားပြီး MHTi ဟိုတယ်ခရီးသွားလုပ်ငန်းကျောင်းအုပ်ကြီး ဆရာစောအောင်မြမိုးက ခရီးသွားဝန်ဆောင်မှုနှင့် ဧည့်ဝတ်ကျေပွန်မှုလုပ်ငန်း အကြောင်းအရာအသေးစိတ်များကို ရှင်းလင်းတင်ပြ၍ Vocational Skills Development Program မှ ဒေါ်မင်းအေးက လုပ်ငန်းခွင်နှင့်အသက်မွေးသင်တန်းကျောင်း ပေါင်းစပ်သင်ကြားသည့် လုပ်ငန်း အကြောင်းရှင်းလင်းပြောကြားသည်။

ဟောပြောပွဲသို့ တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းကြရာ ကျောင်းအုပ်ကြီးနှင့် VSDP တို့က ပြန်လည်ဖြေကြားခဲ့ကြကြောင်း သိရသည်။

**၆၈၄**

# ပွင့်ဖြူ၌ အိမ်ထောင်စုစာရင်းများ နေ့ချင်းပြီး ကွင်းဆင်းပြုလုပ်ပေး

**ပွင့်ဖြူ စက်တင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် မုန်းချောင်းဘေးအနီး ကျေးရွာဖြစ်သည့် ဖလံတောကျေးရွာအုပ်စု စွန်းကျေးရွာတွင် မုန်းချောင်းကမ်းပါးပြိုကျမှုကြောင့် အိမ်ထောင်စု ၃၀ ခန့် ရွာခိုင်ကျေးရွာသို့ ပြောင်းရွှေ့လိုကြောင်း သိရှိရသဖြင့် စက်တင်ဘာ ၁၆ ရက် နံနက် ၉ နာရီက ပွင့်ဖြူမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရုံးမှ မြို့နယ်ဦးစီးမှူး ဦးဇော်ရာ ဦးဆောင်သော ဝန်ထမ်းအဖွဲ့က ကွင်းဆင်းသွားရောက်ပြီး ပြောင်းရွှေ့လိုသော အိမ်ထောင်စုဝင်များအား အိမ်ထောင်စုစာရင်းများ နေ့ချင်းပြီး ကွင်းဆင်းပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကျေးရွာအရောက် သွားရောက်ပြီး အိမ်ထောင်စုစာရင်းများ ကွင်းဆင်းပြုလုပ်ပေးရာတွင် ပွင့်ဖြူမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရုံးမှ မြို့နယ်ဦးစီးမှူး ဦးဇော်ရာက မုန်းချောင်းကမ်းပါးပြိုကျမှုကြောင့် အခက်အခဲဖြစ်၍ ပြောင်းရွှေ့လိုသော စွန်းကျေးရွာမှ အိမ်ထောင်စု ၃၀ အား ရွာခိုင်ကျေးရွာသို့ ပြောင်းရွှေ့နေထိုင်နိုင်ရေး အိမ်ထောင်စုစာရင်းများ လာရောက်ပြုလုပ်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အိမ်ထောင်စုစာရင်းများကို မပျောက်ပျက်အောင် စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းသွားရန် အချက်များကို ရှင်းလင်းဆွေးနွေး ပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ပြောင်းရွှေ့လိုသော အိမ်ထောင်စု ၃၀ အား အိမ်ထောင်စုစာရင်းများ နေ့ချင်းပြီး ပြုလုပ်ပေးကာ တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



(၇၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ရင်းတပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များနှင့် စေတနာရှင်၊ သွေးလှူရှင်များ စက်တင်ဘာ ၁၅ ရက်က ဘားအံမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီး တိုးချဲ့သုံးထပ်လူနာဆောင်၌ စုပေါင်းသွေးလှူဒါန်းစဉ်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

# တောင်ငူမြို့နယ် ရဲတပ်ဖွဲ့ဝင်များ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**တောင်ငူ စက်တင်ဘာ ၁၆**

(၇၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ငူမြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက အမှတ်(၁၁) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များနှင့် မိသားစုများက စုပေါင်းသွေးလှူဒါန်းခြင်းနှင့် ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို တပ်ဖွဲ့ခွဲမှူး ယာယီ ဒုတိယရဲမှူးကြီး ဥက္ကာအောင်နှင့် အရာရှိတပ်ဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဖြစ်ပေါ်နိုင်သည်။

## မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ၂၀၁၈ ခုနှစ် စက်တင်ဘာ ၅ ရက်မှ စက်တင်ဘာ ၁၁ ရက်အထိ တစ်ပတ်အတွင်း ထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသူ |
|---|---|---|---|---|
| ၁။ | ကြွေကြွေခြုံလွှာပြဇာတ် | သခင်ဘသောင်း | ၁၇၀၀ | စိတ်ကူးချိုချို |
| ၂။ | ညရေပြင်မှာ . . . 'လ'သံစဉ်သီကာဖွဲ့ပါလို့ | ထက်မြတ်နိုင်ဇင် | ၂၃၀၀ | စိတ်ကူးချိုချို |
| ၃။ | Second Call | ဆန်းကျော်စွာဝင်း | ၃၀၀၀ | ကိုလတ်စာပေ |
| ၄။ | ပီတာဂျိမ်းတို့နှင့်ကလေးတို့ အတူတူ ကစားကြမယ် | ဆရာထိန်လင်း | ၂၀၀၀ | မဖျိုမစာပေ |
| ၅။ | ပီတာဂျိမ်းတို့နှင့်ကလေးတို့ အတူတူ သွားကြမယ် | ဆရာထိန်လင်း | ၂၅၀၀ | မဖျိုမစာပေ |
| ၆။ | ပညာရေးကြောက်ခေတ်ကို ဖြတ်သန်းခြင်း | ဦးမျိုး(မကွေး) | ၂၀၀၀ | ဇွန်ပွင့်စာပေ |
| ၇။ | ဗလာပလိန်း | ကိုး | ၁၅၀၀ | နှစ်ကာလများ |
| ၈။ | မန္တလေးမျဉ်းဖြောင့်များ | ဆူးငှက် | ၂၅၀၀ | ဓူဝံစာပေ |
| ၉။ | ကိုယ်ဝန်ဆောင်မိခင်များအတွက် မေးလိုရာမေး မေ့ရင်သွေး | ဒေါက်တာမြသီတာ | ၂၅၀၀ | ယဉ်မျိုး |
| ၁၀။ | ရွှေဖားငွေဖားပုံပြင်များ | လင်းလက်ကြယ်စင် | ၂၇၀၀ | စိတ်ကူးချိုချို |
| ၁၁။ | သူများထက်နှာတစ်ဖျားသာတဲ့အစွရေး | အောင်ခင် | ၅၀၀၀ | Myanmar Heritage |
| ၁၂။ | ဇာတ်ညွှန်းနှင့်လူ့ဘဝ | မောင်ဒေး | ၄၀၀၀ | နှစ်ကာလများ |
| ၁၃။ | စစ်သားမဟုတ်သော စစ်ဗိုလ်၊ စစ်ဗိုလ်မဟုတ်သော စစ်သားနှင့် -- | ဝေလွင်မောင် | ၄၀၀၀ | မျိုးဆက်သစ် |
| ၁၄။ | ကြောင်တွေဘာကြောင့် ညောင်ညောင်အော်ကြသလဲ | လင်းလက်ကြယ်စင် | ၂၀၀၀ | စိတ်ကူးချိုချို |
| ၁၅။ | ပါပဟိန်ပြဇာတ် | ဦးကြင်ဥ | ၁၆၀၀ | စိတ်ကူးချိုချို |
| ၁၆။ | စကားပန်းလေးတွေ | သျှင်မီးအိမ် (ပန်းတနော်) | ၁၇၀၀ | ခုနစ်စင်ကြယ် |
| ၁၇။ | မြူ (အက်ဆေးများ) | ကလောင်စုံ | ၂၅၀၀ | လင်းသစ်ရောင်စဉ် |
| ၁၈။ | မြို့စားကတော် | စိုးသိဏ်း | ၅၅၀၀ | ရန်ကုန်လမ်းမများ |
| ၁၉။ | ဒေါက်တာနာဇီနှင့် အခြားဝတ္ထုတိုအချို့ | မိုးသက်ဟန် | ၂၀၀၀ | နှစ်ကာလများ |
| ၂၀။ | ပျဉ်းမပန်းတွေရဲ့ အိပ်မက်ထဲက အိမ်အပြန် | သွေး (စစ်ကိုင်း) | ၂၅၀၀ | ၇၇၇၇ စာပေ |
| ၂၁။ | ABN / 4219 ကဗျာစုစည်းမှု | ကလောင်စုံ | ၁၅၀၀ | ဆိပ်ကမ်းသာ |
| ၂၂။ | အသီးအပွင့်ကင်းသောနှစ်များ | မိုယ်းဇော် | ၁၈၀၀ | စိတ်ကူးချိုချို |
| ၂၃။ | မလွယ်တဲ့ခေတ် | ညီဆူးသစ် | ၂၀၀၀ | ယဉ်မျိုး |
| ၂၄။ | ရောသမရာသီဆောင်းပါးများ | မောင်ထွန်းလွင် | ၃၃၀၀ | ခြိုးခြိုး |
| ၂၅။ | ကဗျာအကြောင်းပြောရအောင် | သစ္စာနီ | ၂၅၀၀ | စိတ်ကူးချိုချို |
| ၂၆။ | ကဗျာအလင်းဓာတ်အား ချဉ်းကပ်ပုံဖော်ခြင်းနှင့် ဂန္ထဝင်ကဗျာရေးဖွဲ့နည်း အခြေခံနိဿရည်းများ | ရဲရင့်အောင် | ၃၀၀၀ | စာပေနန်းတော် |
| ၂၇။ | အင်္ဂလိပ်သဒ္ဒါရှုထောင့် | ဦးမိုးမြင့် | ၂၀၀၀ | မျိုးမြန်မာ |
| ၂၈။ | အလှူအမျိုးမျိုးအကျိုးအထွေထွေ | ဆင်တော်မြေ အရှင်ဥတ္တမ | ၂၀၀၀ | ဓမ္မသံတော်ဆင့် |
| ၂၉။ | ကရင်ဗမာသွေးစည်းရေး | ကလောင်စုံ | ၁၅၀၀ | လူငယ်တစ်ယောက် |
| ၃၀။ | ဆန္ဒတစ်ခုကဗျာများ | လွင်မောင်မောင် | ၁၅၀၀ | ယဉ်မျိုး |
| ၃၁။ | ပဋ္ဌမမဏ္ဍိုင်နှင့် အိုနာသေတိုင်းပြည် | အရှင်ပညိန္ဒ | ၃၀၀၀ | ယဉ်မျိုး |
| ၃၂။ | အနောက်တိုင်းမော်ပညာမှတ်တမ်း | စောလင်းဦး (ရေးသူ) | ၄၀၀၀ | မျိုးမြန်မာ |
| ၃၃။ | မှားတတ်သောသတ်ပုံနှင့် မမှားသင့်သောသတ်ပုံများအနှစ်ချုပ် | ရွှေဒါးမောင်မြင့်ထွန်း | ၈၀၀ | အောင်သပြေစာပေ |

# ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၆

**ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အထွေထွေအတွင်းရေးမှူး ဆလိုင်းဝုမ်ဇပြောင်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၆ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**




**ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အထွေထွေအတွင်းရေးမှူး ဆလိုင်းဝုမ်ဇပြောင်**

တိုင်းရင်းသားပြည်သူအပေါင်းတို့အားလုံး မင်္ဂလာပါလို့ ရိုသေစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဆလိုင်းဝုမ်ဇပြောင် (ဆလိုင်းပီပီ) ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီရဲ့ မူဝါဒ၊ သဘောထား၊ ရှေ့လုပ်ငန်းစဉ်များကို တင်ပြသွားမှာဖြစ်ပါတယ်။

**တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-**

ချင်းလူမျိုးတို့က နယ်ချဲ့အင်္ဂလိပ်တို့လက်အောက်မကျရောက်မီ ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးပြီးတော့ မိမိတို့နယ်မြေဒေသကို လွတ်လပ်ငြိမ်းချမ်းစွာ စီမံအုပ်ချုပ်ခဲ့ကြတဲ့ လူမျိုးဖြစ်ပါတယ်။

နယ်ချဲ့အင်္ဂလိပ်လက်အောက်ကို ကျရောက်တဲ့အခါမှာ ချင်းတောင်တန်းဒေသဥပဒေ (The Chin Hill Regulations-1896) ပြဋ္ဌာန်းပြီးတော့ ချင်းတောင်တန်းဒေသကို အုပ်ချုပ်ခဲ့ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်တဲ့ ကိုယ်စားလှယ်များနဲ့ ချင်း၊ ကချင်၊ ရှမ်းခေါင်းဆောင်များဟာ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ရေးအတွက် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ သမိုင်းဝင်ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့တဲ့ ချင်းတိုင်းရင်းသားတို့ဟာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ပူးတွဲတည်ထောင်ကြသူများဖြစ်တဲ့အတိုင်း ပြည်ထောင်စုမြန်မာနိုင်ငံတော် တည်တံ့ခိုင်မြဲရေးအတွက် တာဝန်ရှိတဲ့ လူမျိုးတစ်မျိုးဖြစ်တဲ့အကြောင်း ဖော်ပြလိုပါတယ်။

**တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-**

တိုင်းရင်းသားလူမျိုးခေါင်းဆောင်များက မျှော်မှန်းခဲ့ကြတဲ့ ပင်လုံစာချုပ်ပါ အနှစ်သာရများကို ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာလည်းကောင်း၊ ၁၉၇၄ ခုနှစ်၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမှာသော်လည်းကောင်း၊ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမှာသော်လည်းကောင်း ထည့်သွင်းပြဋ္ဌာန်းခြင်းမရှိသေးတာ တွေ့ရှိရပါတယ်။

လွတ်လပ်ရေးနဲ့အတူ ပေါက်ဖွားလာခဲ့တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ ပြည်တွင်းစစ်ဟာ ယခုဆိုရင် နှစ်ပေါင်း ၇၀ ကြာမြင့်ခဲ့ပါပြီ။ အကြောင်းအရင်းကတော့ ပင်လုံစာချုပ်မှာမျှော်မှန်းထားခဲ့ကြတဲ့ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ် မဖော်ဆောင်နိုင်ခြင်း၊ တိုင်းရင်းသားလူမျိုးများ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်မရှိခြင်း၊ တိုင်းရင်းသားလူနည်းစုတို့အား လွှမ်းမိုးအနိုင်ယူမှုမှ ကာကွယ်ထားတဲ့ အာမခံချက်မရှိခြင်းတို့ကြောင့် ဖြစ်ပါတယ်။ ဒါကြောင့် ပြည်ထောင်စုတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲရေး၊ ပြည်တွင်းစစ်ချုပ်ငြိမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် တိုင်းရင်းသားလူမျိုးများ တန်းတူညီမျှမှုရှိတဲ့ ဖက်ဒရယ်ပြည်ထောင်စုစနစ်တည်ဆောက်ရေး၊ တိုင်းရင်းသားလူမျိုးစုအားလုံး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးဟာ မရှိမဖြစ်အကောင်အထည်ဖော် ဆောင်ရွက်ရမယ့် လိုအပ်ချက်ဖြစ်ပါတယ်။

ချင်းဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ ဖက်ဒရယ်ပြည်ထောင်စုစနစ်တည်ဆောက်ရေး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေးကို မူဝါဒအဖြစ် ချမှတ်လျက်ပါတီကို ထူထောင်ဖွဲ့စည်းခဲ့ပါတယ်။ ဒါ့အပြင် ချင်းတစ်မျိုးသားလုံးကို ကိုယ်စားပြုပြီး ချင်းတစ်မျိုးသားလုံးအတွက် ရပ်တည်ဆောင်ရွက်နိုင်ဖို့ ဥပဒေအရ ရပိုင်ခွင့်များကို အပြည့်အဝရရှိနိုင်ဖို့ ပြည်ထောင်စုဝင် အခြားတိုင်းရင်းသားများနဲ့အတူ ပြည်ထောင်စုတည်တံ့ခိုင်မြဲရေးအတွက် လက်တွဲဆောင်ရွက်နိုင်ဖို့ ချင်းဒီမိုကရေစီအဖွဲ့ချုပ်ကို ဖွဲ့စည်းတည်ထောင်ခဲ့တာဖြစ်ပါတယ်။

ကျွန်တော်တို့ ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီရဲ့ အမှတ်တံဆိပ်အကြောင်း အနည်းငယ်ရှင်းပြလိုပါတယ်။ ပါတီရဲ့ အလံနောက်ခံအရောင်ပေါ်မှာ အနီရောင် တောင်ဇလပ်ပန်းသုံးပွင့်နဲ့ အောက်ချင်းငှက်အဖို၊ အမ နှစ်ကောင် ယှဉ်တွဲကာ ရှေ့သို့ မျက်နှာမူလျက် ထိပ်မှာ Chin League For Democracy Party လို့ ဖော်ပြထားပြီး အောက်ခြေမှာ ပါတီထူထောင်တဲ့ခုနှစ် ၂၀၁၄ လို့ဖော်ပြထားပါတယ်။ အဓိပ္ပာယ်ကတော့ တံဆိပ်ရဲ့ အောက်ခံအရောင်ဟာ ပါတီရဲ့ အလံရောင်ကိုကိုယ်စားပြုပြီး တောင်ဇလပ်ပန်းသုံးပွင့်ဟာ ချင်းတောင်တန်းမှာ ရှင်သန်ပွင့်လန်းနေတဲ့ပန်းကို ကိုယ်စားပြုပါတယ်။ တောင်ဇလပ်ပန်းသုံးပွင့်ကတော့ လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ တန်းတူညီမျှခြင်းကို ရည်ညွှန်းပါတယ်။ အောက်ချင်းငှက်မောင်နှံကတော့ ချင်းအမျိုးသားတို့ရဲ့ သစ္စာတရားကို ကိုယ်စားပြုပြီး ကျား/မ၊ အမျိုးသား/အမျိုးသမီး တန်းတူရည်တူ ယှဉ်တွဲလျက် ချင်းအမျိုးသားရေးနှင့် ပြည်ထောင်စုတည်တံ့ခိုင်မြဲရေးအတွက် သစ္စာရှိရှိ ကြိုးပမ်းဆောင်ရွက်မယ်ဆိုတဲ့ အဓိပ္ပာယ်ကို ဆောင်ထားပါတယ်။

**တိုင်းရင်းသား ပြည်သူအပေါင်းတို့ခင်ဗျား-**

ပါတီရဲ့ မူဝါဒရည်မှန်းချက်များကို ဆက်လက်ရှင်းပြလိုပါတယ်။

နံပါတ်(၁)အနေနဲ့ ချင်းလူမျိုးများအတွက် စစ်မှန်သော ဒီမိုကရေစီစနစ် ရရှိရုံနဲ့ မလုံလောက်သေးပါဘူး။ ပင်လုံစာချုပ်နဲ့ ပင်လုံကတိကဝတ်များအရ တန်းတူညီမျှတဲ့ ဖက်ဒရယ်ပြည်ထောင်စုစနစ် တည်ဆောက်မှသာလျှင် ချင်းလူမျိုးများအပါအဝင် တိုင်းရင်းသားလူမျိုးအားလုံးအနေနဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးမှာ တန်းတူတဲ့လုပ်ပိုင်ခွင့် ရရှိကြမှာဖြစ်ပါတယ်။

ဒါ့အပြင် ချင်းမျိုးနွယ်စုများအကြားမှာလည်း မျိုးနွယ်စုကြီးက မျိုးနွယ်စုငယ်များကို လွှမ်းမိုးအသာစီးရယူမှုမရှိစေဖို့ တန်းတူညီမျှမှုကို အဓိကဖော်ဆောင်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရာမှာ ဖက်ဒရယ်ပြည်ထောင်စုစနစ်နဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို မလွဲမသွေထည့်သွင်းဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို အစိုးရရဲ့ မဖြစ်မနေလုပ်ဆောင်ရမယ့် တာဝန်ဖြစ်ပြီးတော့ ဘယ်အစိုးရပဲတက်တက် မလွဲမသွေလုပ်ရမယ့် အလုပ်ဖြစ်တဲ့အတွက် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကသာ တိုင်းရင်းသားအားလုံးအတွက် ပိုပြီးအရေးကြီးကြောင်း တင်ပြအပ်ပါတယ်။

နံပါတ်(၂)အနေနဲ့ ပင်လုံစာချုပ်အရ ပြည်ထောင်စုမြန်မာနိုင်ငံမှာ လူမျိုးတစ်မျိုးအဖြစ် ပါဝင်လာတဲ့အခါ ချင်းတောင်တန်းဒေသကို ပြည်နယ်မပေးဘဲ ချင်းဝိသေသတိုင်းအဆင့်ကိုသာ ပေးအပ်ခဲ့တဲ့အတွက် ချင်းလူမျိုးတို့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး လုပ်ပိုင်ခွင့်များ ဆုံးရှုံးခဲ့ရပါတယ်။ ဒီလိုလက်လွှတ်ဆုံးရှုံးခဲ့ရတဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးခွင့်ကို ပြန်လည်ရရှိရေးအတွက် ချင်းအမျိုးသားတစ်ရပ်လုံး ဥပဒေဘောင်အတွင်းကနေ ကြိုးပမ်းကြရမှာဖြစ်ပါတယ်။

နံပါတ်(၃)ကတော့ ချင်းပြည်နယ်ဟာ ဆင်းရဲမွဲတေမှုအကြီးဆုံးဒေသဖြစ်နေတာဟာ ခေတ်အဆက်ဆက် တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးကို မဆောင်ရွက်နိုင်ခဲ့လို့ ဖြစ်ပါတယ်။ ယခုအခါ ပြည်ထောင်စုမြန်မာနိုင်ငံမှာ ချင်းတိုင်းရင်းသားတို့အနေနဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့မှာ လုပ်ပိုင်ခွင့်အပြည့်အဝရရှိရေးကို ဆောင်ရွက်ဖို့လိုအပ်နေပါတယ်။

**တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-**

နံပါတ်(၄)အနေနဲ့ တင်ပြချင်တာကတော့ မြန်မာနိုင်ငံဟာ စီဒေါ (CEDAW) နဲ့ စီအာရ်စီ(CRC) စာချုပ်များကို လက်မှတ်ရေးထိုးတဲ့နိုင်ငံဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ကြေညာစာတမ်းကိုလည်း လက်မှတ်ရေးထိုးပြီး ဖြစ်ပါတယ်။ ဒါကြောင့် ကလေးသူငယ်များ အခွင့်အရေး အပြည့်အဝရရှိနိုင်ရေး၊ အမျိုးသမီးများ အကြမ်းဖက်ခံရမှုမှ ကင်းဝေးရေး၊ ကျား/မ တန်းတူညီမျှရေး၊ ဘာသာရေးလွတ်လပ်ခွင့်၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်၊ လူနည်းစုအခွင့်အရေး အပြည့်အဝရရှိရေးအတွက် အာမခံချက်ရရှိရေးဟာ အထူးအရေးကြီးပါတယ်။

ဒါကြောင့် ချင်းဒီမိုကရေစီအဖွဲ့ ချုပ်အနေနဲ့ အထက်ပါအခွင့်အရေးများကို ချင်းလူမျိုးများအပါအဝင် တိုင်းရင်းသားအားလုံးက အပြည့်အဝခံစားနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမှာဖြစ်ပါတယ်။




နံပါတ်(၅) အချက်အနေနဲ့ တင်ပြချင်တာကတော့ တိုင်းရင်းသားလူနည်းစုများနဲ့ ချင်းတိုင်းရင်းသားတို့ရဲ့ အခွင့်အရေးကို ထိခိုက်နစ်နာမှုမရှိစေရန် လုံလောက်သော အကာအကွယ်ရရှိဖို့ အခြေခံဥပဒေပြဋ္ဌာန်းရေးဆွဲဖို့ ဖြစ်ပါတယ်။

နောက်တစ်ချက်အနေနဲ့ ချင်းလူမျိုးများဟာ ချင်းပြည်နယ်မှာသာမက ပြည်နယ်ပြင်ပဖြစ်တဲ့ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့မှာ ပျံ့နှံ့နေထိုင်လျက်ရှိကြပါတယ်။ အခြားနိုင်ငံများမှာလည်း ကမ္ဘာအနှံ့ ပြန့်ကျဲနေထိုင်လျက်ရှိကြပါတယ်။ ချင်းပါတီနိုင်ငံရေး ခေါင်းဆောင်များအနေနဲ့ ချင်းလူမျိုးတစ်ဦးချင်းရဲ့ ဥပဒေအရ ရပိုင်ခွင့်များ အပြည့်အဝရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးမှာ ချင်းလူမျိုးတို့နေထိုင်တဲ့ နေရာဒေသမှာရှိတဲ့ နိုင်ငံသားများနည်းတူ အခွင့်အရေးတန်းတူညီတူ ရရှိရေးဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ လူနည်းစုဖြစ်တဲ့အတွက် လွှမ်းမိုးခြယ်လှယ်ခြင်းမခံရစေရန် လုံလောက်တဲ့ အကာအကွယ်ရရှိရေးအတွက် ဥပဒေပြဋ္ဌာန်းနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးဖို့လည်း လိုအပ်ပါတယ်။

နောက်ဆုံးအချက်အနေနဲ့ ချင်းပြည်နယ်ရဲ့လူဦးရေဟာ ငါးသိန်းနီးပါးမျှသာ ရှိပါတယ်။ ပြည်နယ်ပြင်ပမှာရှိတဲ့ ချင်းလူမျိုးတို့ရဲ့လူဦးရေနဲ့ပေါင်းလျှင်ပင် လူဦးရေ တစ်သန်းခန့်သာရှိတဲ့အခြေအနေမှာ ကွဲပြားမှုကိုဖြစ်စေတဲ့ လုပ်ရပ်မျိုးကို ရှောင်ကြဉ်လျက် ချင်းတစ်မျိုးသားလုံး စည်းလုံးညီညွတ်ရေးနဲ့ တစ်လုံးတစ်ဝတည်းဖြစ်ရေးကို ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ကိစ္စတစ်ခုစီတိုင်းမှာ ချင်းလူမျိုးနွယ်စုအားလုံးတို့ဟာ အမြင်ချင်း၊ ခံယူချက်ချင်း တူညီကြမည်မဟုတ်ဆိုသော်လည်းပဲ ကွဲပြားခြားနားတဲ့ အတွေးအမြင်၊ ယုံကြည်ချက်တို့ကိုစုစည်းပြီးတော့ အပြန်အလှန်ညှိနှိုင်းလျက် နားလည်မှုနဲ့ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ဒီရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ တိုင်းရင်းသားလူမျိုးများ စည်းလုံးညီညွတ်ရေးကို အစဉ်ရှေးရှုပြီးတော့ ချင်းဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ မူဝါဒ၊ ရည်မှန်းချက်နဲ့တူညီတဲ့ ချင်းနိုင်ငံရေးပါတီများ၊ စစ်မှန်တဲ့ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးနှင့် တိုင်းရင်းသားလူမျိုးများအားလုံး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးအတွက် လှုပ်ရှားဆောင်ရွက်နေကြတဲ့ အခြားနိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့်အတူတကွ လက်တွဲဆောင်ရွက်မည်ဖြစ်ကြောင်း တင်ပြလိုပါတယ်။

ချင်းဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ၂၀၁၅ခုနှစ် UPDJC မှာ နိုင်ငံရေးပါတီကိုယ်စားပြုအဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ပြီး နိုင်ငံရေးဆွေးနွေးမှုမှာ မူဘောင်ရေးဆွဲရေးတွင်လည်းကောင်း၊ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်ကနေ ၁၆ ရက်နေ့အထိ ကျင်းပပြုလုပ်သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှာ ဦးဆောင်ပါဝင်ခဲ့သည့်အတိုင်း ကြားဖြတ်ရွေးကောက်ပွဲရလဒ်အပေါ် အခြေပြုပြီး ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာ ပါဝင်ရန်ဆန္ဒရှိကြောင်းလည်း ဖော်ပြလိုပါတယ်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့မှာ ကျင်းပပြုလုပ်မည့် ကြားဖြတ်ရွေးကောက်ပွဲမှာ ချင်းဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ချင်းပြည်နယ် မတူပီမြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်အမှတ် (၁)မှာ ဆလိုင်းအောင်လျန်းကလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် တမူးမြို့နယ် တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ်အမှတ်(၂)တွင် ဦးအွန်ခေါ်ထန်(ခ)ဦးချစ်မောင်ကလည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်အရွေးခံမည် ဖြစ်ပါတယ်။ တိုင်းရင်းသားပြည်သူအပေါင်းကနေ မဲပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါတယ်။

တိုင်းရင်းသားပြည်သူအပေါင်းတို့ ခင်ဗျာ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်ပါရစေ။

ကျေးဇူးတင်ပါတယ်။

# ဗြိတိန်နှင့် အာဂျင်တီးနား သတင်းထောက်များ ဗင်နီဇွဲလား နယ်စပ်ဒေသ၌ ထိန်းသိမ်းခံရ



**ကာရာကာ့စ် စက်တင်ဘာ ၁၆**

ကိုလံဘီယာနိုင်ငံနှင့် ထိစပ်နေသော ဗင်နီဇွဲလားနိုင်ငံ အနောက်မြောက်ပိုင်း နယ်စပ်ဒေသ၌ ဗြိတိန်နိုင်ငံသား သတင်းထောက်နှစ်ဦးနှင့် အာဂျင်တီးနားနိုင်ငံသား သတင်းထောက်တစ်ဦးတို့ကို ဗင်နီဇွဲလားတပ်မတော်က ထိန်းသိမ်းခဲ့ကြောင်း နိုင်ငံတော် စာနယ်ဇင်း သမဂ္ဂက စက်တင်ဘာ ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။

အာဂျင်တီးနား သတင်းထောက် လော်ရာဆာရာဗီယာသည် အင်္ဂလိပ်လူမျိုးသတင်းထောက်နှစ်ဦးဖြစ်ကြသော ဘာနီဂရင်းနှင့် ဒန်ရေးဗားတို့နှင့်အတူ ဗင်နီဇွဲလားနိုင်ငံမှ ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေချိန်တွင် ထိန်းသိမ်းခံလိုက်ရကြောင်း ဗင်နီဇွဲလား စာနယ်ဇင်း သမဂ္ဂက အင်တာနက်လူမှုကွန်ရက် မီဒီယာတွစ်တာမှ တစ်ဆင့် ထုတ်ပြန်ကြေညာသည်။

အဆိုပါသတင်းထောက်သုံးဦးသည် ဗင်နီဇွဲလားနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့် ပတ်သက်၍ သတင်းရေးသားနိုင်ရန် ယင်းနိုင်ငံတွင် သုံးရက်ကြာနေထိုင်ခဲ့ကြပြီးနောက် ထိန်းသိမ်းခံရခြင်းဖြစ်ပြီး လောလောဆယ် ၎င်းတို့ မည်သည့်နေရာသို့ ရောက်ရှိနေသည်ကို မသိရကြောင်း၊ ၎င်းတို့သုံးဦးစလုံးသည် ဗြိတိသျှရုပ်မြင်သံကြားထုတ်လုပ်ရေးကုမ္ပဏီ အိုင်တီအင်န်တွင် အလုပ်လုပ်နေသူများဖြစ်သည်ဟု ၎င်းတို့၏ ဆိုရှယ်မီဒီယာ ကိုယ်ရေးမှတ်တမ်းများတွင် ဖော်ပြထားကြောင်း ဗင်နီဇွဲလား စာနယ်ဇင်းသမဂ္ဂက ပြောကြားသည်။

**အေအက်ဖ်ပီ**

# ဝင်ရိုးစွန်းရေခဲချပ်လွှာကြီးများပြောင်းလဲမှု လေ့လာရန် နာဆာက ဂြိုဟ်တုလွှတ်တင်

**လော့စ်အိန်ဂျလိစ် စက်တင်ဘာ ၁၆**

ရာသီဥတု ပြောင်းလဲလာမှုအရ ပိုမိုပူနွေးလာနေစဉ် ကမ္ဘာတစ်ဝန်း ရေခဲပြင်လွှာချပ်ကြီးများ ဆုတ်ယုတ်လာမှု အခြေအနေကို လေ့လာနိုင်ရန်လည်းကောင်း၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်မှု အခြေအနေနှင့် ပတ်သက်၍ ကြိုတင်ဟောကိန်းထုတ်မှုများ တိကျမှန်ကန်စေရန် လည်းကောင်း သတင်း အချက်အလက်များထောက်ပံ့ပေးမည့် ဂြိုဟ်တုတစ်လုံးကို အမေရိကန် အာကာသအေဂျင်စီ (နာဆာ) က လွှတ်တင်လိုက်ကြောင်း အေအက်ဖ်ပီ သတင်းဌာနက စက်တင်ဘာ ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။



နာဆာ၏ ခေတ်အမီဆုံး နည်းပညာသုံးဂြိုဟ်တုကို အိုင်စီအီးဆက်-၂ ဟု အမည်ပေးထားပြီး ကာလီဖိုးနီးယားပြည်နယ်ရှိ ဗန်ဒင်ဘာ့ဂ် လေတပ်စခန်းတွင် စက်တင်ဘာ ၁၅ ရက်က ဒယ်လ်တာ-၂ ဒုံးပျံယာဉ်ဖြင့် လွှတ်တင်ခဲ့သည်။

မိမိတို့ မှီတင်းနေထိုင်ရာ ကမ္ဘာဂြိုဟ်ပေါ်တွင် စဉ်ဆက်မပြတ် ပြောင်းလဲနေသော ဝင်ရိုးစွန်း ရေခဲချပ်လွှာကြီးများ၏ အခြေအနေကို စူးစမ်းလေ့လာနိုင်မည်ဖြစ်ကြောင်း နာဆာ၏ ရုပ်မြင်သံကြားသတင်းတွင် ဖော်ပြသည်။

ဝင်ရိုးစွန်းဒေသရှိ ရေခဲချပ်လွှာကြီးများ၏ အခြေအနေကို သိရှိနိုင်ရန် နာဆာက ကမ္ဘာပတ်လမ်းကြောင်း အတွင်းသို့ အာကာသလေဆာဂြိုဟ်တု တစ်လုံးလွှတ်တင်ခြင်းမှာ ဆယ်စုနှစ်တစ်စုနီးပါးကြာ ကာလအတွင်း ပထမဆုံးအကြိမ် ဖြစ်သည်ဆို၏။

လွန်ခဲ့သည့် ကိုးနှစ်တာကာလ အတွင်း 'ရေခဲတံတားစစ်ဆင်ရေး'ဟု အမည်ပေးထားသော စူးစမ်းလေ့လာရေးအစီအစဉ်အရ အာတိတ်နှင့်အန္တာတိကဒေသတို့၏ ဝေဟင်အတွင်း လေယာဉ်ပျံသန်းကာ သတင်းအချက်အလက်များကို ရယူစုဆောင်းပြီး ရေခဲပြင်လွှာ ပြောင်းလဲမှု အခြေအနေကို သုတေသနပြု လေ့လာခဲ့ကြောင်း၊ သို့ရာတွင် ရေခဲချပ်လွှာများကို နောက်ဆုံးပေါ် နည်းပညာဖြင့် အာကာသမှ စူးစမ်းလေ့လာခြင်းမှာ ပိုမို၍ တိကျမှုရှိကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားကြသည်။

အမေရိကန်ဒေါ်လာ တစ်ဘီလီယံ အကုန်အကျခံ၍ တည်ဆောက်ခဲ့သော အဆိုပါဂြိုဟ်တုသည် ဂရင်းလန်းကျွန်းနှင့် အန္တာတိကတိုက်တို့ရှိ ရေခဲချပ်လွှာကြီးများ၏ နှစ်စဉ် ပြောင်းလဲမှု အခြေအနေကို တွက်ချက်နိုင်ရန် သတင်းအချက်အလက်များ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း နာဆာ၏ ကြေညာချက်တွင် ဖော်ပြထားသည်။

ဝင်ရိုးစွန်းဒေသရှိ ရေခဲချပ်လွှာကြီးများ ဖုံးလွှမ်းမှု အကျယ်အဝန်းကို တွက်ချက်နိုင်ရုံမျှသာမဟုတ်၊ ရေခဲချပ်လွှာကြီးများ၏ လျှောထောင့်နှင့် အမြင့်တို့ကိုပါ တိုင်းတာတွက်ချက်ပေးနိုင်မည်ဖြစ်ကြောင်း ကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

**အေအက်ဖ်ပီ**

## တောင်နှင့်မြောက်ကိုရီးယား နှစ်နိုင်ငံထိပ်သီးအစည်းအဝေး စက်တင်ဘာ ၁၈ ရက်တွင် ကျင်းပမည်

**ဆိုးလ် စက်တင်ဘာ ၁၆**

တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားနှစ်နိုင်ငံ ထိပ်သီးအစည်းအဝေး အောင်မြင်စွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်မှုများလုပ်ဆောင်ရန်အတွက် တောင်ကိုရီးယားအစိုးရက အဖွဲ့တစ်ဖွဲ့ ပြုံယမ်းသို့ ယနေ့စေလွှတ်ခဲ့ကြောင်း သတင်းများအရ သိရသည်။

အဆိုပါအဖွဲ့တွင် သက်တော်စောင့်များ၊ အခမ်းအနားဆိုင်ရာ တာဝန်ရှိသူများနှင့် မီဒီယာသမားများ အပါအဝင် လူ ၉၀ ပါဝင်ကြောင်းသိရသည်။ ထိပ်သီးအစည်းအဝေးကို စက်တင်ဘာ ၁၈ ရက်တွင် ပြုံယမ်းမြို့၌ ကျင်းပမည်ဖြစ်သည်။ ထိပ်သီးအစည်းအဝေးသည် သုံးရက်ကြာမြင့်မည်ဖြစ်ပြီး သမ္မတမွန်းဂျယ်အင်းလက်ထက်တွင် သုံးကြိမ်မြောက် နှစ်နိုင်ငံထိပ်သီး အစည်းအဝေးလည်း ဖြစ်သည်။

သမ္မတမွန်းဂျယ်အင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီး ကန်ကျောင်းဝါ၊ ကိုရီးယားနှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းရေးဝန်ကြီး ချိုမြောင်ဂျောင်နှင့် အမျိုးသားလုံခြုံရေးအဖွဲ့ အကြီးအကဲ ချောင်းယူယောင်တို့သည် ထိပ်သီးအစည်းအဝေးတက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။ အမျိုးသားလုံခြုံရေးအဖွဲ့အကြီးအကဲ ချောင်းယူယောင်သည် ယခုလအစောပိုင်းက မြောက်ကိုရီးယားနိုင်ငံသို့ အထူးသံတမန်အဖြစ် သွားရောက်ခဲ့သူဖြစ်သည်။

ထို့ပြင် ဆမ်ဆောင်းအီလက်ထရွန်နစ်ကုမ္ပဏီမှ ဒုတိယဥက္ကဋ္ဌ လီဂျေးယောင်နှင့် Hyundai မော်တော်ကားကုမ္ပဏီမှ ဒုတိယဥက္ကဋ္ဌ ကင်မ်ယောင်ဝှန်းတို့အပါအဝင် အခြားစီးပွားရေးလုပ်ငန်းရှင်များ လိုက်ပါသွားမည်ဖြစ်သည်။ သမ္မတမွန်းဂျယ်အင်းနှင့်အတူ တောင်ကိုရီးယား ကိုယ်စားလှယ်အဖွဲ့တွင် လူဦးရေ ၂၀၀ ခန့် လိုက်ပါမည်ဖြစ်ရှိကြောင်း သိရသည်။နှစ်နိုင်ငံထိပ်သီးအစည်းအဝေးပွဲသည် ကိုရီးယားနှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်သည့်အပြင် ကိုရီးယားကျွန်းဆွယ်ဒေသတွင်း နျူကလီးယား လက်နက်ကင်းစင်ပပျောက်ရေးနှင့်ပတ်သက်ပြီး အမေရိကန်နှင့် မြောက်ကိုရီးယားနှစ်နိုင်ငံအကြား ဆွေးနွေးညှိနှိုင်းမှုများအတွက် အထောက်အကူ ဖြစ်စေနိုင်ကြောင်း တောင်ကိုရီးယားသမ္မတရုံးက ပြောကြားခဲ့သည်။

ထို့ပြင် အဆိုပါထိပ်သီးအစည်းအဝေးကြောင့် တောင်ကိုရီးယားအစိုးရ၏ ကိုရီးယားကျွန်းဆွယ်ဒေသအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် စီးပွားရေးအခွင့်အလမ်းများစွာရရှိမည်ဖြစ်သည်။ အဆိုပါထိပ်သီးအစည်းအဝေးတွင် သတင်းရယူမည့် တောင်ကိုရီးယားနှင့် နိုင်ငံခြားမီဒီယာသမားများအတွက် လူ ၈၀၀ ဝင်ဆံ့သည့် မီဒီယာစင်တာတစ်ခုကို တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် ထားရှိမည်ဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

# ဖိလစ်ပိုင်နိုင်ငံတွင် ပြင်းထန်စွာတိုက်ခတ်ခဲ့သော စူပါတိုင်ဖွန်းမုန်တိုင်း ဟောင်ကောင်ကိုဖြတ်သန်း

**တူ့ဂွဲဂါရောင်း စက်တင်ဘာ ၁၆**

ဖိလစ်ပိုင်နိုင်ငံ၌ လူပေါင်း ၃၀ ထက်မနည်း သေဆုံးမှုကို ဖြစ်ပေါ်စေသည်အထိ မွှေနှောက် တိုက်ခတ်ခဲ့သော စူပါတိုင်ဖွန်းမုန်တိုင်းသည် တရုတ်နိုင်ငံ၏ ကုန်းမကြီးတည်ရှိရာဘက်သို့ ဦးတည်ရွေ့လျားစဉ်အတွင်း ဟောင်ကောင်ကျွန်းကို ဖြတ်သန်းတိုက်ခတ်ခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက စက်တင်ဘာ ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။

'မန်းကွတ်'ဟု အမည်ပေးထားသော တိုင်ဖွန်းမုန်တိုင်းသည် ယခုနှစ်အတွင်း ကမ္ဘာ့အကြီးဆုံး မုန်တိုင်းအဖြစ် သတ်မှတ်ထားပြီး ဖိလစ်ပိုင်နိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း အဓိကလုပ်ကိုင်ရာဒေသကို ဖျက်ဆီးပစ်ခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်းရှိ အဓိကကျွန်းကြီးဖြစ်သော လူဇုန်ကျွန်း၌ မုန်တိုင်းတိုက်ခတ်မှုကို အလူးအလဲ ခံစားခဲ့ကြရသည်။ မိုးသည်းထန်စွာရွာသွန်းမှုနှင့်အတူ ရေကြီးရေလျှံမှုများဖြစ်လာခဲ့ပြီး သစ်ပင်များ အမြစ်မှ ပြုတ်ထွက်ခြင်းနှင့် မြေပြိုမှုဖြစ်စဉ် ဒါဇင်ပေါင်းများစွာ တွေ့ကြုံခဲ့ရသည်။

တရုတ်နိုင်ငံ၏ အထူးအုပ်ချုပ်ခွင့်ရဒေသဖြစ်သော ဟောင်ကောင်တွင် မိုးလေဝသအာဏာပိုင်များက ပြည်သူများအား အမြင့်ဆုံးအဆင့် သတိပေးချက် ထုတ်ပြန်ပေးခဲ့သည်။

ဟောင်ကောင်ကျွန်းကို မုန်တိုင်းဖြတ်ကျော်စဉ် တစ်နာရီလျှင် ၂၃၂ ကီလိုမီတာ(၁၄၅မိုင်)နှုန်းဖြင့် လေပြင်းတိုက်ခတ်ခဲ့သည်။

ဟောင်ကောင်ကျွန်း၏ တောင်ပိုင်းဒေသသည် မုန်တိုင်းဒဏ်ကို အပြင်းအထန် ခံစားခဲ့ရပြီး သစ်ပင်များလဲပြိုခြင်း၊ မိုးမျှော်တိုက်တာ အဆောက်အအုံများ၏ မှန်ပြတင်းအချို့ ပြိုကွဲခြင်းတို့ ရှိခဲ့ကြောင်း၊ မိုးမြင့်တိုက်အချို့မှာ တုန်ခါမှုကိုပင် တွေ့ကြုံရပြီး လမ်းများပိတ်ဆို့သွားခဲ့ရကြောင်း သတင်းတွင် ဖော်ပြထားသည်။

ဖိလစ်ပိုင်နိုင်ငံ၌ မုန်တိုင်းကြောင့် ထိခိုက်ပျက်စီးရမှု အခြေအနေကို တာဝန်ရှိသူများက တွက်ချက်နေဆဲဖြစ်သည်။ လူဇုန်ကျွန်းမြောက်ပိုင်းတွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် လူပေါင်း ၃၀ ထက်မနည်း သေဆုံးခဲ့ရသည်ဟု ရဲတပ်ဖွဲ့က အတည်ပြုပြောကြားသည်။

ဘက်ဂါအိုမြို့၌ နေအိမ်များ ပြိုလဲခြင်း၊ အိမ်ခေါင်မိုးများ လန်ထွက်ခြင်း၊ လျှပ်စစ်ဓာတ်အားပေးလိုင်းများ ပြိုလဲခြင်းစသည်တို့ ဖြစ်ပေါ်ခဲ့သည်။ မြေပြိုမှုများကြောင့် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခဲ့ရပြီး ဒေသအချို့မှာ



ယခုထက်တိုင် ရေကြီးရေလျှံမှုကို တွေ့ကြုံခံစားနေရဆဲဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဆန်စပါးနှင့် ပြောင်းဖူးအဓိက ထုတ်လုပ်ရာ လူဇုန်ကျွန်း မြောက်ပိုင်းဒေသတွင် ရေလွှမ်းမှုဖြစ်ပေါ်ခဲ့ပြီး ရိတ်သိမ်းရတော့မည့်အချိန် တစ်လမျှပင် မရှိတော့ချိန်တွင် စိုက်ခင်းများ ရေနစ်မြုပ်ခဲ့ရသည်။

**အေအက်ဖ်ပီ**



# ကလပ်နှင့်နိုင်ငံအတွက် ဂိုး ၅၀၀ ပြည့်သွင်းယူခဲ့ပြီးနောက် ဂိုးသွင်းအရှင်သခင်အဖြစ် အီဘရာဟီမိုဗစ် ကြွေးကြော်

ဆွီဒင်တိုက်စစ်မှူး အီဘရာဟီမိုဗစ်သည် နိုင်ငံနှင့် ကလပ်အသင်းတို့အတွက် သွင်းဂိုး ၅၀၀ ပြည့်သွင်းယူနိုင်ခဲ့ပြီးနောက် ဂိုးသွင်းအရှင်သခင် ဖြစ်ကြောင်း ကြွေးကြော်ခဲ့သည်။

အသက် ၃၆ နှစ်အရွယ်ရှိ တိုက်စစ်မှူး အီဘရာဟီမိုဗစ်သည် မေဂျာလိဂ်ပြိုင်ပွဲဖြစ်သည့် အယ်လ်အေဂလက်ဆီအသင်းနှင့် တိုရန်တိုအသင်းတို့၏ ပွဲစဉ်တွင် ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် ကစားသမားဘဝသွင်းဂိုး စုစုပေါင်း ၅၀၀ ပြည့်မြောက်ခဲ့ခြင်းဖြစ်သည်။

အီဘရာဟီမိုဗစ် ဂိုးသွင်းယူနိုင်ခဲ့သော်လည်း အယ်လ်အေဂလက်ဆီအသင်းမှာ တိုရန်တိုအသင်းကို ငါးဂိုး-သုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့ကြောင်းလည်း သိရသည်။

အီဘရာဟီမိုဗစ်သည် သွင်းဂိုး ၅၀၀ ပြည့်သွင်းယူခဲ့ပြီးနောက် သွင်းဂိုး ၅၀၀ ဆိုသည့်စာတန်းနှင့်အတူ ဂိုးသွင်းအရှင်သခင်(God of Goals)ဟု ရုပ်ရှင်ပိုစတာပုံစံဖြင့် ၎င်း၏တွစ်တာစာမျက်နှာတွင် တင်ထားခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး အီဘရာဟီမိုဗစ်သည် ၎င်း၏ ကစားသမားဘဝတွင် မယ်လ်မိုအသင်းနှင့်အတူ သွင်းဂိုး ၁၈ ဂိုး၊ အေဂျက်အသင်းနှင့်အတူ သွင်းဂိုး ၄၈ ဂိုး၊ ဂျူဗင်တပ်အသင်းနှင့်အတူ သွင်းဂိုး ၂၆ ဂိုး၊ အင်တာမီလန်အသင်းနှင့်အတူ သွင်းဂိုး ၆၆ ဂိုး၊ ဘာစီလိုနာအသင်းနှင့်အတူ သွင်းဂိုး ၂၂ ဂိုး၊ အေစီမီလန်အသင်းနှင့်အတူ သွင်းဂိုး ၅၆ ဂိုး၊ ပီအက်စ်ဂျီအသင်းနှင့်အတူ သွင်းဂိုး ၁၅၆ ဂိုး၊ မန်ယူအသင်းနှင့်အတူ သွင်းဂိုး ၂၉ ဂိုး၊ ဆွီဒင်နိုင်ငံလက်ရွေးစင်အသင်းနှင့်အတူ ၆၂ ဂိုး အသီးသီးသွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။

ငွေကြယ် - ရေးသားသည်

# ရီးယဲလ်ဆိုစီဒက်ကို အနိုင်ရပြီး လေးပွဲဆက်နိုင်ပွဲနှင့်အတူ လာလီဂါအမှတ်ပေးဇယားတွင် ဘာစီလိုနာ ထိပ်ဆုံးက ဦးဆောင်နေ

ဘာစီလိုနာအသင်းသည် စပိန်လာလီဂါပွဲစဉ်(၄)အဖြစ် ရီးယဲလ်ဆိုစီဒက်အသင်း၏ အိမ်ကွင်း၌ သွားရောက်ကစားခဲ့ရာ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းသို့ အနိုင်ရရှိခဲ့ခြင်းကြောင့် ဘာစီလိုနာအသင်းသည် လေးပွဲကစားအပြီးတွင် ရမှတ် ၁၂ မှတ်ရရှိထားကာ လာလီဂါအမှတ်ပေးဇယားတွင် ထိပ်ဆုံးမှ ဆက်လက်ဦးဆောင်ထားနိုင်ခဲ့ကြောင်း သိရသည်။

ရီးယဲလ်ဆိုစီဒက်အသင်းနှင့် ဘာစီလိုနာအသင်းတို့၏ ပွဲစဉ်တွင် ရီးယဲလ်ဆိုစီဒက်အသင်းသည် အီလူစတန်ဒို၏ သွင်းဂိုးဖြင့် ပထမပိုင်းပွဲကစားချိန် ၁၂ မိနစ်မှာပင် ဦးဆောင်ဂိုးရရှိခဲ့ပြီး ဘာစီလိုနာအသင်းအတွက် ချေပဂိုးနှင့် အနိုင်ဂိုးကိုမူ တိုက်စစ်မှူး ဆွာရတ်ဇ်က ပွဲကစားချိန် ၆၃ မိနစ်တွင်လည်းကောင်း၊ တိုက်စစ်မှူး ဒမ်ဘီလီက ပွဲကစားချိန် ၆၆ မိနစ်တွင်လည်းကောင်း သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းသည် အဆိုပါပွဲစဉ်တွင် ရီးယဲလ်ဆိုစီဒက်အသင်း၏ တန်ပြန်တိုက်စစ်မှ သီယိုဟာနန်ဒက်ဇ်နှင့် အိုယာဇာဘယ်တို့၏ သွင်းဂိုးများကိုလည်း ဂိုးသမားတာစတီဂန်က လက်စွမ်းပြကာ ကွယ်နိုင်ခဲ့ခြင်းကြောင့်လည်း အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

လက်ရှိ လာလီဂါအမှတ်ပေးဇယားတွင် ဘာစီလိုနာအသင်းက ထိပ်ဆုံးမ ဦးဆောင်ထားကာ ရီးယဲလ်မက်ဒရစ်အသင်းက ရမှတ် ၁၀ မှတ်ဖြင့် ဒုတိယနေရာက ရပ်တည်လျက်ရှိကြောင်း သိရသည်။






# အဲဗာတန်အသင်းပိုင်ရှင် မိုရှီရီက ရွန်းနီအား အသင်းတွင် ဆက်ထားရန်ဆန္ဒမရှိကြောင်း သိရှိခဲ့မှု ရွန်းနီ ဖွင့်ဟ

တိုက်စစ်မှူး ရွန်းနီသည် ငယ်စဉ်ဘဝကတည်းက ကစားခဲ့သည့် အဲဗာတန်အသင်းအား နှစ်ပေါင်း ၂၀ ကြာအတွင်းမှာ ဆုဖလားတစ်လုံးရရှိအောင် ကူညီရန် ဆန္ဒရှိခဲ့သော်လည်း အဲဗာတန်အသင်းပိုင်ရှင် မိုရှီရီကမူ ရွန်းနီအား အဲဗာတန်အသင်းတွင် ဆက်ထိန်းထားရန် ဆန္ဒမရှိခဲ့သည်ကို တဖြည်းဖြည်း သိရှိလာခဲ့ကြောင်း ရွန်းနီက ဆိုသည်။

တိုက်စစ်မှူး ရွန်းနီသည် ၂၀၀၄ ခုနှစ်က အဲဗာတန်အသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ၂၀၁၇ ခုနှစ် ဇူလိုင်လတွင် မန်ယူအသင်းမှ ထွက်ခွာကာ အသင်းဟောင်းအဲဗာတန်အသင်းသို့ ပြန်လည်ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

မန်ယူအသင်းတွင် ပုံမှန်ပွဲထွက်ခွင့်မရရှိခဲ့သဖြင့် အဲဗာတန်အသင်းသို့ ပြန်လည်ပြောင်းရွှေ့ခဲ့ရာတွင် အဲဗာတန်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့သော်လည်း အသင်းပိုင်ရှင်မိုရှီရီကမူ တိုက်စစ်မှူး ရွန်းနီအား အကြိုက်မတွေ့ခဲ့ကြောင်းလည်း သိရသည်။

“၁၉၉၅ ခုနှစ်နောက်ပိုင်းမှာ အဲဗာတန်အသင်းဟာ ဆုဖလားတစ်ကြိမ်မှ ရထားတာမရှိသေးပါဘူး။ အဲဒါကြောင့် အဲဗာတန်အသင်းကို ဆုဖလားတစ်ကြိမ်ရယူပေးဖို့ ဆန္ဒရှိခဲ့ပါတယ်။ ဒါပေမယ့် အသင်းပိုင်ရှင်က ဆက်ထားဖို့ ဆန္ဒမရှိတာကို သိလာလို့ အဲဗာတန်အသင်းကနေ ထွက်ခွာခဲ့ရတာပါ”ဟု တိုက်စစ်မှူး ရွန်းနီက ဆိုသည်။

တိုက်စစ်မှူး ရွန်းနီသည် အဲဗာတန်အသင်းနှင့်အတူ ၂၀၁၇-၂၀၁၈ ဘောလုံးရာသီတွင် ပွဲပေါင်း ၃၁ ပွဲပါဝင်ကစားခဲ့ကာ သွင်းဂိုး ၁၀ ဂိုးအထိသွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။

လက်ရှိတွင် ဒီစီယူနိုက်တက်အသင်းတွင် ကစားလျက်ရှိပြီး ရွန်းနီအနေဖြင့် ၁၃ ပွဲကစားအပြီးတွင် သွင်းဂိုးလေးဂိုးသွင်းယူပေးထားကြောင်း သိရသည်။

# မက်ဆီအား မေဂျာလိဂ်တွင် လာရောက်ကစားရန် ဘက်ခမ်း အလိုရှိနေ

ဘာစီလိုနာအသင်းနှင့် အာဂျင်တီးနားအသင်းတို့၏ တိုက်စစ်မှူး လီယွန်နယ်မက်ဆီအား ၂၀၂၀ ပြည့်နှစ်တွင် မေဂျာလိဂ်သို့ လာရောက်ကစားစေလိုကြောင်း ဒေးဗစ်ဘက်ခမ်းက ပြောကြားလိုက်သည်။

ဒေးဗစ်ဘက်ခမ်းသည် ၎င်း၏ အင်တာမီယာမီအသင်းက ၂၀၂၀ ခုနှစ် မေဂျာလိဂ်ပြိုင်ပွဲတွင် စတင်ကစားခွင့်ရရှိမည်ဖြစ်ခြင်းကြောင့် တိုက်စစ်မှူး မက်ဆီအား အင်တာမီယာမီအသင်းသို့ ခေါ်ယူရန် ပစ်မှတ်ထားနေခြင်းဖြစ်သည်။

မက်ဆီ၏ လက်ရှိကလပ် ဘာစီလိုနာအသင်းနှင့် ချုပ်ဆိုထားသော စာချုပ်သက်တမ်းသည်လည်း ၂၀၂၀-၂၀၂၁ ဘောလုံးရာသီတွင် ကုန်ဆုံးမည်ဖြစ်သောကြောင့် ဒေးဗစ်ဘက်ခမ်းအနေဖြင့် မက်ဆီအား ခေါ်ယူနိုင်မည်ဟု မျှော်လင့်ထားခြင်းလည်းဖြစ်သည်။

မက်ဆီအနေဖြင့်လည်း ဘာစီလိုနာအသင်းမှ ထွက်ခွာကာ ဥရောပ၏ ထိပ်တန်းအဆင့်ရှိကလပ်အသင်းတစ်ခုသို့ ပြောင်းရွှေ့ကစားလိမ့်မည်ဖြစ်ကြောင်း သတင်းများက ဖော်ပြထားသည်။

ဒေးဗစ်ဘက်ခမ်းသည် အင်တာမီယာမီကလပ်အသင်းအတွက် တိုက်စစ်မှူး မက်ဆီကို မရရှိပါက အခြားသော ဥရောပ၏ ထိပ်တန်းအဆင့်ရှိ ကစားသမားတစ်ဦးကို ခေါ်ယူသွားရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။



## ဘားအံအကျဉ်းထောင်မှ ထွက်ပြေးသူ အကျဉ်းသား ၄၁ ဦးအနက် ၁၃ ဦးအား ပြန်လည်ဖမ်းမိ

ဘားအံ စက်တင်ဘာ ၁၆

**ကရင်ပြည်နယ် ဘားအံအကျဉ်းထောင်မှ အကျဉ်းသား ၄၁ ဦး ယနေ့ နံနက်ပိုင်းက ထွက်ပြေးလွတ်မြောက်ရာမှ ၁၃ ဦးအား ပြန်လည်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။**

ဖြစ်စဉ်မှာ ယနေ့ နံနက် ၈ နာရီ မိနစ် ၄၀ ခန့်က အကျဉ်းထောင်ဓမ္မာရုံအနီး စိုက်ခင်းအတွင်း အကျဉ်းသားများဖြင့် ရှင်းလင်းစုပုံထားသော အမှိုက်များကို အကျဉ်းထောင်ဝန်ထမ်း ဒုတပ်ကြပ် ကျော်ဝင်းစိန် မောင်းနှင်သည့် 7N/ 9847၊ Mazda Titan အပြာရောင်ဖြင့် တင်ဆောင်၍ သွားရောက်စွန့်ပစ်ရန်အတွက် ယာဉ်အားထွက်ခွာမည့်အချိန်တွင် ကျော်မိန်လ (ခ)အရှောင်(ခ)ကျော်ဖကုလား(ခ)မိန်လှ (၃၃) နှစ် (အကျဉ်းသား ထောင်ဝင်အမှတ် ဖအ/၁၅/ ၀၀၃၃၀/က ) က ယာဉ်မောင်းကို ဆွဲချထိုးကြိတ်ကာ ယာဉ်ကို မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း၊ ၎င်းယာဉ်ဖြင့် ထောင်တံခါးလေးဆင့်ကို တိုက်ဖွင့်ပြီး ဘားအံ-လှိုင်းဘွဲလမ်းအတိုင်း လှိုင်းဘွဲမြို့နယ်အတွင်းသို့ မောင်းနှင်ထွက်ပြေးသွားရာ အကျဉ်းသားများ စုစုပေါင်း ၄၁ ဦး ထွက်ပြေးလွတ်မြောက်သွားခဲ့ကြောင်း သိရသည်။

အခင်းဖြစ်နေရာသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် မြင့်ကျော်ထွန်းနှင့် ဗိုလ်မှူးကြီး ရန်နောင်စိုးတို့ ဦးဆောင်သော တပ်မတော်သားများ၊ ကရင်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်မြတ်မိုးနှင့် ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူးတို့ ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ၊ အကျဉ်းဦးစီးဌာန(ဘားအံ) ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းနှင့် အကျဉ်းထောင်တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးသန်းတို့ ဦးဆောင်သည့် အကျဉ်းထောင်ဝန်ထမ်းများ ပူးပေါင်းကာ အကျဉ်းထောင်လုံခြုံရေးကို ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ခရိုင်ရဲတပ်ဖွဲ့မှူးနှင့်မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့မရဲစခန်းမှူးတို့ ဦးဆောင်သည့် ပူးပေါင်းအဖွဲ့များက ထွက်ပြေးရာလမ်းကြောင်းတစ်လျှောက် လိုက်လံရှာဖွေပိတ်ဆို့ခြင်း၊ ပြည်နယ်အတွင်းမှ လမ်း၊ တံတားများတွင် လုံခြုံရေးဆောင်ရွက်နေသည့် ရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံရဲစခန်းများမှ ရဲတပ်ဖွဲ့ဝင်များက နယ်မြေခံတပ်မတော်သားများ ပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် မောင်းနှင်ထွက်ပြေးသွားသည့် ယာဉ်ကို လှိုင်းဘွဲမြို့နယ် ရွာသာအေးရွာနှင့် သပုထိုရွာကြား ဆည်မြောင်းတာပေါင်လမ်းတွင် ဗွက်နစ်လျက်ပြန်လည်တွေ့ရှိသဖြင့် ထွက်ပြေးလွတ်မြောက်နေသည့် အကျဉ်းသား ၄၁ ဦးကို ပိတ်ဆို့ဖမ်းဆီးရမိရေး အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့လည်း ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းများကို ကွက်ပြည့်နှင်း ဆောင်ရွက်ခဲ့သဖြင့် ယနေ့မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ရဲအုပ်လှဟန်ဦးစီးအဖွဲ့က ဝတုတ်(ခ)စည်သူကျော်၊ စောကျော်ပိ၊ ရဲနောင်ဖြိုး (ခ)သဲမောင်တို့သုံးဦးကို ဘားအံမြို့နယ် မိဇ ကျေးရွာဇရပ်တွင်လည်းကောင်း၊ ညနေ ၄ နာရီတွင် ရဲတပ်ကြပ်အောင်မျိုးသူနှင့်အဖွဲ့က စောထူး (ခ)ဗီလားကို ဘားအံမြို့ မဲဘောင်ဈေးရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် လည်းကောင်း၊ ရဲမှူးကြီးတင်ဦး ဦးစီးအဖွဲ့က ညနေ ၄ နာရီ မိနစ် ၄၀ တွင် ထွန်းထွန်းသန်း(ခ)ကိုနေ ကို လည်းကောင်း၊ ညနေ ၄ နာရီ မိနစ် ၅၀ တွင် ဝဏ္ဏ(ခ)ဖြိုးတေဇတို့နှစ်ဦးကို ဘားအံမြို့နယ် နောင်ပလိန်ကျေးရွာတွင်လည်းကောင်း၊ ညနေ ၅ နာရီတွင် ရဲအုပ်သန်းဇော်မြင့် ဦးစီးအဖွဲ့က ဝင်းအောင်(ခ)မိုးဒီကို ဘားအံမြို့နယ် ကော့လှိုက်ကျေးရွာတွင်လည်းကောင်း၊ ညနေ ၅ နာရီ ၅ မိနစ်တွင် ရဲမှူးကြီးတင်ဦး ဦးစီးအဖွဲ့က ပြည်ဟိန်းကို ဘားအံမြို့နယ် နောင်ပလိန်ကျေးရွာတွင် လည်းကောင်း၊ ညနေ ၆ နာရီ မိနစ် ၂၀ တွင် ရဲအုပ်ကြည်တိုးဦးစီးအဖွဲ့က အောင်ဝင်းနှင့် ထွန်းထွန်းဦးတို့နှစ်ဦးကို ဘားအံမြို့နယ် တဝန်ဖန်ရလယ်ကွင်းထဲမှလည်းကောင်း၊ ညနေ ၆ နာရီ မိနစ် ၅၀ တွင် နယ်မြေခံတပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ပြည့်ဖြိုးအောင်၊ ကျော်မြင့်၊ ကျော်မိန်လ(ခ) အရှောင်(ခ) ကျော်ဖကုလား(ခ)မိန်လှတို့ သုံးဦးကို ရေဘုတ်ဆည်တွင်လည်းကောင်း စသည်ဖြင့် ဖမ်းဆီးရမိခဲ့၍ ထွက်ပြေးလွတ်မြောက်နေသည့် အကျဉ်းသား ၄၁ ဦးအနက် ၁၃ ဦးကို ဖမ်းဆီးရမိပြီဖြစ်ကြောင်း ကရင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

**မင်းသူ(ဘားအံ)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၇-၉-၂၀၁၈ (တနင်္လာနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၆း၂၅ | "မြတ်ဗုဒ္ဓသာသနာ ကြည်စင်ထွန်းလင်းစွာ" |
| ၇း၀၀ | Breakfast News |
| ၇း၃၅ | MRTV Travelogue |
| ၈း၃၅ | မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ |
| ၉း၁၀ | "မဟာဂန္ဓာဝါစကပဏ္ဍိတ ဘဒ္ဒန္တဓမ္မာစာရ၊ ဒက္ခိဏာရာမ အလယ်ကျောင်းတိုက်၊ ပဓာန နာယကဆရာတော်၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ တွဲဖက်အကျိုးတော်ဆောင်၊ ကောလင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း" |
| ၉း၃၅ | BBC Click |
| ၉း၄၅ | ရတနာအလား ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်များ "Trier" (Germany) |
| ၁၀း၃၀ | "စားနပ်ရိက္ခာဖူလုံရေး သားစဉ်မြေးဆက်ပေး" [အာဟာရ(ရောဝတီ)] |
| ၁၁း၀၀ | လုံမမှတ်စု |
| ၁၁း၁၅ | ရှုဖွယ်စုံလင်အာဆီယံအစီအစဉ် |
| ၁၁း၃၅ | မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ် |
| ၁၂း၄၅ | "တစ်ပြည်ဝင်အိုး" (ဇော်ဦး၊ ခိုင်ခန့်၊ အာကာစိုး၊ နွဲ့နွဲ့မူ၊ မျိုးစန္ဒီကျော်) [ဒါရိုက်တာ ဝင်းမောင်ရွှေ (ART)] |
| ၁၃း၁၀ | သုခုမရင်ခွင် အငြိမ့်သဘင် "ရွှေဖလားအငြိမ့်" (မင်းသမီး-ဝမ်းကေဇင်၊ လူရွှင်တော်- ပွမ်ပွမ်၊ ချစ်ချော၊ ရွှင်ပျော်) (ဒါရိုက်တာဖုန်းမြင့်အောင်) |
| ၁၄း၂၅ | Tasty Trip |
| ၁၄း၅၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "အကယ်၍သာ" (အပိုင်း-၂၀) |

**ညပိုင်း**

| | |
|---|---|
| ၁၆း၂၅ | အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ်(ပထဝီဝင်အထူးပြု) (ပထဝီဝင်) |
| ၁၇း၀၅ | This Week's Special Interest |
| ၁၇း၃၀ | Yes or No Talk Show |
| ၁၈း၂၀ | Football Magazine |
| ၁၈း၃၅ | ဥပဒေရေးရာအဖြာဖြာ "ပြည်သူများအကြား သိမှတ်စရာ စကားဝိုင်း" (3) (ဦးဟန်ညွှန့် (ဥပဒေ)တရားလွှတ်တော်ရှေ့နေ နှင့်နိုကြီးပဗ္ဗလစ်၊ ဒိတ်ဒိတ်၊ ခင်ဖြူဖြူသန့်) (ဒါရိုက်တာဝေဠု(ဝသန်)] |
| ၁၉း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ" (အပိုင်း-၄၃) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | **၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၊ နိုင်ငံရေးပါတီများ၏ ဟောပြောချက်"လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ"** -နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝတစ်ခုအချစ်တစ်ခု" (အပိုင်း-၂၀) -အစီအစဉ်ပြီး၏။ |



**နေဇင်ထွန်း၊ ထိုက်သူအောင်၊ ရှိုင်းလင်းအောင်နှင့် အောင်ဆန်းမင်းတို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူ လက်နက်၊ ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။**

## ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၅၅ စီး၊ သွင်းကုန် ၆၄၃ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၂ စီး၊ သွင်းကုန် ၂၀၈ စီးတို့ဖြင့် ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၅ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅ ဒသမ ၁၀၀ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၆၀၈ သန်းခန့်) စုစုပေါင်းတားဆီးမှု ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂ ဒသမ ၇၀၈ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှု အနေဖြင့် စက်တင်ဘာ ၁၅ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်တခင်စစ်ဆေးမှုများဆောင်ရွက်စဉ် Toyota Wish ယာဉ်တစ်စီးကို စစ်ဆေးရာ ယာဉ်၏ အောက်ကြမ်းခင်းတွင် အံဝှက်ပြုလုပ်၍ သယ်ဆောင်လာသည့် ကျောက်စိမ်းဖြတ်စ ဆိုဒ်စုံ ၄၀၂ ကီလိုဂရမ်နှင့် အဆိုပါ ပစ္စည်းများသယ်ဆောင်သည့်ယာဉ်တစ်စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅ ဒသမ ၁၀၀ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မူးယစ်ဆေးဝါးနှင့် လက်နက်၊ ခဲယမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၆**

မြဝတီခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၅ ရက် မွန်းလွဲ ၂ နာရီခွဲက မြဝတီမြို့ အမှတ် ၄ ရပ်ကွက် ဘုရင့်နောင်လမ်းမကြီးတွင် Kluger မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၇ ပြား၊ ငွေကျပ် ၄၅၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၃ နာရီတွင် မြဝတီမြို့ အမှတ် ၄ ရပ်ကွက် ရေကူးကန်လမ်းတန်းလျားရှိ ထက်လွှမ်းဦး၏ အခန်းကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၃ ပြားနှင့် ငွေကျပ် သုံးသိန်းတို့ကိုလည်းကောင်း၊ ဆက်လက်၍ တန်းလျားရှိ အခန်း ၇ ကိုရှာဖွေရာ ကျောပိုးအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၁၀၀ ကိုလည်းကောင်း။

အလားတူ ယင်းနေ့နံနက် ၆ နာရီခွဲက မူးယစ်တပ်ဖွဲ့စု ၅ ကလေးနှင့် ကလေးခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလေးမြို့နယ် ကံကြီးကျေးရွာနေ နေဇင်ထွန်း၏ လယ်တဲကို ရှာဖွေရာ နေဇင်ထွန်း၊ ထိုက်သူအောင်၊ ရှိုင်းလင်းအောင်နှင့် အောင်ဆန်းမင်းတို့အားတွေ့ရှိပြီး မီးဖိုချောင်အတွင်းမှ ဘိန်းဖြူ သုည ဒသမ ၀၂ ဂရမ်၊ တူမီးသေနတ် လေးလက်၊ ခဲသီး ငါးလုံးနှင့် ယမ်းမှုန့် ၄၅၅ ဂရမ်တို့ကို လည်းကောင်း၊ ထို့အတူ ညနေ ၃ နာရီခွဲက ကျိုင်းတုံခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် မိုင်းလန်းကျေးရွာအုပ်စု ဝမ်ကျန်းကျေးရွာနေ စန်းလောင်၏ နေအိမ်ကိုရှာဖွေရာ ဒိုလို၏အင်္ကျီအိတ်ကပ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား သုံးပြား၊ တဲခေါင်းရင်းမှ တူမီးသေနတ် တစ်လက်နှင့် စန်းလောင်၏လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၅ ပြားနှင့် ငွေကျပ် ၁၀၈၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မုံရွာစက်မှုဇုန်၌ မီးလောင်မှုဖြစ်ပွား

**မုံရွာ စက်တင်ဘာ ၁၆**

မုံရွာစက်မှုဇုန် အမှတ် ၆ ရပ်ကွက် နွယ်သာကီလမ်းနှင့် ၄၅ လမ်းထောင့်ရှိ စိန်ကြယ်ပဲကြော်ဖိုတွင် စက်တင်ဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

"မုံရွာစက်မှုဇုန်က စိန်ကြယ်ပဲကြော်ဖိုမှာ စက်တင်ဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီခွဲခန့်တွင် ရာသီဥတုအပူချိန်မြင့်နေတုန်း မီးခိုးခေါင်းတိုင်က တစ်ဆင့် ခေါင်မိုးပေါ်မီးပွားကျပြီး စလောင်တာပါ။ မီးသတ်တပ်ဖွဲ့ဝင်တွေ အချိန်မီရောက်ပြီး ရပ်ကွက်နေပြည်သူတွေနဲ့ ပူးပေါင်းငြိမ်းသတ်နိုင်ခဲ့ပါတယ်။ အဆောက်အအုံနဲ့ မီတာတစ်လုံးလောင်ပြီး ဆုံးရှုံးခဲ့တာပါ" ဟု မုံရွာခရိုင် မီးသတ်တပ်ဖွဲ့မှူး ဦးညီညီဇော်က ပြောသည်။

ပဲကြော်ဖိုတာဝန်ခံ ဦးနောက်တိုးနှင့်အတူ အလုပ်သမား ၁၀ ဦး ပဲကြော်နေစဉ် ခေါင်မိုးတွင် စတင်မီးလောင်နေသည်ကိုသိပြီး သက်ဆိုင်ရာသို့ အကြောင်းကြားခဲ့ရာ မီးသတ်တပ်ဖွဲ့ဝင် ၁၅၀ ခန့်နှင့်အတူ စက်မှုဇုန်ဒေသခံများက မီးသတ်ယာဉ် ၁၇ စီး၊ ရေသယ်ယာဉ်တစ်စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ မွန်းလွဲ ၁ နာရီ ၄၉ မိနစ်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

"ရာသီဥတု တအားပူတဲ့အချိန်ဖြစ်တော့ မီးလောင်မှုကျယ်ပြန့်သွားတာပါ။ ခဏအတွင်းဆုံးရှုံးမှုမြန်တာကို ပြောတာပါ။ လက်ရှိမှာ ရာသီဥတုက ပုံမှန်မရှိဘူး။ အေးတဲ့အချိန်ရှိသလို တအားပူတာလည်းရှိတဲ့အတွက် ပြည်သူတွေအနေနဲ့ မီးသုံးစွဲမယ်ဆိုရင် ရာသီဥတုအခြေအနေပေါ်မူတည်ပြီး သုံးစွဲသင့်ပါတယ်" ဟု ဦးညီညီဇော်က အကြံပြုထားသည်။

မီးလောင်မှုနှင့်ပတ်သက်၍ မုံရွာမြို့နယ်မြေရဲစခန်းက ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း**

## မာန်အောင်မြို့နယ် ရဲကျွန်းအုပ်စု မီးတောင်မှ ချော်ရည်ပူများ မှုတ်ထုတ်

**မာန်အောင် စက်တင်ဘာ ၁၆**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် ရဲကျွန်းအုပ်စုအတွင်းရှိ မီးတောင်မှ ချော်ရည်ပူများ မှုတ်ထုတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၆ ရက် နံနက် ၇ နာရီ ၁၅ မိနစ်တွင် ပထမအကြိမ် အမြင့် ၁၅ ပေခန့်အထိ ချော်ရည်များမှုတ်ထုတ်မှုဖြစ်ပွားပြီးနောက် နံနက် ၈ နာရီ ၁၀ မိနစ်တွင် ဒုတိယအကြိမ် ပေ ၅၀ အမြင့်အထိ ချော်ရည်မှုတ်ထုတ်မှု နှစ်ကြိမ်ဖြစ်ပွားခဲ့ရာ ချော်ရည်ပူမှုတ်ထုတ်မှုကြောင့် မီးတောင်အနီးရှိ ဦးမျိုးအောင်၏ လယ်ဧက ၁ ဒသမ ၅ ဧကခန့် ချော်ရည်ပူဖုံးလွှမ်းပျက်စီးခဲ့ပြီး လူနှင့်တိရစ္ဆာန်များ ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

အဆိုပါ ရဲကျွန်းမြောက်ပိုင်းကျေးရွာရှိ မီးတောင်သည် ယခင်ကသုံးနှစ်တစ်ကြိမ်၊ လေးနှစ်တစ်ကြိမ်ချော်ရည်များ မှုတ်ထုတ်ခဲ့ကြောင်းနှင့် ယခုအကြိမ်မှာ လေးနှစ်ကြာမှ ချော်ရည်ပူများ မှုတ်ထုတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သိန်းဖေ(ပြန်/ဆက်)**



# မင်းကွန်းဆရာတော်ကြီး တည်ထောင်တော်မူခဲ့သော
# နန်းတော်ရှေ့က ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံ

ဆူးငှက်



စာရေးဆရာ သတင်းစာဆရာကြီး မောင်သစ်လွင် (လူထု) က (၈၄) နှစ်မြောက် မွေးနေ့နှင့် စာနယ်ဇင်းသမားအသက် ၆၁ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဩဂုတ်လ ၃၁ ရက်နေ့က မန္တလေးမြို့ ၁၄ လမ်းနှင့် ၆၂ လမ်း၊ ၁၅ လမ်းနှင့် ၆၂ လမ်း၊ အောင်မြေသာစံမြို့နယ်ရှိ ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံကြီး (နန်းရှေ့) သို့ ငွေကျပ် ၁၀ သိန်းနှင့် စာအုပ်စာတမ်းများ လှူဒါန်းသည်။

ဇီဝိတဒါန သာသနာ့ အထူးကုဆေးရုံကြီး (နန်းရှေ့) ကို မန္တလေးသားအများစုက သတိမထားမိကြ။ ဘယ်နေရာမှာလဲဟု မေးကြမြန်းကြသည်။ တကယ်တော့ ဇီဝိတဒါန သာသနာ့ အထူးကုဆေးရုံကြီး (နန်းရှေ့) ဆိုသည်က မန္တလေးတွင် လွန်ခဲ့သော ၃၂နှစ်ကတည်းက ပထမဦးဆုံး ပေါ်ပေါက်ခဲ့သော သာသနာ့ အထူးကုဆေးရုံကြီးဖြစ်သည်။

## ဖန်ရည်ဆိုးတပ်၊ လွန်တင့်အပ်သား၊ သပ်သပ်ပယ်ပယ်၊ ကြီးငယ်သဃ်ာ၊

မန္တလေးရတနာပုံနေပြည်တော်ကို မင်းတုန်းမင်းတည်တော်မူသောအခါ အဂ္ဂမဟာသေနာပတိ ဝန်ရှင်တော် လယ်ကိုင်းမြို့စား သေနတ်ဝန်မင်းကြီး မင်းသတိုးသုဓမ္မ မဟာသက်တော်ရှည်ဆက်သွင်းသည့် မင်္ဂလာဧချင်းတွင် ရေးဖွဲ့သည့် မြန်းမဏ္ဍလာ၊ ရှုတိုင်းမှာတည့်၊ သာယာကဲလွန်၊ နတ်ရေကန်ဝယ်၊ ဖန်ရည်ဆိုးတပ်၊ လွန်တင့်အပ်သား၊ သပ်သပ်ပယ်ပယ်၊ ကြီးငယ်သဃ်ာ၊ ရွှေဟသ်ာတို့၊ ကျာကျာညံညံ၊ ပျော်မြူးစံလျက် ဟူသကဲ့သို့ လေးပြင်လေးရပ် မြို့တော်မျက်နှာစာများရှိ ကြီးမားကျယ်ဝန်းလှသော ကျောင်းတိုက်ကြီးများတွင် သံဃာတော်များ သီတင်းသုံးတော်မူခဲ့သည်။ သီပေါမင်းလက်ထက် ၁၂၄၃ ခုနှစ် ကထိန်အလှူတော်စာရင်းတစ်ခု၌ ရွှေမြို့တော် လေးမျက်နှာတွင် ကျောင်းတိုက် ၁၅၄ တိုက်၊ ကျောင်းအဆောက်အအုံပေါင်း ၁၂၅၇ ကျောင်းရှိသည်ဟု ပါရှိသည်။ ကျောင်းတိုက်တစ်တိုက်တွင် အနည်းဆုံး ကျောင်းရှစ်ကျောင်းမှ အများဆုံးကျောင်း ၂၀ ထိရှိရာ ကျောင်းတိုက်တစ်တိုက်တွင်လည်း သံဃာအပါးရေ ရာဂဏန်းမှ တစ်ထောင် တစ်ထောင်ကျော်ထိ ရှိသဖြင့် ရွှေမြို့တော် လေးပြင်လေးရပ်တွင် သံဃာအပါးရေ သောင်းချီရှိခဲ့သည်။ ထိုကျောင်းအရေအတွက်နှင့် သံဃာအရေအတွက်မှာ ပါတော်မူပြီးကာလနှင့် စစ်ကြီးအပြီးကာလများတွင် အနည်းငယ်လျော့ခဲ့သော်လည်း လွတ်လပ်ပြီးကာလမှစ၍ မန္တလေးအနှစ် ၁၀၀ ကာလအတွင်း ပိုမိုတိုးတက် များပြားလာမှာ သေချာသည်။

မည်သို့ပင် စစ်ကြောင့် ခေတ်ကြောင့်ဟူသော လောကဓံလှိုင်း ရိုက်ပုတ်ပါစေ မန္တလေးတွင် သာသနာတော် အရောင်မညှိုးခဲ့ခြင်းမှာ မြို့တည် နန်းတည်စဉ်ကတည်းက လက်ထက်တော်ကြီးဟု ခေါ်ဆိုအပ်သော မင်းတုန်းမင်းလက်ထက်ရော၊ လက်ထက်တော်လေးခေါ်သည့် သားတော်သီပေါဘုရင်လက်ထက်ရော သာသနာတော်ကို ချီးမြှင့်ထောက်ပံ့မှုနှင့်ပတ်သက်၍ နီးဝေးပတ်ကုံး၊ နိုင်ငံလုံးဝယ်၊ စောင့်သုံးသီလ၊ ယာပိုက်မျှသည်၊ များလှစွာစွာ၊ ထေရ်သဃ်ာအား၊ အခါမပြတ်၊ နိစ္စပတ်ချည်း၊ ပစ္စည်းလေးပါး လှူဒါန်းခဲ့သည့် အစဉ်အလာကို ဘုန်းရိပ်ကံရိပ်ခို ရွှေမြို့တော်သူ ရွှေမြို့တော်သားတို့က ဘိုးဘွားအမွေအနှစ်ပမာ လက်ဆင့်ကမ်းတာဝန်ကျေခဲ့ကြခြင်းကြောင့် ဖြစ်သည်။

ပစ္စည်းလေးပါးဒါယကာဟူသည် ကျန်းမာရေးအတွက် 'ဆေး' ဟူသော ကဏ္ဍလည်းပါရှိသည်ဆိုသော်ငြား ဂိလာနသာသနာဝင်များအတွက် ခေတ်မီဆေးကုသရေးပိုင်းဖြင့် စနစ်တကျ လှူဒါန်းနိုင်မှုမှာ ပြောင်းလဲလာသော ခေတ်နှင့် လူမှုဝန်းကျင်တွင် သဟဇာတမမျှခဲ့။

## တိပိဋကနိကာယ ဥပဋ္ဌာကအဖွဲ့ သာသနာပြုလုပ်ငန်းသုံးသွယ်

မန္တလေးတွင် ရဟန်းသံဃာတော်များနှင့် သီလရှင်များ အပါအဝင် သာသနာ့နွယ်ဝင်တို့ များပြားသော်လည်း ဂိလာနများအတွက် သီးသန့် ဆေးခန်းဆေးရုံတို့ ရှားပါးခဲ့၏။ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးတွင်သာ သံဃာ့အဆောင်အဖြစ် သီးခြားဖွင့်လှစ်နိုင်ခဲ့သည်။ ထို့ကြောင့် ကျေးဇူးတော်ရှင်မင်းကွန်းတိပိဋက ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု ဝိစိတ္တသာရာဘိဝံသ ဆရာတော်ကြီး ဦးဆောင်ပဓာနပြု၍ ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံကြီးကို ၁၉၈၆ ခုနှစ်ကတည်းက အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။ ရတနာပုံ မြို့တည်နန်းတည် သတ္တဋ္ဌာန၏ အချက်အချာနေရာဖြစ်သော မဟာလောကမာရဇိန် ကုသိုလ်တော်မြတ်စွာဘုရားနှင့် မဟာအတုလဝေယန် ကျောင်းတော်ကြီး၏ အပါး၊ မတ္တရာကျောင်းတိုက်နှင့် စိန်တုံးကျောင်းတိုက်ကြီးတို့မှ အလှူခံရရှိတော်မူခဲ့သော မြေနေရာတွင် ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံကို ကောဇာသက္ကရာဇ် ၁၃၄၈ ခုနှစ် ဝါခေါင်လဆုတ် ၂ ရက်၊ ခရစ်နှစ် ၁၉၈၆ ခုနှစ် ဩဂုတ်လ ၂၂ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့သည်။

မင်းကွန်းဆရာတော်ကြီး၏ တိပိဋကနိကာယ ဥပဋ္ဌာကအဖွဲ့ သာသနာပြုလုပ်ငန်းသုံးသွယ်တွင် တစ်ခုအပါအဝင်ဖြစ်သော ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံကြီးကို ပြည်နယ်နှင့် တိုင်းအသီးသီးမှ ဂိလာန သံဃာတော်တို့အား ဝိနည်းတော်နှင့်အညီ ဆေးဝါးကုသပေးရန်နှင့် ကာကွယ်ကုသရေးများကို ပညာပေးရန်၊ နာလန်ထ ဂိလာနသံဃာတော်များ ကျန်းမာရေးနှင့် ပြည့်စုံသည့်အခါ ပြန်လည်ထူထောင်ရေးများ ဆောင်ရွက်ရန်ဟူသော လုပ်ငန်းအစီအစဉ်ဖြင့် ဆောင်ရွက်ရာတွင် ပြင်ပသူနာဌာနကို မတ္တရာကျောင်းတိုက်မှ မြေဧရိယာ ၁ ဒသမ ၅၄ ဧကတွင်လည်းကောင်း၊ အတွင်းသူနာဌာနအတွက် မြေဧရိယာ နှစ်ဧကကို စိန်တုံးကျောင်းတိုက်၏ မြေနေရာတွင်လည်းကောင်း စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။

## မင်းကွန်းဆရာတော်ကြီးက ဖွင့်လှစ်ပေးတော်မူခဲ့

ထို့ကြောင့် ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံကြီး ဆောက်လုပ် လှူဒါန်းရေးအဖွဲ့ကို ဒေါက်တာသာလှ ဥက္ကဋ္ဌအဖြစ်ဦးဆောင်သော ၁၆ ဦးပါ ကော်မတီကို ၁၉၈၅ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့တွင် ဖွဲ့စည်းပြီး ပြင်ပသူနာဌာနကို ၁၉၈၅ ခုနှစ် စက်တင်ဘာ ၂၂ ရက်နေ့တွင် စတင်တည်ဆောက်ခဲ့သည်။ အတွင်းသူနာဌာန ပင်မခွဲစိတ်နှင့် ဖျားနာဆောင်ကို ၁၉၈၆ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် တည်ဆောက်ခဲ့ပြီး ၁၉၈၆ ခုနှစ် ဩဂုတ်လ ၂၂ ရက်နေ့တွင် ပြင်ပသူနာများကို စတင်လက်ခံကုသခြင်းဖြင့် ဆေးရုံကို စတင်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပါသည်။

ဆေးရုံအရပ်ရပ်နှင့်ပတ်သက်၍ ၁၉၈၉ ခုနှစ် နိုဝင်ဘာလ ၉ ရက်နေ့တွင် နိုင်ငံတော်သံဃာ့မဟာနာယက ၄၇ ပါးစုံညီအဖွဲ့ဖြင့် လှူဒါန်းခဲ့ပြီး ၁၉၉၀ ပြည့်နှစ် ဩဂုတ်လ ၂၇ ရက်နေ့တွင် ကျန်းမာရေးဝန်ကြီးဌာနက ၁၆ ခုတင် သတ်မှတ်ပြီး အတွင်းသူနာများကို စတင်ကုသခဲ့သည်။ ထို့နောက် ၁၉၉၁ ခုနှစ် အောက်တိုဘာလတွင် ခုတင် ၄၀ ထိ တိုးချဲ့ခဲ့သည်။ ၁၉၉၂ ခုနှစ် ဇူလိုင်လ ၁၅ ရက်တွင် မင်းကွန်းဆရာတော်ကြီးက အတွင်းသူနာဌာန အထူးကုသဆောင်ကို ဖွင့်လှစ်ပေးတော်မူခဲ့၏။

## အစဉ်အဆက်တာဝန်ယူခဲ့ကြရာ

ဤသို့ဖြင့် မင်းကွန်းဆရာတော်ကြီး၏ တိပိဋကနိကာယ ဥပဋ္ဌာကအဖွဲ့ သာသနာပြုလုပ်ငန်းသုံးသွယ်တွင် တစ်ခုအပါအဝင်ဖြစ်သော ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံကြီးကို ဥပဋ္ဌာကအဖွဲ့ သာသနာပြုအဖွဲ့က ကုသရေး၊ ဘဏ္ဍာရေး၊ ဝန်ထမ်းရေးရာတို့ကို စီမံအုပ်ချုပ်ဆောင်ရွက်ခဲ့ရာ ၁၉၉၄ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် ဆရာတော်ကြီးကိုယ်တိုင် ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံကြီးကို နိုင်ငံတော်သို့ လွှဲပြောင်းပေးတော်မူခဲ့ပါသည်။ ဆေးရုံကြီး၏ လုပ်ငန်းအဝဝကို စီမံအုပ်ချုပ်ရေးအဖွဲ့အသီးသီးက ကြီးကြပ်ခဲ့ကြရာတွင် ၂၀၀၂ ခုနှစ်မှစတင်၍ မြို့မိမြို့ဖအဖွဲ့က အစဉ်အဆက်တာဝန်ယူခဲ့ကြရာ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့မှစတင်ကာ ဥက္ကဋ္ဌ သုဓမ္မမဏိဇောတဓရ ဦးခင်မောင်လှနှင့် အတွင်းရေးမှူး ဦးမျိုးသန့်တို့ပါဝင်သော ၂၅ ဦးပါအဖွဲ့က ကြီးကြပ်ကာ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းသန့်ဦးဆောင်သော ဆေးပညာရှင်များက တာဝန်ယူလျက်ရှိသည်။ ယခုအခါ ဆေးရုံကြီးတွင် သာသနာ့နွယ်ဝင်များသာမက လူမျိုးဘာသာမရွေး လူပုဂ္ဂိုလ်များကိုပါ ပြင်ပသူနာအဖြစ် အနောက်တိုင်းဆေးကုထုံး၊ တိုင်းရင်းဆေးကုထုံး၊ တိုင်းရင်းအပ်စိုက်ကုထုံးတို့ဖြင့် ကုသပေးလျက်ရှိ၏။

## လေးပြင်လေးရပ် သံဃာတော်များ အားကိုးအားထားပြုရာ

တကယ်တော့ ကျေးဇူးတော်ရှင်မင်းကွန်းတိပိဋက ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု ဝိစိတ္တသာရာဘိဝံသ ဆရာတော်ကြီး ဦးဆောင်ပဓာနပြု၍ ကြိုးပမ်းအကောင်အထည်ဖော်ခဲ့ရုံမက ယခုဆေးရုံကြီးတွင် ဆရာတော်ကြီးကိုယ်တော်တိုင် သုံးကြိမ်သုံးခါ ဆေးရုံတက် ကုသမှုခံယူတော်မူခဲ့ရာလည်း ဖြစ်သည်။ ထို့ပြင် ယခု နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီးသည်လည်းကောင်း၊ မြစ်သား မင်းကျောင်းဆရာတော်ကြီးသည်လည်းကောင်း၊ ပြည်မြို့ဆရာတော် ဦးသာသနသည်လည်းကောင်း၊ စဉ့်ကိုင်ဆရာတော် ဦးဉာတိကသည်လည်းကောင်း ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ တက်ရောက်ကုသဖူးရာ ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံကြီး (နန်းရှေ့) ကို မန္တလေးအရှေ့ပြင် မြောက်ပြင်နှင့် လေးပြင်လေးရပ် သံဃာတော်များ အားကိုးအားထားပြုရာအဖြစ် ရေရှည်တည်တံ့နိုင်ရေးအတွက် စောင့်ရှောက်ရေး၊ လှူဒါန်းရေးများမှာ အထူးလိုအပ်လျက်ရှိပါကြောင်း။ ။

# စေတုတ္တရာမြို့နယ်တွင် ချင်းတိုင်းရင်းသားရိုးရာယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများပြသ



**စေတုတ္တရာ စက်တင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အဆောက်အအုံသစ်ဖွင့်ပွဲနှင့် ချင်းတိုင်းရင်းသားရိုးရာယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများ ပြပွဲအခမ်းအနားကို စက်တင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီက အဆိုပါ မြို့နယ်ရုံးအဆောက်အအုံသစ်၌ ကျင်းပသည်။

တိုင်းဒေသကြီး ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးလှထွန်းနှင့် အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစောလွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့်ဧည့်သည်များက စေတုတ္တရာမြို့နယ်ရုံး ပြတိုက်ငယ်တွင် ခင်းကျင်းပြသထားရှိသည့်ချင်းတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအမွေအနှစ် ပစ္စည်းများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ မြို့နယ်ရုံးအဆောက်အအုံသစ်မှာ အလျား ၃၆ ပေ၊ အနံပေ ၃၀၊ အမြင့်ပေ ၂၀ ရှိ အာရ်စီ နှစ်ထပ်အဆောက်အအုံအမျိုးအစား ဖြစ်သည်။

ခင်းကျင်းပြသထားသည့် ချင်းတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများမှာ ကြွေငါးရုပ်၊ လက်ဖက်အုပ်၊ ကြွေဆင်ရုပ်လက်ဖက်အုပ်၊ ပျူဒင်္ဂါးပြား၊ ဒေါင်းဒင်္ဂါးပြား၊ ကြေးဖြင့်သွန်းလုပ်ထားသော ရှေးဟောင်းဘုရင်သပိတ်ကြေးရုပ် စသည့် ချင်းရိုးရာအသုံးအဆောင်ပစ္စည်းမျိုးစုံပါဝင်သည့် ချင်းရိုးရာယဉ်ကျေးမှုအမွေအနှစ်ပစ္စည်း ၁၂၇ မျိုးခန့်ပြသထားရှိကြောင်း၊ အဆိုပါ ချင်းရိုးရာအမွေအနှစ်ပစ္စည်းများကို စက်တင်ဘာ ၁၅ ရက်မှ ၃၀ ရက်ထိ ခင်းကျင်းပြသပေးသွားမည် ဖြစ်ကြောင်းနှင့် ယခုပြသထားသည့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ပစ္စည်း ၁၂၇ မျိုးအနက် အလှူရှင်များက ၅၃ မျိုးကို မြို့နယ်ရုံးပြတိုက်ငယ်အတွက် လှူဒါန်းပေးမည်ဖြစ်ကြောင်း သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)

# သူနာပြုတက္ကသိုလ်(မန္တလေး)နှစ် ၂၀ ပြည့်အထိမ်းအမှတ်အခမ်းအနား ကျင်းပ



**မန္တလေး စက်တင်ဘာ ၁၆**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန သူနာပြုတက္ကသိုလ်(မန္တလေး) နှစ် ၂၀ ပြည့်အထိမ်းအမှတ်အခမ်းအနားဖွင့်ပွဲကို စက်တင်ဘာ ၁၅ ရက် နံနက် ၉ နာရီက ချမ်းမြသာစည်မြို့နယ် ၆၂ လမ်း စံပယ်လမ်းနှင့် သရဖီလမ်းကြားရှိ သူနာပြုတက္ကသိုလ်အဝင်မုခ်ဦးတွင် ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် သူနာပြုတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာခင်သက်ဝေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တော်ဝင်သဇင်ခန်းမတွင် သူနာပြုတက္ကသိုလ် (မန္တလေး) နှစ် ၂၀ ပြည့်အထိမ်းအမှတ်အခမ်းအနားကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သူနာပြုအတတ်ပညာ မြှင့်တင်ရေးပေါင်းကူးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးမှု၊ သူနာပြုတက္ကသိုလ်နှင့် သားဖွားသင်တန်းကျောင်းများတွင် ခေတ်မီသင်ထောက်ကူပစ္စည်းများဖြင့် လေ့ကျင့်သင်ကြားမှုများနှင့် ကျန်းမာရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များကိုပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က သူနာပြုတက္ကသိုလ် နှစ် ၂၀ ပြည့်ခရီး ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဆက်လက်၍ တော်ဝင်သဇင်ခန်းမအတွင်း ခင်းကျင်းပြသထားသော သူနာပြုတက္ကသိုလ် (မန္တလေး) ၁၉၉၈-၂၀၁၈ ခုနှစ် လှုပ်ရှားဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ၊ သင်ထောက်ကူပစ္စည်းများကို ကြည့်ရှုအားပေးသည်။

**မောင်ပြည်သူ(မန္တလေး)**

# ရန်ကုန်တိုင်းဒေသကြီး အရေးပေါ်လူနာတင်ယာဉ်စနစ် ထူထောင်မည်

**ရန်ကုန် စက်တင်ဘာ ၁၆**
ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကကြီးမှူး၍ တိုင်းဒေသကြီး အရေးပေါ်လူနာတင်ယာဉ်စနစ် ထူထောင်ရေး အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဆေးတက္ကသိုလ် (၁) ရန်ကုန်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအဆင့်အစိုးရ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးမှ ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းဒေသကြီး အရေးပေါ်လူနာတင်ယာဉ်စနစ်ထူထောင်ရေးကော်မတီမှ တာဝန်ရှိသူများ၊ ဆရာဝန်၊ သူနာပြုနှင့် ကြက်ခြေနီများ၊ ပညာရှင်များ တက်ရောက်ကြသည်။

"ဒီဆွေးနွေးပွဲကနေ လုပ်ငန်းနယ်ပယ်အသီးသီးမှာ ပါဝင်ပတ်သက်နေသူတွေ ရေးဆွဲကြပြီးတော့ ရေးဆွဲထားတဲ့စနစ်အရ တာဝန်ကိုယ်စီအသိနဲ့ လိုက်နာဆောင်ရွက်ဖို့ဖြစ်ပါတယ်။ ဒီစနစ်ကို ထူထောင်ဖို့ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ပါတယ်။ ဆွေးနွေးပွဲကနေ ရလဒ်ကောင်းတွေ ထွက်ပေါ်လာမယ်။ ထွက်ပေါ်လာတဲ့ရလဒ်ကောင်းတွေကို စုပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ကြမှာဖြစ်ပါတယ်" ဟု ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

အခမ်းအနားတွင် လူမှုရေးအသင်းအဖွဲ့များ တရားဝင်ဖြစ်လာရေး၊ အသင်းအဖွဲ့များမှတ်ပုံတင်ရေးကိစ္စ၊ လူနာတင်ယာဉ်များနှင့်အတူ လိုက်ပါသူများအား သင်တန်းပေးရေးကိစ္စ၊ ဆက်သွယ်ရေးစနစ်တစ်ရပ်ထူထောင်ရေးကိစ္စ၊ လူနာတင်ယာဉ်များ တရားဝင်ဖြစ်ရေးကိစ္စတို့နှင့်စပ်လျဉ်း၍လည်း ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားသည်။

ယနေ့အလုပ်ရုံဆွေးနွေးပွဲတွင် အသင်းအဖွဲ့များမှတ်ပုံတင်ခြင်း၊ လူနာတင်ယာဉ်များမှတ်ပုံတင်ခြင်း၊ လူနာတင်ယာဉ်နှင့် ဆက်စပ်ကျူးလွန်သည့်မှုခင်းများ၊ Call Center နှင့် Dispatch Center များ စီမံခန့်ခွဲခြင်း၊ အရေးပေါ်လူနာတင်ယာဉ်များ လမ်းပိတ်ဆို့မှုဖြေရှင်းခြင်းနှင့် လမ်းကြောင်းသတ်မှတ်ခြင်းအစီအမံများ၊ အရေးပေါ်လူနာပြုစုကုသသယ်ဆောင်ခြင်းနှင့် အသက်ကယ်သင်တန်းများပို့ချခြင်း၊ လူနာတင်ယာဉ်စည်းကမ်းထိန်းသိမ်းခြင်းနှင့် ဥပဒေဆိုင်ရာများတင်ပြခြင်း စသောအကြောင်းအရာများကို ပညာရှင်များကဆွေးနွေးကြကြောင်း သိရသည်။

**မြင့်မောင်စိုး**




# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ထုံးအိုင်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း

**ဘားအံ စက်တင်ဘာ ၁၆**
ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် ဘားအံမြို့နယ် ထုံးအိုင်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းများအား စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက လှူဖွယ်ဝတ္ထုပစ္စည်းများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမင်းတင်ဝင်း၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွန်းလှိုင်ထွေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ထုံးအိုင်ကျေးရွာကွင်းကျောင်းသို့သွားရောက်ပြီး ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တခေမာစာရအား ဖူးမြော်ကြည်ညို၍ ဆွမ်းဆန်တော်၊ ဆီ၊ ဆေး၊ ခေါက်ဆွဲခြောက်၊ အာဟာရမုန့်နှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့သည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ထုံးအိုင်ကျေးရွာ အမှတ်(၁) ရပ်ကွက် သာသနာ့ဂုဏ်ရည်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကောသလ၊ အမှတ်(၅) ရပ်ကွက် သူရိယာရာမ ကျောင်းသစ်ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တသေဋ္ဌဉာဏနှင့် တောရကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒာဝရတို့အား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဆွမ်းဆန်တော်၊ ဆီ၊ ဆေး၊ အာဟာရမုန့်များနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ကယားပြည်နယ်ဝန်ကြီးချုပ်ဦးအယ်လ်ဖောင်းဆိုရှို ဦးဆောင်၍အမြင့်ပေ ၅၀၁၀ ရှိ လွိုင်နန်းဖတောင်သို့ ခြေလျင်တောင်တက်ခရီးစဉ် တက်ရောက်

**ဒီမော့ဆို စက်တင်ဘာ ၁၆**
ကယားပြည်နယ်အစိုးရအဖွဲ့မှ ဦးဆောင်၍ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၅၀၁၀ ရှိ ဒီမော့ဆိုမြို့နယ် လွိုင်နန်းဖတောင်သို့ စက်တင်ဘာ ၁၅ ရက် နံနက် ၉ နာရီတွင် တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါတောင်တက်ခရီးစဉ်သို့ ကယားပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးနှင့် ဇနီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဌာန၊ တက္ကသိုလ်၊ ကောလိပ်များမှ တောင်တက်ခရီးလိုက်ပါလိုကြောင်း စာရင်းပေးသွင်းထားသည့် လူဦးရေ ၂၀၀ ကျော်ခန့် ပါဝင်တက်ရောက်ကြသည်။

လွိုင်နန်းဖတောင်ထိပ်တွင် မြိုင်ကြီးငူဆရာတော်ကြီးက ၂၀၀၃ ခုနှစ်တွင် ဦးစီးတည်ထားကိုးကွယ်သည့် ဉာဏ်တော်အမြင့် ၄၅ ပေရှိ စေတီတော်နှင့် ကက်သလစ်ဂိုဏ်းအုပ်ဆရာတော် ဆိုတေးရိုဖားမောဦးစီး၍ ကက်သလစ်အသင်းတော်နှင့် နှစ်ခြင်းခရစ်ယာန်အသင်းတော်တို့မှ ၁၉၉၅-၁၉၉၆ ခုနှစ်တွင် စိုက်ထူခဲ့သည့် အမြင့် ၄၅ ပေရှိ လက်ဝါးကပ်တိုင်တို့အား သက်ဆိုင်ရာဘာသာဝင်အလိုက် ကြည်ညိုနိုင်ရုံမျှမက ကယားပြည်နယ်၏ သဘာဝအလှအပများကို အပြည့်အဝ ခံစားရရှိနိုင်မည့် နေရာတစ်ခုဖြစ်သည်။

ပြည်တွင်းပြည်ပ ခရီးသွားများအနေဖြင့် သွားရောက်လည်ပတ်သင့်သည့် နေရာတစ်ခုဖြစ်ကြောင်းနှင့် ဖူးကောင်းမွန်အေးနှင့် လွိုင်နန်းဖတောင်သမိုင်းများသည်လည်း စိတ်ဝင်စားဖွယ်ရာ လေ့လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ရီရယ်(ဒီမော့ဆို)**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် မြို့နယ်ပေါင်းစုံပြေးခုန်ပစ်ပြိုင်ပွဲတက်ရောက်

**မုံရွာ စက်တင်ဘာ ၁၆**
စစ်ကိုင်းတိုင်းဒေသကြီး ၃၇ မြို့နယ်မှ ပြေးခုန်ပစ်အားကစားမျိုးဆက်သစ် ၄၀၀ ကျော်ပါဝင်ယှဉ်ပြိုင်သည့် ၂၀၁၈ ခုနှစ် တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလားမြို့နယ်ပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲကို စက်တင်ဘာ ၁၅ ရက်မှ ၁၇ ရက်ထိ မုံရွာမြို့ ပြည်သူ့အားကစားကွင်းအတွင်း ကျင်းပသည်။

ပြေးခုန်ပစ်ပြိုင်ပွဲဖွင့်ပွဲကို စက်တင်ဘာ ၁၅ ရက် ညနေ ၄ နာရီက မုံရွာပြည်သူ့အားကစားကွင်းအတွင်းကျင်းပရာ ပြေးခုန်ပစ်အားကစားသမား ၄၀၀ ကျော်ကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းတို့က လိုက်လံနှုတ်ဆက်အားပေးသည်။

ပြေးခုန်ပစ်ပြိုင်ပွဲတွင် မီတာ ၁၀၀ (ကျား/မ)၊ မီတာ ၂၀၀ (ကျား/မ)၊ မီတာ ၄၀၀ (ကျား/မ)၊ မီတာ ၈၀၀ (ကျား/မ)၊ မီတာ ၁၅၀၀ (ကျား/မ)၊ မီတာ ၁၀၀၊ ၄၀၀ လက်ဆင့်ကမ်း (ကျား/မ)၊ သံလုံးပစ်(ကျား/မ)၊ သံပြားပစ် (ကျား/မ) နှင့် လှံတံပစ် (ကျား/မ) ပြိုင်ပွဲများကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း**

# တောင်ငူနှင့် အုတ်တွင်းမြို့ ဒေသဖွံ့ဖြိုးရေး ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ကွင်းဆင်းကြည့်ရှု

**ပဲခူး စက်တင်ဘာ ၁၆**
ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် စက်တင်ဘာ ၁၆ ရက် နံနက် ၉ နာရီက အစိုးရအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး၊ တောင်ငူခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ စည်ပင်သာယာရေးကော်မတီဝင်များ၊ စည်ပင်အမှုဆောင်အရာရှိတို့နှင့်အတူ တောင်ငူမြို့ သန့်ရှင်းသာယာလှပရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘုရင့်နောင်ပန်းခြံလမ်းဆုံနှင့် မင်းကြီးညိုပန်းခြံလမ်းဆုံတို့ကိုလည်းကောင်း၊ တောင်ငူခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနမှူးရုံး တည်ဆောက်မည့် မြေနေရာကိုလည်းကောင်း သွားရောက်ကြည့်ရှုပြီး အုတ်တွင်းမြို့နယ် ဝါးတီးကျေးရွာအုပ်စု ဝါးတီးကျေးရွာ ဝါးတီးရွာမဘုန်းကြီးကျောင်းတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အုတ်တွင်းမြို့ ပဲခူးလမ်းရပ်ကွက်ရှိ စည်ပင်ပိုင် မြို့တော်ခန်းမလျာထားနေရာအား ပန်းခြံအဖြစ်တည်ဆောက်နိုင်ရေးအတွက် သွားရောက်ကြည့်ရှုပြီး အုတ်တွင်းမြို့ စံပယ်လမ်းနှင့် မြတ်လေးလမ်းဆုံတွင် တည်ဆောက်ထားသော အုတ်ခုံခံသံကူကွန်ကရစ်တံတားတည်ဆောက်ပြီးစီးမှုကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

အဆိုပါတံတားသည် အရှည် ၁၃ ပေ၊ အကျယ် ၅ ပေ ၃လက်မ၊ အမြင့် ၄ ပေရှိ အုတ်ခုံခံ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ကမ္ဘာ့သန့်ရှင်းရေးနေ့ကို ပထမဦးဆုံးအကြိမ် ရန်ကုန်မြို့တွင်ကျင်းပ



**ရန်ကုန် စက်တင်ဘာ ၁၆**

မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ်အဖြစ် စတင်ပြုလုပ်သော ကမ္ဘာ့သန့်ရှင်းရေးနေ့ (World Clean-up Day) အခမ်းအနားကို စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက ရန်ကုန်မြို့တော်ခန်းမရှေ့တွင် ကျင်းပခဲ့သည်။

"အမှိုက်ဆိုတာက ဂေဟာစနစ်ကို ပျက်စီးစေပါတယ်။ အထူးသဖြင့် အမှိုက်ကြောင့် ရေမြောင်းတွေပိတ်ဆို့မှုဖြစ်စေပြီး ရေကြီးရေလျှံမှုတွေဖြစ်စေပါတယ်။ ဒါကြောင့် အမှိုက်ဆိုတာကို ပေါ့ပေါ့သဘောမထားဘဲ အလေးထားလုပ်ဆောင်ဖို့လိုပါတယ်" ဟု ရန်ကုန် မြို့တော်ဝန် ဦးမောင်မောင်စိုးက အဆိုပါအခမ်းအနားတွင် ပြောကြားသည်။

ယနေ့ကျင်းပသည့် အခမ်းအနားကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ First Myanmar Investment(FMI)၊ Junior Chamber International (JCI Myanmar)၊ Clean Yangon နှင့် Trash Hero တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး အနုပညာရှင်များကလည်း သီဆိုဖျော်ဖြေမှုများဖြင့် ပါဝင်အားဖြည့်ကူညီခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေး အဖွဲ့အစည်းများ၊ ပရဟိတအဖွဲ့အစည်းများ၊ ပြည်သူများ စုပေါင်းပါဝင် တက်ရောက်ခဲ့ကြသည်။

**သတင်း-ရာမည**

**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ဂုဏ်ပြုပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

**ဘူးသီးတောင်**

(၅၄) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘူးသီးတောင်မြို့နယ် အမှတ် ၃ နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ ကွပ်ကဲမှုအဖွဲ့ခွဲမှူး ယာယီရဲမှူးကြီး ဝင်းသိန်းနှင့် အမှတ် ၈ နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ တပ်ဖွဲ့ခွဲမှူး ဒုရဲမှူးကြီး ရဲနိုင်ဦးတို့ဦးဆောင်သော တပ်ဖွဲ့ဝင်အင်အား ၂၀၀ တို့သည် စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက မြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း၊ အပြင်တို့တွင် အမှိုက်သရိုက်များလှည်းကျင်းခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဟိန်းထက်**

**သနပ်ပင်**

(၅၄) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး တင်အောင်၊ သနပ်ပင်မြို့မရဲစခန်းမှူး ဒုတိယရဲမှူး မြင့်ရွှေတို့ ဦးဆောင်၍ တပ်ဖွဲ့ဝင် ၈၀ တို့က သနပ်ပင်မြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

**လှမိုး(ပြန်/ဆက်)**

**ဝေါ**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည်ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက ညောင်ခါးရှည်ကျေးရွာ အထက (ရွာလယ်ကျောင်း)၌ ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

**ဘားအံ**

ဘားအံပြည်သူ့ဆေးရုံကြီးတွင် စက်တင်ဘာ ၁၅ ရက် နေ့လယ်ပိုင်းက ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှ စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

"ရဲတပ်ဖွဲ့ဝင် ၅၁ ဦးနဲ့ မိသားစုဝင် ၁၉ ဦးတို့က စုပေါင်းသွေးပုလင်း ၇၀ ကို ဘားအံဆေးရုံကြီး သွေးလှူဘဏ်ကို လှူဒါန်းခဲ့ခြင်းဖြစ်ပါတယ်" ဟု ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူးရဲထွန်းဦးက ပြောသည်။ **မင်းသူ(ဘားအံ)**

**မြစ်သား**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ဘိုးဘွားရိပ်သာဝင်းတွင် စက်တင်ဘာ ၁၅ ရက် နံနက် ၈ နာရီက မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသက်စိုးနှင့် မြို့မရဲစခန်းမှူး ဒုတိယရဲမှူး လှသန်းနိုင်တို့ စီစဉ်ကြီးကြပ်သော တပ်ဖွဲ့ဝင်များက ဘိုးဘွားရိပ်သာဝင်းတွင် သန့်ရှင်းရေးများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**ရန်ကုန်**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ ဘိုးဘွားရိပ်သာတွင် စက်တင်ဘာ ၁၆ ရက် နံနက် ၇ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဌေးနှင့် ဦးစီးအဖွဲ့အင်အား ၅၀၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မျိုးလတ်နှင့် ဦးစီးအဖွဲ့ စုစုပေါင်း ၅၀ တို့က ဘိုးဘွားရိပ်သာအတွင်း သန့်ရှင်းရေးပြုလုပ်ခဲ့ကြောင်း သိရသည်။ **အောင်ဆွေ(ရွှေတံတား)**

**စလင်း**

မကွေးတိုင်းဒေသကြီး စလင်းမြို့တွင် စက်တင်ဘာ ၉ ရက် နံနက် ၇ နာရီက စလင်းပြည်သူ့ဆေးရုံဝင်းအတွင်းရှိ ချုံနွယ်များကို မြို့နယ်မှူး ရဲမှူးတင်ထွန်း၊ ဒုမြို့နယ်မှူး ဒုရဲမှူးခင်မောင်ညွန့်၊ မြို့မစခန်းမှူး ဒုရဲမှူးသန်းဇော်ခေါင်း ဆောင်သော ရဲတပ်ဖွဲ့ဝင်အင်အား ၅၂ ဦး ဖြင့် သန့်ရှင်းရေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

**ရန်ကုန်**

(၅၄) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ် ၂ လုံခြုံရေးရဲကွပ်ကဲမှု အဖွဲ့ ကွပ်ကဲရေးမှူး ရဲမှူးချုပ်တင်ကိုကိုဦးစီး၍ အမှတ် ၆/၈ လုံခြုံရေးရဲတပ်ဖွဲ့ခွဲတို့မှ တပ်ဖွဲ့ဝင်အင်အား ၁၀၀ ဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်းရှိ ချုံနွယ်မြက်ပင်များအား ခုတ်ထွင်ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့သည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

**ရန်ကုန်**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် မြို့မရဲစခန်းမှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်ဦးစီးသော တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၅ ရက် နံနက် ၈ နာရီက ကြံတိုင်းအောင်ဆုတောင်းပြည့်စေတီတော်မြတ်ကြီးပတ်ဝန်းကျင် သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၅၁၂)**

# မော်လမြိုင်တွင် အပန်းဖြေစခန်းဖွင့်လှစ်



**ကျိုက်မရော စက်တင်ဘာ ၁၆**

မော်လမြိုင်ခရိုင် ကျိုက်မရောမြို့အဝင် ခြောက်မိုင်လမ်းဆုံတွင် အပန်းဖြေစရာကမ်းခြေတစ်ခုကို စက်တင်ဘာ ၁၅ ရက်က စတင်ဖွင့်လှစ်သည်။

အဆိုပါ water world မော်လမြိုင်အပန်းဖြေစခန်းတွင် ရေလျှောလျှောစီးကစားခြင်း၊ ရေလှိုင်းကြီးများအပျော်စီးခြင်း၊ ရေကူးရန်အတွက် ရေကူးကန်များ၊ ကလေးများဆော့ကစားရန် ရေလျှောလျှောများစီးပြီး ရေကူးခြင်း၊ လှိုင်းစီးခြင်းများအတွက် အသက်ကယ်အင်္ကျီများ အလုံအလောက်ထားရှိခြင်း၊ တကယ့်ပင်လယ်ကမ်းခြေအစစ်ကဲ့သို့ ဖန်တီးထားသဖြင့် မိသားစုအလိုက်၊ အသင်းအဖွဲ့အလိုက် အပန်းဖြေဆော့ကစားလည်ပတ်ရန် လှပသာယာသော အပန်းဖြေစခန်းသစ်ဖြစ်သဖြင့် ရုံးပိတ်ရက်များတွင် လာရောက်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိပြီး ဝန်ဆောင်ခအဖြစ် လူကြီးတစ်ဦးလျှင် ဝင်ကြေးမှာကျပ် ၅၀၀၀ နှင့် ကလေးတစ်ဦးလျှင်ကျပ် ၃၀၀၀ ဖြစ်ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး(ကျိုက်မရော)**

# ပရိသတ်တွေနဲ့တွေ့ဆုံပွဲကို ထူးထူးခြားခြားကျင်းပခဲ့တဲ့ အိုင်ယူ




ကေပေါ့ပ်ကြယ်ပွင့်တစ်ဦးအဖြစ်မှသည် ကျော်ကြားတဲ့ သရုပ်ဆောင်တစ်ဦးဖြစ်လာတဲ့ အိုင်ယူဟာ လတ်တလောမှာတော့ ပရိသတ်တွေနဲ့ တွေ့ဆုံပွဲတွေကို ပြုလုပ်ခဲ့ပါတယ်။ ဒီတွေ့ဆုံပွဲမှာတော့ ထူးထူးခြားခြားအနေနဲ့ ဆယ်ကျော်သက်ပရိသတ်တွေနဲ့ အသက် ၂၀ နှင့် အထက်ဆိုပြီးခွဲခြားကာ တွေ့ဆုံပွဲနှစ်ခု ကျင်းပခဲ့တာဖြစ်ပြီး တွေ့ဆုံပွဲတွေကို တက်ရောက်လာကြတဲ့ ပရိသတ်တွေကိုလည်း ကျော်ကြားတဲ့ရုပ်ရှင်ဇာတ်ကောင်တွေလို ပြင်ဆင်တက်ရောက်စေခဲ့တာဖြစ်တယ်လို့ အောကေပေါ့ပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒီတွေ့ဆုံပွဲတွေဟာ အိုင်ယူရဲ့ အနုပညာသက်တမ်း ၁၀ နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ပြုလုပ်ခဲ့တဲ့ပွဲတွေလည်းဖြစ်ပါတယ်။ အိုင်ယူဟာ တစ်ရက်တည်းမှာ တွေ့ဆုံပွဲနှစ်ခုစလုံး ကျင်းပခဲ့တာဖြစ်ပြီး ဆယ်ကျော်သက် ပရိသတ်တွေနဲ့ တွေ့ဆုံပွဲကို အရင်ပြုလုပ်ကာ အသက် ၂၀ နှင့်အထက် ပရိသတ်တွေနဲ့ တွေ့ဆုံပွဲကိုတော့ ပထမတွေ့ဆုံပွဲအပြီး ညနေ ခြောက်နာရီတွင် စတင်ကျင်းပတာဖြစ်တယ်လို့လည်း သိရပါတယ်။

အိုင်ယူက ဆယ်ကျော်သက် ပရိသတ်တွေကို ရုပ်ရှင်ဇာတ်ကောင်တွေအတိုင်း ပြင်ဆင်တက်ရောက်ဖို့ရာ တွေ့ဆုံပွဲ မကျင်းပမီကတည်းက ကြေညာထားခဲ့ပါတယ်။ ဒါကြောင့် စက်တင်ဘာ ၁၅ ရက်မှာ ပြုလုပ်ခဲ့တဲ့ သူ့ရဲ့ ပရိသတ်တွေနဲ့ တွေ့ဆုံပွဲမှာတော့ မင်းသမီး ဝတ်စုံတွေ ဝတ်ဆင်တက်ရောက်ကြသူတွေရှိခဲ့ကြကာ အဲဒီအထဲကမှ စင်ဒရဲလား၊ စနိုးဝှိုက်စတဲ့ ဒစ်စနေရဲ့ ဇာတ်ကောင်တွေအတိုင်း ပြင်ဆင်ခဲ့ကြတာများပြီး ရုပ်သံဖန်တီးမှုရုပ်ရှင်တွေထဲကလို ဒိုင်နိုဆောကဲ့သို့ ဝတ်ဆင်လာတဲ့ ပရိသတ်တွေကိုလည်း တွေ့ရပါတယ်။

မကြာသေးမီကလည်း အိုင်ယူဟာ ဇာတ်လမ်းတိုလေးခု၌ ပါဝင်သွားမှာဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့ပြီးဖြစ်တယ်လို့လည်း သိရပါတယ်။



**အေးပြည့်စုစည်းသည်**

# ပြန်လည်ဆုံစည်းခဲ့ကြတဲ့ 2NE1 အဖွဲ့ဝင်နှစ်ဦး



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီး တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "2NE1"ဟာ လက်ရှိမှာတော့ အဖွဲ့ဝင်နှစ်ဦးသာလျှင် ကျန်ရှိပြီး အဖွဲ့လိုက်လှုပ်ရှားမှုတွေ လုပ်ဆောင်ခြင်းမရှိတော့ဘဲ တစ်ဦးချင်းစီ အနုပညာခရီးမှာ သီးခြားလျှောက်လှမ်းနေတာဖြစ်ပါတယ်။ လတ်တလောမှာတော့ အဖွဲ့ကနေ နုတ်ထွက်သွားခဲ့တဲ့ မင်ဇီနဲ့ လက်ရှိမှာ အဖွဲ့ဝင်အဖြစ် ကျန်ရှိနေသေးတဲ့ ဒါရာတို့နှစ်ဦး တွေ့ဆုံခဲ့ကြကြောင်း အောကေပေါ့ပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာတော့ ဒါရာက သူနဲ့ မင်ဇီတို့ အတူရိုက်ကူးထားတဲ့ ဓာတ်ပုံတစ်ပုံကို သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့တာဖြစ်ပါတယ်။ ဒီဓာတ်ပုံမှာတော့ သူတို့နှစ်ဦးစလုံးဟာ အနီရောင်ဝတ်စုံတွေနဲ့ လှပနေတာကိုလည်း တွေ့ရပါတယ်။ အဆိုပါဓာတ်ပုံရဲ့အောက်မှာတော့ ဒါရာက အမှတ်တရစာသားအချို့ကိုလည်း တွဲဖက်ရေးသားဖော်ပြထားတာ တွေ့ရပါတယ်။

ဒါရာက မင်ဇီဟာ အင်အားတွေ ပြည့်ဝနေဆဲဖြစ်ကာ လှပနေဆဲ၊ ချစ်စရာကောင်းနေဆဲဖြစ်ကြောင်းလည်း ရေးသားဖော်ပြထားပါတယ်။ ဒ့ါအပြင် ပေါ့ပ်ကြယ်ပွင့်က မင်ဇီဟာ "2NE1"ရဲ့ အသက်အငယ်ဆုံးသော အဖွဲ့ဝင်ဖြစ်ပြီး သူကတော့ အဖွဲ့ဝင်တွေအနက် အသက်အငယ်ဆုံးဖြစ်ကြောင်း ပရိသတ်တွေရဲ့ ထင်ကြေးပေးခံရတာဖြစ်ကြောင်း အတိတ်ကအကြောင်းအရာတွေကိုလည်း ပြန်ပြောင်းရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

ဒ့ါအပြင် ဒါရာက သူတို့နှစ်ဦးစလုံးအနီရောင်တွေ ဝတ်ဆင်ထားတာနဲ့ပတ်သက်ပြီး ဖရဲသီးဖက်ရှင်လို့လည်း ရေးသားဖော်ပြခဲ့ပါတယ်။ မင်ဇီဟာ မကြာသေးမီက ဖိလစ်ပိုင်တက္ကသိုလ်တစ်ခုဖွင့်ပွဲမှာ သွားရောက်ဖျော်ဖြေခဲ့တာကြောင့် ဒီဓာတ်ပုံကို သူတို့တွေ နိုင်ငံခြားမှာ အတူဆုံခဲ့စဉ်က ရိုက်ကူးခဲ့တာဖြစ်နိုင်ကြောင်းလည်း အဆိုပါမီဒီယာက ရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။

# စတုတ္ထ စက်မှုအသွင်ပြောင်းခြင်းနှင့် ဒစ်ဂျစ်တယ်စီးပွားရေး

■ ကျော်ကျော်လှိုင် (SMART)

ကမ္ဘာ့စီးပွားရေးဖိုရမ် ( World Economic Forum ) ကို ဦးဆောင်ကျင်းပသူ ပါမောက္ခကလော့စ်ရွှာဘ် (Professor Klaus Schwab ) က စတုတ္ထစက်မှု အသွင်ပြောင်းခြင်း (The Fourth Industrial Revolution) စာအုပ်ကို ရေးသားထုတ်ဝေခဲ့ရာမှ စတုတ္ထစက်မှုအသွင်ပြောင်းခြင်းကို နိုင်ငံတိုင်းက အာရုံစိုက်လာပါသည်။ အသွင်ပြောင်းခြင်းသည် ပြောင်းလဲခြင်းနှင့် မတူပါ။ ပြောင်းလဲခြင်းနှင့်ပတ်သက်၍ လွယ်ကူအောင် ဥပမာပေးရလျှင် ပုတ်သင်ညို သည် သဘာဝပတ်ဝန်းကျင်ကိုလိုက်၍ အစိမ်းရောင်မှ အနီရောင်သို့ ပြောင်းနိုင်သလို အနီရောင်မှ အစိမ်းရောင်သို့လည်း ပြန်ပြောင်းနိုင်ပါသည်။ အသွင်ပြောင်းခြင်းနှင့်ပတ်သက်၍ ဥပမာပေးရလျှင် ဘောက်ဖတ်မှ လိပ်ပြာသို့ အသွင်ပြောင်းသည်ကို ပြရပါမည်။ အသွင်ပြောင်းလိုက်၍ လှပသောလိပ်ပြာ ဖြစ်လာသည့်အပြင် လေထဲတွင်လည်း ပျံသန်းနိုင်ပါသည်။ အသွင်ပြောင်းခြင်းကြောင့် ကောင်းကျိုးများကို ခံစားရပါသည်။

**ဦးစွာစက်မှုအသွင်ပြောင်းလဲမှုများ**

အွန်လိုင်းပေါ်တွင် အချက်အလက်ဖိုင်များကို သိမ်းဆည်းနိုင်သော ဝန်ဆောင်မှုပေးနေသည့် ကလောက် (CLOUD)ဟုခေါ်သည့် ကုမ္ပဏီ၏ စီအီးအိုအေရွန်လဲဗီးက "လွန်ခဲ့သည့် ၁၀ နှစ်ကတော့ စီးပွားရေးလုပ်ငန်းတွေ အောင်မြင်ဖို့ လူတွေ အလုပ်လုပ်တဲ့ ပုံစံကိုပြောင်းဖို့ ကြိုးစားခဲ့ရပေမယ့် နောက်ဆယ်နှစ်ကတော့ စီးပွားရေးလုပ်ငန်းတွေကို ဘယ်လိုအသွင်ပြောင်းမလဲက ပိုအရေးကြီးပါတယ်" ဟု ပြောခဲ့ပါသည်။

ဦးစွာ စက်မှုအသွင်ပြောင်းလဲမှုများကို ရှင်းပြလိုပါသည်။

**ပထမစက်မှုအသွင်ပြောင်းခြင်း**

၁၇၆၀ ပြည့်နှစ်နောက်ပိုင်းတွင် ရေနွေးငွေ့စက်များ ပေါ်လာပြီးနောက် လက်နှင့်လုပ်ကိုင်ရာမှ စက်များဖြင့် ပြောင်းလဲလုပ်ကိုင်လာသည်။ ရေနွေးငွေ့ မီးရထားစက်ခေါင်းများကြောင့် လမ်းပန်းဆက်သွယ်ရေး ကောင်းလာသည်။

**ဒုတိယစက်မှုအသွင်ပြောင်းခြင်း**

၁၈၇၀ ပြည့်နှစ်နောက်ပိုင်း လျှပ်စစ်ကို စတင်သုံးစွဲလာသည့်အချိန်ကို ဒုတိယစက်မှုအသွင်ပြောင်းခြင်းဟု ခေါ်ပါသည်။ လျှပ်စစ်သုံးစွဲ၍ ကုန်ပစ္စည်းများကို အမြောက်အမြား အချိန်တိုအတွင်း ထုတ်နိုင်လာသည်။ လျှပ်စစ်ကြောင့် လူနေမှုဘဝများ တိုးတက်ကောင်းမွန်လာသည်။

**တတိယစက်မှုအသွင်ပြောင်းခြင်း**

ကွန်ပျူတာများစတင်သုံးစွဲလာသည့် ၁၉၆၀ ပြည့်နှစ်နောက်ပိုင်းကို တတိယ စက်မှုအသွင်ပြောင်းခြင်းခေတ်ဟု ခေါ်ပါသည်။ အိုင်တီနည်းပညာများ ထွန်းကားလာပြီး အလိုအလျောက်စနစ်များ ထွန်းကားလာပါသည်။

**စတုတ္ထစက်မှုအသွင်ပြောင်းခြင်း**

တစ်ကမ္ဘာလုံး အင်တာနက်များ ကျယ်ပြန့်စွာ ချိတ်ဆက်လာနိုင်သည့် ၂၀၀၅ ခုနှစ်နောက်ပိုင်းကို စတုတ္ထ စက်မှုအသွင်ပြောင်းခြင်းကာလဟု ဆိုကြပါသည်။

ဝမ်းနည်းစရာကောင်းသည်က ကျွန်တော်တို့နိုင်ငံသည် ဒုတိယစက်မှု အသွင်ပြောင်းခြင်း၏ အကျိုးကျေးဇူးကိုပင် ပြည့်ပြည့်ဝဝ မခံစားရခြင်း ဖြစ်ပါသည်။ ကမ္ဘာ့ဘဏ်၏ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံလူဦးရေ၏ ၃၈ ဒသမ ၆ ရာခိုင်နှုန်းသာ လျှပ်စစ်ကို ပြည့်ပြည့်ဝဝ သုံးစွဲနိုင်ပါသည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းထုတ်ပြန်ချက်အရ မြန်မာနိုင်ငံတွင် အိမ်ထောင်စု ၁၁ သန်းခန့်ရှိရာ အိမ်ထောင်စု ၄ ဒသမ ၂ သန်းသာ လျှပ်စစ်ကို ပြည့်ပြည့်ဝဝ သုံးစွဲနိုင်ပါသည်။ ဝမ်းသာစရာကောင်းသည်ကတော့ ကျွန်တော်တို့ နိုင်ငံတွင် မိုဘိုင်းဖုန်းသိပ်သည်းဆသည် ၁၀၅ ရာခိုင်နှုန်းရှိနေပြီး မိုဘိုင်းဖုန်းသုံးစွဲသူ ၈၀ ရာခိုင်နှုန်းသည် စမတ်ဖုန်းများကို သုံးနေခြင်းဖြစ်ပါသည်။ စတုတ္ထ စက်မှုအသွင်ပြောင်းခြင်းတွင် အင်တာနက်များ ဆက်သွယ်မှုကောင်းခြင်းနှင့် စမတ်မိုဘိုင်းဖုန်းတို့သည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါနေပါသည်။

စတုတ္ထ စက်မှုအသွင်ပြောင်းခြင်းကြောင့် ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာပါသည်။ ဒစ်ဂျစ်တယ်စီးပွားရေးသည် e-commerce ဟုခေါ်သည့် အွန်လိုင်းပေါ်တွင် ဈေးရောင်းခြင်း၊ e-government ဟု ခေါ်သည့် အွန်လိုင်းသုံး၍ အစိုးရဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းထက် များစွာ ပိုပါသည်။ ဒစ်ဂျစ်တယ်စီးပွားရေး၏ အဓိကကျောရိုးမှာ အင်တာနက်များ၊ မိုဘိုင်းနည်းပညာများနှင့် IoT ဟုခေါ်သည့် Internet of Things များကြောင့် လူအချင်းချင်း၊ လူနှင့် အဖွဲ့အစည်းများ၊ လူနှင့် စက်ပစ္စည်းများ၊ စက်အချင်းချင်း ချိတ်ဆက်နိုင်ခြင်း ဖြစ်ပါသည်။ အာရုံခံကိရိယာများ အစွမ်းထက်လာခြင်းနှင့် ဈေးသက်သာလာခြင်းကြောင့် IoT များသည် လူနေမှုဘဝများကို ပိုမိုကောင်းမွန်လာအောင် အဘက်ဘက်မှ ကူညီနေပါသည်။ ဥပမာပေးရလျှင် ကျန်းမာရေးလက်ပတ် ဖြစ်ပါသည်။ ကျန်းမာရေးလက်ပတ်သည် ပတ်ဆင်ထားသူ၏ နေ့စဉ်လမ်းလျှောက်သည့် ခြေလှမ်း၊ နှလုံးခုန်နှုန်း၊ အချိန်မည်မျှ အိပ်သည်၊ အိပ်နေစဉ် အချိန်မည်မျှ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သည်၊ အချိန်မည်မျှ နိုးတစ်ဝက် အိပ်တစ်ဝက် ဖြစ်နေသည်၊ အချိန်မည်မျှ နိုးနေသည် စသည်တို့ကို မှတ်တမ်းတင်ပါသည်။ မိုဘိုင်းဖုန်းနှင့်လည်း ချိတ်ဆက်၍ မှတ်တမ်းတင်ထားနိုင်ပါသည်။ နာမည်ကြီးသည့် ကျန်းမာရေးလက်ပတ်များမှာ Fitbit၊ Garmin၊ Samsung စသည်တို့ ဖြစ်ပါသည်။

၂၀၂၅ ခုနှစ်ရောက်လျှင် ကမ္ဘာပေါ်တွင် IoT ပစ္စည်းပေါင်း ၇၅ ဘီလီယံ သုံးစွဲမည်ဟု ခန့်မှန်းပါသည်။ IoT များ၏ တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၆ ဒသမ ၂ ထရီလီယံ ရှိမည်ဟု ခန့်မှန်းကြပါသည်။ (၁ ထရီလီယံတွင် ၁၀၀၀ ဘီလီယံရှိပါသည်။) ကျန်းမာရေးတွင် အသုံးပြုမည့် IoT များ၏ တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ထရီလီယံရှိပါမည်။

**ဒစ်ဂျစ်တယ်စီးပွားရေး**

ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အချို့သော စီးပွားရေးများသည် ပျက်စီးပျောက်ကွယ်ရပါသည်။ ဒစ်ဂျစ်တယ်ကင်မရာများပေါ်လာ၍ နှစ် ၁၃၀ သက်တမ်းရှိသော ကိုဒတ် (Kodak) ဖလင်များပျောက်ကွယ်ရပါသည်။ မိုဘိုင်ဖုန်းကင်မရာများအရည်အသွေးကောင်းလာ၍ Nikon၊ Canon၊ Sony၊ Fuji စသည့် ကင်မရာများဈေးကွက်တွင် ရပ်တည်ရန် ခက်ခဲလာပါသည်။ WeChat၊ Viber၊ WhatsApp၊ Messenger တို့ကြောင့် လိုင်းဖုန်းကုမ္ပဏီများ ဝင်ငွေနည်းလာပါသည်။ ၇၉ နှစ်ကြာ ထုတ်ဝေခဲ့သော နယူးစ်ဝိခ် (Newsweek) မဂ္ဂဇင်းသည် ၂၀၁၂ ခုနှစ်ကစ၍ စက္ကူနှင့် မဂ္ဂဇင်းထုတ်ခြင်းကို ရပ်ခဲ့ပြီး ဒစ်ဂျစ်တယ်မဂ္ဂဇင်းအဖြစ်သာ အွန်လိုင်းတွင် ဖြန့်ဝေပါတော့သည်။ လက်ရှိစီးပွားရေးများ ရပ်တန့်သွားအောင် အသစ်ပေါ်လာသော နည်းပညာများကို Distruptive Technology ဟု တင်စားခေါ်ဝေါ်ကြပါသည်။ စီးပွားရေးလုပ်ငန်းများကို ဒစ်ဂျစ်တယ်စီးပွားရေးနှင့် လိုက်ပါ၍ အသွင်မပြောင်းနိုင်လျှင် Distruptive Technology ကြောင့် မိမိစီးပွားရေးလုပ်ငန်း ပျက်စီးပျောက်ကွယ်သွားနိုင်ပါသည်။ နိုင်ငံတစ်နိုင်ငံ အနေဖြင့်လည်း ဒစ်ဂျစ်တယ်စီးပွားရေးနှင့် လိုက်ပါ၍ အသွင်မပြောင်းနိုင်လျှင် ကမ္ဘာ့အလယ်တွင် စီးပွားရေးနာလန်မထူနိုင်သည့် အခြေအနေကို ရောက်သွားနိုင်ပါသည်။

**အာဆီယံနိုင်ငံများ**

ဒစ်ဂျစ်တယ်စီးပွားရေးခေတ်တွင် ဒစ်ဂျစ်တယ်စီးပွားရေးအတွက် လိုအပ်သည့် အသွင်ပြောင်းမှုများ ပြုလုပ်နိုင်ရန် ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းသည် နည်းမျိုးစုံဖြင့် ကြိုးပမ်းလျက်ရှိပါသည်။ အာဆီယံနိုင်ငံများသည်လည်း လိုအပ်သည့် အသွင်ပြောင်းလဲမှုများပြုလုပ်နိုင်ရန် ဝန်ကြီးဌာနများဖွဲ့စည်း၍ ဆောင်ရွက်နေသည်ကို တွေ့ရပါသည်။ ထိုင်းနိုင်ငံတွင် ဒစ်ဂျစ်တယ်စီးပွားရေး ဝန်ကြီးဌာနကို ၂၀၁၆ ခုနှစ်က စတင်ဖွဲ့စည်းခဲ့ပါသည်။ စင်ကာပူနိုင်ငံတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဝန်ကြီးဌာနသည် ဒစ်ဂျစ်တယ် စီးပွားရေးကို တာဝန်ယူထားပါသည်။ မလေးရှားနိုင်ငံတွင်လည်း ၂၀၁၈ ခုနှစ် ဇူလိုင်လကမှ ဖွဲ့စည်းလိုက်သော စွမ်းအင်၊ နည်းပညာ၊ သိပ္ပံ၊ ရာသီဥတုပြောင်းလဲခြင်းနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနသည် ဒစ်ဂျစ်တယ် စီးပွားရေးကို တာဝန်ယူပါသည်။ ၎င်းဝန်ကြီးဌာနကို ဦးဆောင်သူသည် အသက် ၃၅ နှစ်သာရှိသေးသည့် အင်ဂျင်နီယာဘွဲ့ရထားသူ အမျိုးသမီး ဖြစ်ပါသည်။

> ❛ ဒစ်ဂျစ်တယ်စီးပွားရေးခေတ်တွင် ဒစ်ဂျစ်တယ်စီးပွားရေးအတွက် လိုအပ်သည့် အသွင်ပြောင်းမှုများ ပြုလုပ်နိုင်ရန် ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းသည် နည်းမျိုးစုံဖြင့် ကြိုးပမ်းလျက်ရှိပါသည်။ အာဆီယံနိုင်ငံများသည်လည်း လိုအပ်သည့် အသွင်ပြောင်းလဲမှုများပြုလုပ်နိုင်ရန် ဝန်ကြီးဌာနများဖွဲ့စည်း၍ ဆောင်ရွက်နေသည်ကို တွေ့ရပါသည်။ ထိုင်းနိုင်ငံတွင် ဒစ်ဂျစ်တယ်စီးပွားရေးဝန်ကြီးဌာနကို ၂၀၁၆ ခုနှစ်က စတင်ဖွဲ့စည်းခဲ့ပါသည်။ စင်ကာပူနိုင်ငံတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဝန်ကြီးဌာနသည် ဒစ်ဂျစ်တယ်စီးပွားရေးကို တာဝန်ယူထားပါသည်။ မလေးရှားနိုင်ငံတွင်လည်း ၂၀၁၈ ခုနှစ် ဇူလိုင်လကမှ ဖွဲ့စည်းလိုက်သော စွမ်းအင်၊ နည်းပညာ၊ သိပ္ပံ၊ ရာသီဥတုပြောင်းလဲခြင်းနှင့် သဘာဝပတ်ဝန်းကျင် ဝန်ကြီးဌာနသည် ဒစ်ဂျစ်တယ်စီးပွားရေးကို တာဝန်ယူပါသည် ❜

**ဒစ်ဂျစ်တယ်နှင့် အတူကြီးပြင်း**

လူငယ်များသည် ဒစ်ဂျစ်တယ်နည်းပညာကို လူကြီးများထက် ပိုမို အကျွမ်းတဝင်ရှိသည်ကတော့ အငြင်းပွားစရာမလိုသည့် အချက်ဖြစ်ပါသည်။ ၁၉၈၀ ပြည့်နှစ် နောက်ပိုင်းမွေးဖွားသူများကို Y မျိုးဆက်ဟု ခေါ်ပါသည်။ Y မျိုးဆက်သည် ဒစ်ဂျစ်တယ်နှင့်အတူ ကြီးပြင်းလာသူများ ဖြစ်ပါသည်။ အသက် ၂၄ နှစ်မှ ၄၀ အတွင်း လူငယ်များဖြစ်ပြီး မြန်မာပြည်တွင် လူဦးရေ ၁၃ ဒသမ ၄ သန်း ရှိပါသည်။ Z မျိုးဆက်သည် ဒစ်ဂျစ်တယ်ကို ငယ်စဉ် လူမှန်းသိတတ်စက စတင်သုံးစွဲသူများ ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၁၈ သန်းခန့်ရှိပြီး အသက် ၆ နှစ်မှ ၂၃ နှစ်အတွင်း ရှိပါသည်။ Z မျိုးဆက်များသည် စာအုပ်ဝတ္ထုထဲက အဖြစ်အပျက်များထက် လက်တွေ့ဖြစ်ရပ်များကို ပိုစိတ်ဝင်စားပါသည်။ ကမ္ဘာပေါ်တွင် နေ့စဉ်ဖြစ်ပျက်နေသည်များကို နေ့စဉ် မိုဘိုင်းဖုန်းမှ သိရှိနေသူများဖြစ်ပါသည်။ ဂူဂယ်မှ အချက်အလက်ကို ရှာဖွေခြင်းထက် ယူကျု (YouTube) ကို ပိုသုံးသူများဖြစ်ပါသည်။ တီထွင်ကြံဆနိုင်သူများဖြစ်ပါသည်။ သေရမှာထက် မလုပ်လိုက်ရမှာကို ကြောက်သူများ ဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင်၊ လူ့အခွင့်အရေး၊ လိင်ပြောင်းများ၏ အခွင့်အရေး (LGBT rights)၊ တိရစ္ဆာန်အခွင့်အရေး၊ ငြိမ်းချမ်းရေး စသည်တို့ကို တခြားမျိုးဆက်များထက် ပိုစိတ်ဝင်စားသူများ ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် Y၊ Z နှင့် Alpha မျိုးဆက်တို့ကို ပေါင်းလျှင် ၃၈ ဒသမ ၅ သန်းရှိပါသည်။ မြန်မာနိုင်ငံလူဦးရေ၏ တစ်ဝက်ကျော်ရှိပြီး အနာဂတ်တွင် အဓိကစားသုံးသူများ ဖြစ်လာပါမည်။ Y၊ Z နှင့် Alpha တို့၏ အမူအကျင့်များကိုသိမှသာ လူသုံးကုန်ပစ္စည်း ထုတ်လုပ်ရောင်းချသူများ၏ စီးပွားရေး လုပ်ငန်းများ အနာဂတ်တွင် အောင်မြင်ပါမည်။

**ဈေးကွက်တန်ဖိုး**

ဒစ်ဂျစ်တယ်စီးပွားရေးခေတ်တွင် ကုန်ပစ္စည်းထုတ်လုပ်သူထက် အွန်လိုင်းပေါ်တွင် ဈေး( Market ) သို့မဟုတ် ပလက်ဖောင်း ( Platform ) တည်ဆောက်သူများက ချမ်းသာကြွယ်ဝလာပါသည်။ ၁၉၂၇ ခုနှစ်က စတင်ခဲ့သော ကမ္ဘာကျော် မာရီယက်ဟိုတယ်သည် ဝန်ထမ်းပေါင်း ၂၀၀၀၀၀ ရှိပြီး ဈေးကွက်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၇ ဘီလီယံသာ ရှိသည်။ ၂၀၀၈ ခုနှစ်က တည်ထောင်သည့် ပလက်ဖောင်းကုမ္ပဏီ Air BNB သည် ဝန်ထမ်း ၅၀၀၀ သာရှိသော်လည်း ဈေးကွက်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၁ ဘီလီယံ ရှိပါသည်။ Air BNBသည် ဟိုတယ်တစ်လုံးမှ မပိုင်ပါ။ အခန်းငှားရမ်းလိုသူများနှင့် အိမ်ပိုင်ရှင်၊ အခန်းပိုင်ရှင်များကို ချိတ်ဆက်ပေးသည့် ပလက်ဖောင်းသာ ဖြစ်ပါသည်။ ထိုနည်းတူ UBER သည် အငှားယာဉ် တစ်စီးမှ မပိုင်သော်လည်း ကားငှားလိုသူများနှင့် ကားပိုင်ရှင်များကို ချိတ်ဆက်ပေးသည့် ဈေးပင်ဖြစ်ပါသည်။ (မြန်မာနိုင်ငံမှ Grab သည် UBER နှင့် အသွင်တူပါသည်။ )

**လုံခြုံစိတ်ချမှု**

ဒစ်ဂျစ်တယ်စီးပွားရေးတွင် အရေးပါလာသည့် အခြားအချက်များမှာ အလွန်များပြားသောအချက်အလက်များ (Big Data)၊ AI (Artificial Intelligence) ခေါ် တီထွင်မှတ်ဉာဏ်များ၊ လူနှင့်တူပြီး လူကဲ့သို့ စဉ်းစားဆောင်ရွက်နိုင်သည့် စက်ရုပ်များ (Humanoids)၊ သုံးဘက်ရုပ်လုံးကြွပုံထုတ်စက်များ (3D Printing) နှင့် ကလောက် (Cloud ) များဖြစ်ပါသည်။ နည်းပညာအသစ်များကြောင့် ရှေးသမားရိုးကျ ဘဏ်လုပ်ငန်းများသည်လည်း ရေရှည်တွင် ရပ်တည်ရန်ခက်လာပါမည်။ Wave Money ကဲ့သို့ ငွေလွှဲရန် လွယ်ကူသောဝန်ဆောင်မှုများ မြန်မာနိုင်ငံတွင် ထပ်ပေါ်လာပါဦးမည်။ ထိုင်းနိုင်ငံ၏ ဘဏ်များတွင် သမားရိုးကျ ငွေလွှဲခြင်းမှရသော ဝင်ငွေသည် ၂၀၁၈ ခုနှစ်တွင် ၁၀ ရာခိုင်နှုန်း ကျဆင်းသွားပါသည်။ ငွေကြေးကဏ္ဍတွင် ငွေကြေးနှင့်ပတ်သက်သော နည်းပညာကုမ္ပဏီများတွင် ရင်းနှီးမြှုပ်နှံမှုများ ကမ္ဘာပေါ်တွင် နေ့စဉ်တိုးတက်နေပါသည်။ ယင်းကုမ္ပဏီများသည် ဘဏ်များ ဆောင်ရွက်မပေးနိုင်သော ဝန်ဆောင်မှုများကို နည်းပညာသုံး၍ လွယ်ကူအောင် ဆောင်ရွက်ပေးနေပါသည်။ လွယ်ကူသော်လည်း လုံခြုံစိတ်ချမှုရှိပါသည်။

နိဂုံးချုပ်အနေဖြင့် စတုတ္ထစက်မှုအသွင်ပြောင်းခြင်းသည် ကမ္ဘာပေါ်တွင် အရှိန်အဟုန်နှင့် ဖြစ်ပေါ်နေပါသည်။ မြန်မာနိုင်ငံသည် စတုတ္ထစက်မှုအသွင်ပြောင်းခြင်းတွင် လိုက်ပါအသွင်ပြောင်းရန် အလွန်အရေးကြီးပါသည်။ Y၊ Z နှင့် Alpha မျိုးဆက်သစ်များ၏ ဒစ်ဂျစ်တယ်အသိပညာကို အသုံးချရပါမည်။ မျိုးဆက်သစ်များနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုပါသည်။ Y၊ Z နှင့် Alpha မျိုးဆက်မဟုတ်သော အသက် ၅၀ ကျော်သူများသည် ဒစ်ဂျစ်တယ်နှင့် အလှမ်းဝေးသူများဖြစ်ပါသည်။ ဒစ်ဂျစ်တယ် အေလီယမ် (Digital Alliens) များဖြစ်ပါသည်။ ဒစ်ဂျစ်တယ် အေလီယမ်များသည် နည်းပညာများဖြင့် အကျွမ်းတဝင်ဖြစ်အောင် လေ့လာသင်ယူသင့်ပါသည်။ စတုတ္ထစက်မှုအသွင်ပြောင်းခြင်းကြောင့် လူနေမှုဘဝများ အနာဂတ်တွင် ပိုမိုကောင်းမွန်လာမည်မှာ အသေအချာဖြစ်ပါသည်။ ကောင်းမွန်လာမည့် လူနေမှုဘဝများကို အကျိုးရှိရှိ ခံစားနိုင်ရန် ဒစ်ဂျစ်တယ် အသိပညာတော့လိုပါမည်။ ။

**တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ**

**အင်ဂျင်နီယာသင်တန်းသားများ**

**အလိုရှိသည်**

၁။ လျှောက်ထားသူသည်-

(က) **၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၁၀-၉-၂၀၁၈** ရက်နေ့မှ စတင်၍ **၂၄-၁၁-၂၀၁၈** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း တိုင်းစစ်ဌာနချုပ်များတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ**။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ **၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၆။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို ဟိုပုံးမြို့(တောင်ကြီးခရိုင်)တွင်လူတွေ့စစ်ဆေးမည်။ လူတွေ့အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းနှင့်သတင်းပို့ရမည့်ရက်များကို မိမိလျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်များတွင် **၂၈-၁၂-၂၀၁၈** မှ **၂၉-၁၂-၂၀၁၈** ရက်နေ့များအတွင်း မေးမြန်းနိုင်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည် အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။


HITACHI
Inspire the Next
THE FUTURE IS OPEN TO SUGGESTIONS
Tomorrow starts with Social Innovation. All it takes is an idea: one simple thought that has the power to change the world. And it's through collaboration that these seeds of possibilities can grow, flourish and live. At Hitachi, we're developing innovative co-creation platforms for the Internet of Things. It's how we're bringing thinkers and doers together to accelerate Social Innovation for a better future.
social-innovation.hitachi
Hitachi Social Innovation

Global Asia Myanmar
Travels & Tours Co.,Ltd
20 October 2018 ထွက်မည့်ခရီးစဉ်များ
အမေရိကားခရီးစဉ် (East+West) (၁၄)ရက် - USD 3999
အမေရိကားခရီးစဉ် (East) (၁၀)ရက် - USD 2650
အမေရိကား+ကနေဒါ (၁၃)ရက် - USD 3000
ဒီဇင်ဘာလ ခရီးစဉ်များ
သြစတေးလျခရီးစဉ် (၉)ရက် - USD 3500
မြန်မာ ခရီးစဉ် (၅)ရက် - USD 490
ဖုန်း - 01-382988, 388911, 09-250032489, 09-450043884, 09-775152580
ဖုန်း - 01-536400, 391619, 09-43067325, 09-450043884
facebook : Global Asia Myanmar Travels & Tour
website : www.globalasiamyanmar.com.mm
info@globalasiamyanmar.com.mm

Home
ပါကေးအစားထိုး ကြမ်းခင်း
Grade အလိုက် ရွေးချယ်လိုက်
16~30.9.2018
Grade A - ၃ ကျင်း ဝယ်လျှင် - Shoe rack
Grade B - ၃ ကျင်း ဝယ်လျှင် - Side Table
Grade C - ၃ ကျင်း ဝယ်လျှင် - Glass Mirror
Grade D - ၃ ကျင်း ဝယ်လျှင် - Book Shelf
Grade E - ၃ ကျင်း ဝယ်လျှင် - Wall Covering (1) လိပ်
09-950 950 950
09-79 700 70 70

Columbus
TRAVELS & TOURS
ဗဟန်းရုံးခွဲသစ် ဖွင့်ပြီ
ရုံးခွဲသစ်တွင် လေယာဉ်လက်မှတ်များ လာရောက်ဝယ်ယူပြီး ရေဘူးလှလှလေးများ ချက်ချင်းရယူလိုက်ပါ။
အမှတ်-၅၇၊ ဦးချစ်မောင်လမ်း၊(အ.ထ.က-၃ ဗဟန်းကျောင်းရှေ့)
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
၀၁-၅၄၄၃၆၁၊၀၉-၉၅၃၀၆၀၅၀၁~၀၄

Teesside University
မြန်မာနိုင်ငံတွင် ပထမဦးဆုံးဖွင့်လှစ်သည့် အင်္ဂလန်နိုင်ငံ Teesside တက္ကသိုလ်ကြီး၏
Master of Science in Engineering Management
YOU ALREADY THINK LIKE AN ENGINEER.
NOW IS THE TIME TO LEARN HOW TO LEAD.
"အင်ဂျင်နီယာ+နည်းပညာဆိုင်ရာ လုပ်ငန်းများ စီမံခန့်ခွဲမှု" ဘာသာရပ် ဆွေးနွေးဟောပြောပွဲ
22.9.2018 (Saturday) 1:00pm - 3:00pm
@ KAPLAN Myanmar University College
M.Sc in Engineering Management ကိုမြန်မာနိုင်ငံတွင် ဖွင့်လှစ်ထားသည့် KAPLAN Myanmar University College တွင် တက်ရောက်ရယူနိုင်ပြီ ဖြစ်သည်။
မြန်မာနိုင်ငံမှ မည်သည့် အင်ဂျင်နီယာ ဘွဲ့ရမဆို တက်ရောက်နိုင်ပြီး လုပ်ငန်းခွင် စီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှု ပညာရပ်တို့ကို စာတွေ့လက်တွေ့ လေ့လာရမည်ဖြစ်သည်။
သင်တန်းကာလ တစ်နှစ် တက်ရောက်ရမည်ဖြစ်ပြီး ယခုနှစ် အောက်တိုဘာလတွင် ဖွင့်လှစ်မည့် ဘွဲ့လွန်သင်တန်းအတွက် စတင်၍ လျှောက်ထားနိုင်ပြီး စကောလားရှစ် ရရှိနိုင်မည်ဖြစ်သည်။






KAPLAN MYANMAR UNIVERSITY COLLEGE
CONTACT US
▪ အေ/၆၊ ဝင်္ဂရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
▪ (ဖုန်း) ၀၉ ၇၇၇ ၆၃၆ ၀၀၀၊ ၀၉ ၇၇၇ ၆၈၆ ၀၀၀
/kmucmyanmar
info.kmuc@kaplan.com

## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန(ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်) နိုင်ငံခြားဘာသာစကားသင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)တွင် အခြေခံ(၁) (Basic I) တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ အီတာလျံ၊ ဂျပန်၊ ကိုရီးယား၊ ရုရှား၊ စပိန်၊ ထိုင်းနှင့် မြန်မာဘာသာသင်တန်းများ ဖွင့်လှစ်မည်ဖြစ်သဖြင့် online မှ လျှောက်ထားနိုင်ပါသည်။ လျှောက်ထားရာတွင် အောက်တွင်ဖော်ပြထားသော website address သို့ဝင်၍ CHRD Form တွင် လျှောက်လွှာဖြည့်သွင်းနိုင်မည်ဖြစ်ပါသည်။

Website အမည် - Yangon University of Foreign Languages
Website Link - http://www.yufl.edu.mm/chrd
(မြန်မာကျောင်းသားများအတွက် local-student button အား Click လုပ်၍ CHRD Form အား ဖြည့်စွက်ရန်နှင့် မြန်မာဘာသာသင်ကြားမည့် နိုင်ငံခြား သားကျောင်းသားများအတွက် international-student button အား Click လုပ်၍ ဖြည့်စွက်ရန်)

| | |
|---|---|
| သင်တန်းပို့ချမည့်နေရာ | - ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် |
| Online ဖြင့်လျှောက်ထားရမည့်ရက် | - ၂၀-၉-၂၀၁၈ရက် နံနက် ၉း၀၀နာရီမှ သတ်မှတ်ဦးရေပြည့်သည်အထိ) |
| ပုံစံစစ်ဆေးရန်နှင့်သင်တန်းကြေးလက်ခံမည့်ရက် | - ၂-၁၀-၂၀၁၈ရက်မှ ၄-၁၀-၂၀၁၈ရက် |
| ပုံစံစစ်ဆေးရန်နှင့်သင်တန်းကြေးလက်ခံမည့်အချိန် | - နံနက် ၁၀း၀၀နာရီမှ မွန်းလွဲ ၂း၀၀နာရီအထိ |
| ငွေလက်ခံမည့်နေရာ | - ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် |
| ✻ သင်တန်းပို့ချမည့်နေ့ရက် | - တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ |
| သင်တန်းပို့ချမည့်အချိန် | - ညနေ ၅း၂၀-၇း၀၀နာရီ |
| သင်တန်းကာလ | - (၈-၁၀-၂၀၁၈ရက်မှ ၂၈-၁၂-၂၀၁၈ရက်)(၃လ) အင်္ဂလိပ်ဘာသာ |
| | - (၈-၁၀-၂၀၁၈ရက်မှ ၂၉-၃-၂၀၁၉ရက်)(၆လ) ကျန်ဘာသာများ |
| ✻ သင်တန်းပို့ချမည့်နေ့ရက် | - စနေ၊ တနင်္ဂနွေ |
| သင်တန်းပို့ချမည့်အချိန် | - နံနက် ၉း၀၀-၁၂း၀၀နာရီ |
| သင်တန်းကာလ | - (၁၃-၁၀-၂၀၁၈ရက်မှ ၃၀-၁၂-၂၀၁၈ရက်)(၃လ) အင်္ဂလိပ်ဘာသာ |
| | - (၁၃-၁၀-၂၀၁၈ရက်မှ ၃၁-၃-၂၀၁၉ရက်) (၆လ) ကျန်ဘာသာများ |

✻ မိမိကြိုက်နှစ်သက်ရာ အချိန်ပိုင်းသင်တန်းအား ရွေးချယ်လျှောက်ထားနိုင်ပါသည်။

| | |
|---|---|
| ပညာအရည်အချင်း | - တက္ကသိုလ်ဝင်စာမေးပွဲအောင် |
| တင်ပြရန်စာရွက်စာတမ်းများ | - တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မူရင်းနှင့် မိတ္တူ (သို့မဟုတ်) အမှတ်စာရင်းမူရင်းနှင့် မိတ္တူ၊ မှတ်ပုံတင်မူရင်းနှင့် မိတ္တူ (သို့မဟုတ်) ဘွဲ့လက်မှတ်မူရင်းနှင့် မိတ္တူ၊ ဓာတ်ပုံ(၃)ပုံ (Online မှ ၂၀-၉-၂၀၁၈ ရက်တွင် စတင်လျှောက်ထားပြီး မိမိအမည်အား လက်ခံကြောင်း ကြေညာချက်တွင် တွေ့ရှိပြီးမှသာ ကျောင်းသို့ယူဆောင်လာရမည့် အထောက်အထားများဖြစ်ပါသည်။) |
| စုံစမ်းရန်ဌာန | - ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ ၀၁-၅၁၅၂၃၆၊ ၀၁-၅၃၅၉၈၅ |

Online မှ လျှောက်ထားတင်သွင်းရာတွင် ပြည့်စုံစွာဖြည့်စွက်ထားပြီး ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် Server သို့ အရင်ရောက်ရှိလာသော လျှောက်လွှာများကို ဦးစားပေးအစီအစဉ်အတိုင်း လက်ခံပေးမည်ဖြစ်ပါသည်။

၂၀-၉-၂၀၁၈ရက် နံနက် ၉း၀၀နာရီမှသာ ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ် Website ၏ သတ်မှတ် Address တွင် စတင်မြင်တွေ့ လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

Onlineမှ လျှောက်လွှာတင်သွင်းပြီးနောက် ပုံစံစစ်ဆေးရန်နှင့် သင်တန်းကြေးပေးသွင်းရန် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်သို့ သတ်မှတ်ရက်တွင် ကိုယ်တိုင်လာရောက်ရမည်ဖြစ်သည်။

(သင်တန်းကြေးပေးသွင်းပြီးမှသာလျှင် သင်တန်းသားအဖြစ် သတ်မှတ်မည်ဖြစ်သည်။)

အခြေခံ(၂) Basic II သင်တန်းနှင့်အထက် သင်တန်းသားများသည် ဤတက္ကသိုလ်သို့ တိုက်ရိုက်လျှောက်ထားရမည်။

သင်တန်းဝင်ခွင့်ရရှိသည့် အမည်စာရင်းအား ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် Websiteတွင် ၁-၁၀-၂၀၁၈ရက် နံနက် ၁၀း၀၀နာရီတွင် ကြေညာပေးမည်ဖြစ်ပါသည်။

နိုင်ငံတကာ အသိအမှတ်ပြု ဖွံ့ဖြိုးမှု(၅)ရပ်ကို အခြေခံသည့် မူကြိုပညာရေး

EMOTIONAL Development (EQ)

INTELLECTUAL Development (IQ)

MORAL Development

PHYSICAL Development

SOCIAL Development



nurture® preschool

We nurture tomorrow leaders!

သာကေတကျောင်းခွဲ

အောက်တိုဘာ (၁) ရက်နေ့ဖွင့်ပြီနော်

Nurture Pre-school

အမှတ် – ၃၁၊ သော်တာကြီးလမ်းနှင့် ဝံပယ်လမ်းထောင့်၊

မြို့ရွာညီအိမ်ရာ (ဓါတ်ဝင်း)၊ (၇)ရပ်ကွက်၊ သာကေတမြို့နယ်။

အသက် (၂) နှစ်မှ (၅) နှစ် ကလေးငယ်များ လစဉ် ကျောင်းအပ်လက်ခံနေပါပြီ

| စမ်းချောင်း | လှိုင် | တာမွေ | အင်းစိန် | မြောက်ဒဂုံ | သာကေတ |
|---|---|---|---|---|---|
| 09262963774 | 09254148005 | 01-549590 | 09259822226 | 01-8011315 | 09425888846 |
| 09262963775 | 09450694035 | 09254148006 | 09259822227 | 09259822220 | 09425888847 |

**Hi Liquid Soap**

ဆပ်ပြာကုန်ကြမ်း Chemical/ပလတ်စတစ်ဘူးခွံများကို ဝယ်ယူလိုပါသည်။ (၃၀. ၉. ၂၀၁၈) နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

09 775122233,09 31799999

ရှင်ပြုံးသူဇာ အကျိုးဆောင် (မြောက်ဒဂုံရုံးခွဲ)

| | | | |
|---|---|---|---|
| ၃၄ရပ်ကွက် | 40 × 60 | 1PT | 1400 သိန်း |
| ၃၂ရပ်ကွက် | 40 × 60 | မြေ | 1400 သိန်း |
| ၃၆ရပ်ကွက် | 40 × 60 | 2BN | 1250 သိန်း |
| ၃၉ရပ်ကွက် | 40 × 60 | 1RC | 1000 သိန်း |
| ၄၃ရပ်ကွက် | 40 × 60 | မြေ | 800 သိန်း |
| ၃၆ရပ်ကွက် | 20 × 60 | 1PT | 400 သိန်း |

မြောက်ဒဂုံနှင့် ပတ်သက်၍ ရောင်းဝယ်ငှားရမ်းလိုပါက ကျွန်တော်တို့ ဖုန်းဆက်ပါ။

ကိုဇေယျာ 09-43123123,09-443123123

ဒဂုံမြို့သစ်

အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း မြေကွက်များကို ဈေးကောင်းပေးဝယ်သည်။

Ph:09 404663906
09-424027674

မြေကွက်များဝယ်လိုသည်။

ဒဂုံဆိပ်ကမ်း၊ ဒဂုံတောင်၊ ဒဂုံမြောက်၊ ဒဂုံအရှေ့ မြို့နယ်များရှိ မြေကွက်များ ဝယ်လိုပါသည်။ ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။

09 400 9400 41
09 400 9400 42


YATHAR CHO INDUSTRY LTD မှ

Yum Yum စားသုံးသူများသို့ မေတ္တာရပ်ခံပန်ကြားခြင်း

ယံယံ ၏ NISSAN SUNNY ကားသစ် (၈)စီး ကံစမ်းမဲအစီအစဉ်တွင် ကံထူးခဲ့ပြီး ကံစမ်းမဲ စည်းမျဉ်းစည်းကမ်းများအရ ဆုမဲထုတ်ယူရမည့် နောက်ဆုံးရက်အထိ အိတ်ခွံတင်ပြပြီး ဆုမဲလာရောက်ထုတ်ယူနိုင်ခြင်း မရှိခဲ့သည့် ကူပွန်နံပါတ်များ ရှိခဲ့ပါသည် ။

ထိုကူပွန်နံပါတ်များကို လက်ဝယ်ရှိခဲ့ပြီး ပါဝင်ကံစမ်းသူအချို့အနေဖြင့် ကံစမ်းမဲ စည်းမျဉ်းစည်းကမ်းများအရ ကံထူးရှင်အဖြစ်မှလွဲချော်ခဲ့ရသည်ကို ရသာချိုစက်မှုလုပ်ငန်းလီမိတက်မှ များစွာစိတ်မကောင်းဖြစ်မိပြီး တောင်းပန်အပ်ပါသည် ။

ကံစမ်းမဲအစီအစဉ်တွင် ကျန်ရှိနေသော ကား (၁)စီး ကို စားသုံးသူများလက်ထဲမရောက်ရောက်အောင် ထပ်မံကံစမ်းရွေးချယ်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် အစီအစဉ် နှင့် နေ့ရက်တို့အား Yum Yum Myanmar Facebook စာမျက်နှာတွင် အမြန်ဆုံး ကြော်ငြာပေးသွားမည်ဖြစ်၍ NISSAN SUNNY ကားသစ် (၈)စီး ကံစမ်းမဲ အစီအစဉ်ပါဝင်သည့် အိတ်ခွံများကို ဆက်လက်သိမ်းထားပေးပါရန် လေးစားစွာအသိပေးအပ်ပါသည် ။

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ၊ နိုင်ငံခြားသွားလိုသူများနှင့် အလုပ်ကောင်းရလိုသူများအတွက်

**ဆရာအာသာ SUCCESS Language Academy**

**လှည်းတန်းကျောင်းခွဲ**

ဦးထွန်းလင်းခြံလမ်း အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 09 443001453, 01-503472, 09 30775232

**(မြို့လယ်ကျောင်း)** 392048, 202046, 256954
အမှတ်(၁၁၉)၊ Y.W.C.A၊ ဘိုကလေးဈေးလမ်း

**BASIC ENGLISH SPEAKING**
9 - 12:00 (Sat + Sun) 22 Sep
6 - 7:30 (Mon - Thurs) 25 Sep
7:30 - 9 (Mon - Thurs) 2 Oct
1 - 4:00 (Sat + Sun) 6 Oct

**BASIC FOUR SKILLS ENGLISH**
7:30 - 9 (Mon - Thurs) 17 Sep
3:30 - 5 (Mon - Thurs) 24 Sep
6 - 7:30 (Mon - Thurs) 2 Oct
1 - 4:00 (Sat + Sun) 6 Oct

**BASIC GRAMMAR**
1 - 4:00 (Sat + Sun) 7 Oct
10-11:30 (Mon - Thurs) 8 Oct

**PRE-INTERMEDIATE (4-SKILL ENGLISH)**
10-11:30 (Mon-Thurs) 18 Sep
9:30-12:30 (Sat +Sun) 6 Oct
3:30 - 5 (Mon-Thurs) 8 Oct

**INTERMEDIATE (ACADEMIC ENGLISH)**
10 - 1:00 (Sat + Sun) 15 Sep
1 - 4:00 (Sat + Sun) 30 Sep

**VOCAB ENRICHMENT**
9 - 12:00 (Sat + Sun) 16 Sep
10-11:30 (Mon-Thurs) 2 Oct

**BASIC WRITING**
3:30 - 5 (Mon-Thurs) 24 Sep
9 - 12:00 (Sat + Sun) 27 Oct

**BASIC ENGLISH SPEAKING**
6 - 7:30 (Mon-Thurs) 17 Sep
10-11:30 (Mon-Thurs) 24 Sep
10-11:30 (Mon-Thurs) 1 Oct

**IELTS (Preparation)**
1 - 3:30 (Mon-Thurs) 8 Oct

**IELTS (Reading+Vocab)**
1 - 3:00 (Mon-Thurs) 24 Sep

**IELTS (Speaking+Vocab)**
10-11:30 (Mon-Thurs) 15 Oct

**IELTS (Writing+Grammar)**
7:30-9:30 (Mon-Thurs) 17 Sep

**BASIC FOUR SKILLS ENGLISH**
3:30 - 5 (Mon-Thurs) 24 Sep
6 - 7:30 (Mon-Thurs) 24 Sep
10-11:30 (Mon-Thurs) 8 Oct

**BASIC GRAMMAR**
7:30-10:30 (Sat+Sun) 22 Sep

**PRE-INTERMEDIATE (4-SKILL ENGLISH)**
3:30 - 5 (Mon-Thurs) 17 Sep
7:30-10:30 (Sat + Sun) 22 Sep
6 - 7:30 (Mon-Thurs) 1 Oct

**INTERMEDIATE (ACADEMIC ENGLISH)**
12 - 3:00 (Sat + Sun) 22 Sep



Hmwe Taunggyi Business Group Travel & Tours Co.,Ltd မှစီစဉ်သည့်

**သာကီနွယ်** ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေး **Hot Line 01-200952**

တန်ဆောင်မုန်းလပြည့်အထူး(၁၅)ရက်ခရီးစဉ်ကြီး - ၁၂ သိန်းကျပ် စရိတ်ငြိမ်း

သံဃာတော်၊ သီလရှင်(၅၀၀၀၀)လျှော့၊ (၁၀ဦး+၁ဦးအခမဲ့ - ၅ဦး+၁ဦး ၁၀%)

ပုံမှန်ခရီးစဉ်များ - (၈)ရက် (လေယာဉ်၊ နီပေါ) - ၁၀.၅သိန်း
(၁၂)ရက် (လေယာဉ်၊ သက်ဿနဂိုရ်၊ နီပေါ) - ၁၁.၅သိန်း
(၁၅)ရက် (လေယာဉ်၊ သက်ဿနဂိုရ်၊ နီပေါ၊ ဝေါ်မြစ်၊ တပ်ချိတောင၊ နယုဒေလီ) - ၁၂.၅သိန်း

ထွက်ခွာမည့်ရက်များ
(၈)ရက် -Nov- 16,22/ Dec -22
Jan-19, Feb -22, Mar-22
(၁၅)ရက်-Oct-15,26/ Nov - 16,23
Dec - 1,7,21/ Jan - 5,19
Feb - 1,9,16,22/ Mar - 2,9,16,22

ငွေကျပ်အသက်သာဆုံးခရီးစဉ်အစအဆုံးဝန်ဆောင်မှုအပြည့် (၂၀၁၈/၁၉) မည်သည့်ခရီးစဉ်မဆိုလိုက်ပါ ပါက စက်တင်ဘာလကုန်ထိစာရင်းပေးသွင်းရန်

ရန်ကုန်ရုံးချုပ် - အခန်းနံပါတ်(2Y)၊ ၂ လွှာ၊ ၁၂၃ လမ်းအပေါ်ထိပ်၊ Shine Tower (Golden View Condo)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖုန်း - ၀၉- ၇၇၈၈၂၂၂၆၀
မန္တလေးရုံးဖုန်း - ၀၉ - ၇၇၈၈၂၂၂၅၀ / တောင်ကြီးရုံးဖုန်း - ၀၉ - ၇၇၈၈၂၂၂၄၀






အခြေခံပညာ မူလတန်းအဆင့် ကျောင်းသားကျောင်းသူများအတွက် စာစီစာကုံး ပုဒ်ရေ ၁၀၀ ပါဝင်သည်။

# ဦးရဲဝေ (မြန်မာစာ)

## ပညာ့ကြယ်ပွင့်စာစီစာကုံးများ

(အခြေခံပညာမူလတန်းအဆင့် စာစီစာကုံးများ)

စာစီစာကုံး ပုဒ်ရေတိုင်းတွင် နိုင်ငံကျော် ကာတွန်းပညာရှင်များ သရုပ်ဖော်ရေးဆွဲထားသည့် ရုပ်ပုံများဖြင့် ဝေဝေဆာဆာ ဖော်ပြထားပါသည်။

စံပယ်ပွင့်စာပေ



STI MYANMAR UNIVERSITY

ပိုမိုကောင်းမွန်သော အနာဂတ်အတွက် ယနေ့ပင် စတင်လိုက်ပါ

**FACULTY OF BUSINESS**

**BA (Hons)**
Business Administration

**BA (Hons)**
Accounting



University of Bedfordshire, UK မှ တိုက်ရိုက်ချီးမြှင့်သည့် ဘွဲ့သင်တန်းများဖြစ်ပါသည်။
STI Myanmar University ရွှေဘုံသာ Campus တွင်လည်း Certificate, Diploma နှင့် အဆင့်မြင့် Diploma သင်တန်းများ ဖွင့်လှစ်ထားရှိပါသည်။ အသေးစိတ်သိရှိနိုင်ရန် 09 955 1234 46~49 သို့မဟုတ် admission@stiedu.net သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

ထူးချွန်ကျောင်းသားများအတွက် ပညာသင်ဆု ရရှိမည့် အခွင့်အရေး

WORLD CLASS DEGREE IN PARTNERSHIP WITH University of Bedfordshire

- အဆောင်(၁၀)၊ MICT Park၊ လှိုင်တက္ကသိုလ်များနယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၉၅၅ ၁၂၃၄ ၄၆ ~ ၄၉
- အမှတ် ၃၇၇၊ ၃၈၇/၃၉၇၊ အထက်ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၄၂၀ ၁၈၃၁ ၅၅၊ ၀၉ ၄၂၀ ၁၃၁၇ ၃၀
- ဘီ - ၁၅/၁၆၊ ၆၆လမ်းနှင့် သဇင်လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၇၈၃ ၈၀၀၀ ၆၂ ~ ၆၄



## ဓါတ်အားလိုင်း တည်ဆောက်ရေး တိုင်ဆင်လုပ်ငန်း အတွက် ဈေးနှုန်းလျှောက်လွှာခေါ်ယူခြင်း

မဟာဓါတ်အားလိုင်း တည်ဆောက်ရေး လုပ်ငန်းများအတွက် တိုင်ဆင်လုပ်ငန်းကို လုပ်ကိုင်ရန်၊ စိတ်ပါဝင်စားသော ကန်ထရိုက်တာများ အနေဖြင့် အောက်ပါ ဖုန်းနံပါတ်များကို တိုက်ရိုက်ဆက်သွယ် မေးမြန်း နိုင်ပါသည်။
၀၉- ၇၈၇၀၇၃၂၃၉ , ၀၉- ၇၉၅၁၅၂၁၀၂



**ဝန်ထမ်းအလိုရှိသည်။** (အိမ်သာခင်းမြို့နယ်ရှိရုံးတွင် တာဝန်ထမ်းဆောင်ရန်)

၁။ Accountant LCCI Level (III) ပြီးသူ၊ — မ (၄)ဦး
Computer အသုံးပြုတတ်သူ/ လုပ်သက် (၂) နှစ်ရှိသူ၊ Store တိုင်နိုင်ရမည်။
လိုအပ်ပါက နယ် နှင့် Promotion ပွဲများသို့လိုက်နိုင်သူ
၂။ Sale&Marketing လုပ်သက်အတွေ့အကြုံရှိသူ၊ နယ်သို့သွားလာနိုင်သူ — ကျား/ မ (၃)ဦး
၃။ Office Staff — ကျား/ မ (၂)ဦး
Computer အသုံးပြုတတ်သူ၊ အစိုးရရုံးများသို့ ဝင်ထွက်သွားလာနိုင်သူ
၄။ အရောင်းဝန်ထမ်း — ကျား/ မ (၁၀)ဦး
ကွန်မြူတာအခြေခံရှိသူ Shopping Centre များ၏ ဖွင့်/ပိတ် ချိန်အတိုင်း လုပ်ကိုင်နိုင်သူ

Kaday Myaing Co., Ltd တိုက်(၃၀)၊ အခန်း(၅)၊ စံပယ်လမ်း၊ ယုဇနပလာဇာအသေး အောင်မင်္ဂလာမှတ်တိုင်အနီး ဖုန်း - ၀၁ ၂၀၃၆၇၁၊ ၀၁- ၂၀၅၇၅၆ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။



FAME **Chitobit®**
Natural lipid inhibitor
သဘာဝအဆီကျဆေး
TMR 008204 (1115)
၂/ ၂၀၁၅ တဆဆလ (တိုး) ဝ၆၅၇
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified
Ph: 09-965559860



FAME **GreenTea**
EGCG 150 mg
လက်ဖက်စိမ်းဆေး
TMR 012032 (0516)
၂/ ၂၀၁၅ တဆဆလ (တိုး) ဝ၆၅၇
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified
Ph: 09-73142216

လွမ်းဆွတ်သတိရအမှတ်ပေးဝေခြင်း

ဦးသန်း B.A(E.Litt)၊ ၃-ညွန်မှူး(ငြိမ်း)၊အိုးအိမ်ဦးစီးဌာန
(၁၇-၉-၂၀၀၇)-(၁၇-၉-၂၀၁၈)(၁၁)နှစ်ပြည့်
ဒေါက်တာဒေါ်ခင်သောင်းတင်
(၂၂-၉-၁၉၆၃)-(၂၂-၉-၂၀၁၈)(၅၅)နှစ်ပြည့်

ကျေးဇူးကြီးမား မိဘနှစ်ပါးအား နှလုံးဝယ်ထမ်း၍အသိသတိဖြင့် ရည်စူးပြုသမျှ ဒါနသီလကုသိုလ်တို့ကို အမျှပေးဝေပါသည်။ မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

မမေ့နိုင်တဲ့ချစ်သော သားသမီး မြေးမြစ်တစ်စု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်အေးရီ (၈၇)နှစ်
ကထိက(ငြိမ်း)၊ဘောဂဗေဒဌာန
စီးပွားရေးတက္ကသိုလ်

မြန်မာနိုင်ငံဘောဂဗေဒအသင်း၏ဂုဏ်ထူးဆောင်နာယက ဆရာမကြီးဒေါ်အေးရီသည် (၁၀. ၉. ၂၀၁၈)နေ့တွင် ကွယ်လွန်သွားပါသဖြင့်မိသားစုနှင့်ထပ်တူ ဝမ်းနည်း ကြေကွဲရပါသည်။

မြန်မာနိုင်ငံဘောဂဗေဒအသင်း ( MEA )

ဂယာရွှေပြည် ဒေါ်ဝင်းဝင်း ဦးစီးသော ဗုဒ္ဓဂယာ-သီရိလင်္ကာဘုရားဖူးအဖွဲ့

(၈)ရက်၊ (၁၂)ရက်၊ (၁၅) ရက်ခရီးစဉ်များကို အပတ်စဉ် (တနင်္လာ၊သောကြာ၊ စနေ)နေ့တိုင်း အောက်တိုဘာလမှဧပြီလအထိပို့ဆောင်ပေးနေပါပြီ။
လိုက်ပါလိုသည့်ခရီးစဉ်များကို (၂)လကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။
မိသားစုနှင့်အဖွဲ့အစည်းများကို(ပုံမှန်/ဟိုတယ်/ဂယာ)သီးသန့်ခရီးစဉ်များ အဖြစ် စီစဉ်ပေးပါသည်။ (၁၆)ဦး (၁)ဦးအခမဲ့

အမှတ်(၂၀)၊၁၀-လမ်း(လယ်)၊လမ်းမတော်မြို့နယ်။
ဖုန်း ၀၁-၂၂၁၅၈၆၊၀၉-၇၈၃၇၇၇၁၇၀၊ ၀၉-၄၂၃၉၄၃၉၅၄






ဂုဏ်ထူးဦးအောင်ခိုင်
2019
ENGLISH QUESTION 5 SETS
၂၀၁၉ တက္ကသိုလ်ဝင် အင်္ဂလိပ်စာ
မေးခွန်းတည်ဆောက်ပုံ အတိအကျ
အမှတ်ပေးစည်းမျဉ်း အသေးစိတ်
နမူနာမေးခွန်းနဲ့ အဖြေအပြည့်အစုံ
ထွက်ပြီ
၂၇၂ ပန်းဆိုးတန်းလမ်း၊ရန်ကုန်။ ၀၁ ၂၅၂၉၁၉ ၊ ၀၉ ၉၆၄၂၅၂၉၁၉






OHLONE COLLEGE

Meet: Kristi Radke, International Programs Manager of Ohlone college, FREMONT, CA, near SANFRANCISCO, at our new office

on 19 September 2018
from 10 am to 1 pm.

Scholarships are available!!

Golden Silver Star Co., Ltd.

Venue : Office at Room 201, Green Inya Condo, 19 A, Sein Lae May Avenue St, Kabaraye Pagoda Road, Just Beside Mercure HOTEL
Phone : 95-9-443060024, 95-9-254064376
Email : Att: Peter wai (peterwai219@gmail.com)

ညောင်ဦးမြို့
မြေကွက်ရောင်းမည်
မြို့တွင်း၊ မိန်းလမ်းမပေါ် မေးတင် (၀. ၁၅၆)ဧက MOTEL၊ စားသောက်ဆိုင်ဖွင့်ရန်နေရာကောင်း MODEL မြင့်ကားဖြင့် အလိုက်ပေးလဲနိုင်သည်။
ဖုန်း-၀၉-၉၅၁၁၈၈၈၁၁

Hi Liquid Soap
နေပြည်တော်အပါအဝင် တိုင်းနှင့်ပြည်နယ် ၁၅ခုစလုံးကို Hi ဆပ်ပြာရည်မှ ကိုယ်စားလှယ်ခေါ်ယူလိုပါသည်။
09 787878558, 09 787878668

စော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ
အဆင့်မြင့် စတီးဘလိတ်စားသွားဆူးကြိုးများကိုဈေးနှုန်းချိုသာစွာဖြင့် ရောင်းချတပ်ဆင်ပေးနေပါသည်။
အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်းမ၊
(နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ ဗဟန်းမြို့နယ်။
Ph: 01-545531, 09-73058161, 09-795008161
HOTLINE : 09-5008161






BOSS အဆင့်မြင့် ပါကေးအရောင်းခန်းမ
အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများနှင့် 100% ရေစိုခံ ဗီနိုင်းကြမ်းခင်းပြားများကို ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချပေးနေပါသည်။
အရောင်းခန်းမ(၁-)အမှတ်(၂၈၁)၊ အလယ်ရွှေဂုံတိုင်လမ်းမကြီး။ ရွှေဂုံတိုင်ဟိုတယ်ဘေး။ ဗဟန်းမြို့နယ်။
Ph: 01-8603151, 01-8603389, 09-8626261, 09-5426261, 09-73152381
အရောင်းခန်းမ(၂) - တိုက်(အေ-၂)၊ အခန်း(၀၀၄)၊ ယုဇနပလာဇာဘေး။ အောင်မင်္ဂလာမှတ်တိုင်အနီး။ ဗညားဒလလမ်း။
Ph: 09-5425251, 09-73225484
အရောင်းခန်းမ(၃) - အမှတ်(၂၄၈)၊ အရှေ့မြင်းပြိုင်ကွင်းလမ်းမကြီး။ မြန်မာ့ရေငံဆောင်ဘဏ်ဘေး။ တာမွေမြို့နယ်။
Ph: 09-5076661, 09-5076662, 09-5076663

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဒုတိယဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ နေပြည်တော်ရောက်ရှိ



**နေပြည်တော် စက်တင်ဘာ ၁၆**

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်(NPC) အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ H.E.Mr.Ding Zhongli ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေ ၅ နာရီခွဲတွင် နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြသည်။

**ကြိုဆိုနှုတ်ဆက်**

အဆိုပါ အမျိုးသားပြည်သူ့ကွန်ဂရက်(NPC) အမြဲတမ်းကော်မတီဒုတိယဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့အား ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်သိန်းနှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။**(ဝဲပုံ)**

**သတင်းစဉ်**

## ဒုတိယပိုင်းသွင်းဂိုးများဖြင့် Southern အသင်း ဂိုးပြတ်အနိုင်ရ

**ရန်ကုန် စက်တင်ဘာ ၁၆**

၂၀၁၈ ဘောလုံးရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၂၁) နောက်ဆုံးနေ့ကို ယနေ့ ညနေပိုင်းက မော်လမြိုင်ကွင်း၌ ကျင်းပသည်။

**Southern အသင်း - သုံးဂိုး**

**စစ်ကိုင်းအသင်း - ဂိုးမရှိ**

ယမန်နေ့က ကစားသည့်ပွဲတွင် တန်းဆင်းဇုန်အတွက် အပြိုင်ဖြစ်နေသည့် GFA အသင်း အနိုင်ရခဲ့သောကြောင့် စစ်ကိုင်းအသင်းသည် ယခုပွဲတွင် ရလဒ်ကောင်းရရန် ကြိုးစားခဲ့သော်လည်း ရှုံးပွဲကြုံတွေ့ခဲ့သောကြောင့် ဖိအားဝင်သွားပြီး နောက်ဆုံးပွဲအထိစောင့်ကြည့်ရတော့မည်ဖြစ်သည်။ Southern အသင်းမှာမူ ဒုတိယပိုင်းသွင်းဂိုးများဖြင့် အနိုင်ရခဲ့ပြီး အဆင့် (၆) နေရာသို့ တက်လှမ်းလာနိုင်ခဲ့သည်။

အဓိက ကစားသမားများ ပွဲပယ်ခံထားရသောကြောင့် Southern အသင်းနည်းပြချုပ် ဦးကျော်မင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲလုပ်ခဲ့ရပြီး အစားထိုးအသုံးပြုသည့် ကစားသမားများခြေစွမ်းပြကစားနိုင်ခဲ့သည်။ စစ်ကိုင်းအသင်းမှာမူ နိုင်ငံခြားသားကစားသမားသုံးဦးအပါအဝင် လူစုံအသုံးပြုခဲ့သည်။ Southern အသင်းသည် အိမ်ကွင်း၌ ပုံစံကောင်းပြသနိုင်ခဲ့ပြီး စစ်ကိုင်းအသင်းကို ဖိအားပေးကစားနိုင်ခဲ့သည်။ ဂိုးသွင်းခွင့်များ ဖန်တီးနိုင်သော်လည်း Southern အသင်း

**စာမျက်နှာ ၈ ကော်လံ ၃ သို့ ✱**

## မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့ အထူးစိန်ခေါ်ထိုးသတ်ပွဲ ကျင်းပမည်



ခနဲကို(ခ)ရွှေကို(သတ္တိ)

**ရန်ကုန် စက်တင်ဘာ ၁၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး Lethwei Nation Modern Myanmar Synergy နှင့် H & S Group တို့ ပူးပေါင်းကျင်းပသော Lethwei Nation Championship မြန်မာနှင့်ထိုင်း အထူးစိန်ခေါ်ထိုးသတ်ပွဲကို စက်တင်ဘာ ၂၃ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့(သိမ်ဖြူလက်ဝှေ့ရုံ)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် စုစုပေါင်း ပွဲစဉ် ရှစ်ပွဲပါဝင်ပြီး အဓိကပွဲစဉ်တွင် မြန်မာနှင့်ထိုင်း အထူး စိန်ခေါ်ပွဲအဖြစ် မြန်မာ့လက်ဝှေ့ကျော် ခနဲကို(ခ)ရွှေကို(သတ္တိ)နှင့် ထိုင်းနိုင်ငံသား ဖစ်(ခ)Sakom၊ ရဲသွေးနီ(တောင်ကလေး)နှင့် ခင်မိုအင်တာမန်း(ထိုင်း)၊ စောဖိုးထွန်း(သတ္တိ)နှင့် ရောဝီထရာ(ထိုင်း)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ပြီး ၄၈ ကီလိုတန်း(ဆီမီးဖိုင်နယ်)တွင် စောထွန်းမြိုင်(ရွှေမိုးထိ)နှင့် ချစ်ဆူးငယ်(ရွှေသထုံ)၊ ထက်လင်းဦး(တိုက်ဂါး)နှင့် သန့်ဇင်ဦး(ရွှေဘားလား)တို့က လည်းကောင်း၊ ၇၅ ကီလိုတန်း(ကွာတားဖိုင်နယ်)တွင် ထွန်းလင်းခန့်(စစ်ကိုင်း)နှင့် စိုးမောင်ဦး(ရတနာပုံ)၊ စောဆဝါး(ဒို့ရိုးရာ)နှင့် ထွန်းတောက်ကြယ်(မုဒုံ)၊ နော်ဥမ္မာစိုး(ဖီးနစ်)နှင့် စုလှိုင်ဦး(တောင်ဇလပ်)တို့က အသီးသီးယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ကြောင်း သိရသည်။

**ခင်မောင်ဝင်း(ကြေးမုံ)**



ထိုင်းနိုင်ငံသား ဖစ်

## (၇)ကြိမ်မြောက် အရှေ့တောင်အာရှ မြားပစ်ပြိုင်ပွဲ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်



မြန်မာ့လက်ရွေးစင် မြားပစ်ကစားသမားများ လေ့ကျင့်နေစဉ်။

**ရန်ကုန် စက်တင်ဘာ ၁၆**

အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် (၇)ကြိမ်မြောက် အရှေ့တောင်အာရှ မြားပစ်ပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို နိုဝင်ဘာ ၂ ရက်မှ ၉ ရက်အထိ ရန်ကုန်မြို့ရှိ ကျိုက္ကဆံမြားပစ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်သည် အရှေ့တောင်အာရှမြားပစ်ပြိုင်ပွဲကို (၆)ကြိမ်မြောက် အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြစ်ပြီး ယခုပြိုင်ပွဲကိုလည်း ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲနှင့် ယခုနှစ်ကုန်ပိုင်းတွင် ကျင်းပမည့် (၁၉)ကြိမ်မြောက် အာဆီယံတက္ကသိုလ်ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် လက်ခံကျင်းပခွင့်ရရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်သည် အရှေ့တောင်အာရှ

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ◯**

